http://www.dhammadownload.com

Dhamma Download မိသားစု

စက်ာပူနိုင်ငံ

အဘိဓမ္မာသင်တန်းသား/သူများအား

(ပထမအကြိမ်)

ဓမ္မာစရိယတက္ကသိုလ် နာယကချုပ်ဆရာတော်

# ဘဒ္ဒန္တသုစိတ္တာဘိဝံသ

ပို့ချသင်ကြားအပ်သော

# လူတိုင်းအတွက်

# လက်တွေ့အသုံးချ အဘိဓမ္မာ

အမှတ် (၁)

# "စာလုံးဆင့်ဖတ်နည်းလင်္ကာ"

၁။ နှစ်လုံးဆင့်မှာ၊ အထက်သာ၊ သတ်ပါ မြဲကေန်။

၂။ သဝေလည်းထိုး၊ တ–သတ်မျိုး၊ ဖတ်ရိုး စ–သတ်သံ။

၃။ သဝေလည်းထိုး၊ န–သတ်မျိုး၊ ဖတ်ရိုး င–သတ်သံ။

၄။ သဝေရေးချ၊ သတ်မြင်က၊ မှတ်ကြ ဝ–ဆွဲသံ။

၅။ ဟထိုး ဝဆွဲ၊ ရရစ် ယပင်း၊ တွေ့လျှင်းက၊ နှစ်ဝတာဝန်၊
ကျေပွန်စေရန်၊ အသံ အသတ် ယူမြဲမှတ်။

၁။ အမိပ္ပါယ်မှာ - အက္ခရာ ၂-လုံးဆင့်တွေ့လျှင် အပေါ်တွင်ရှိသော အထက် အက္ခရာကို အသတ်တင်၍ ဖတ်၊ အသံသေပြီ၊ ရှေ့အက္ခရာနှင့် တွဲ၍ ဖတ်ရမည်။

ဥပမာ။ ။ **သမန္တာ** = သမန်တာ
**စက္ကဝါဠေသု** = စက်ကဝါဠေသု
သဒ္ဓမ္မံ = သဒ်ဓမ်မံ

၂။ အမိပ္ပါယ်မှာ - သဝေထိုးနှင့်တွဲသော တ-သတ်ကို စ-သတ် အသံထွက်၍ ဖတ်ရမည်။

ဥပမာ။ ။ **မေတ္တာ** = မေတ်တာ (မစ်တာ-ဟုဖတ်)
**ခေတ္တရာ** = ခေတ်တရာ (ခစ်တရာ-ဟု ဖတ်)
**သေတ္တာ** = သေတ်တာ (သစ်တာ-ဟု ဖတ်)

မှတ်ချက်။ ။ သဝေထိုးကို ပါဠိ၌ ဧ–သရဟု ခေါ်သည်။

၃။ အမိပ္ပါယ်မှာ - သဝေထိုးနှင့်တွဲသော န-သတ်ကို င-သတ်အသံထွက်၍ ဖတ်ရမည်။

ဥပမာ ။ ။ **ပူရေန္တံ** = ပူရေန်တံ (ပူရင်တံ-ဟု ဖတ်)
**သမေန္တု** = သမေန်တု (သမင်တု-ဟု ဖတ်)
ဒသေန္တိ = ဒသ်သေန်တိ (ဒသ်သင်တိ-ဟု ဖတ်)

၄။ အမိပ္ပါယ်မှာ - သဝေထိုးရေးချကို ဝဆွဲအသံထွက်၍ ဖတ်ရမည်။

ဥပမာ။ ။ **သောတ္ထာနံ** = သောတ်ထာနံ(သွတ်ထာနံ-ဟု ဖတ်)

http://www.dhammadownload.com

**ကောဏ္ဍည** = ကောဏ်ဍည (ကွဏ်ဍင်ည-ဟု ဖတ်)
**ဟောန္တု** = ဟောန်တု (ဟွန်တု-ဟု ဖတ်)
မှတ်ချက်။ ။ သဝေထိုးရေးချက် ပါဠိ၌ ဩ–သရဟု ခေါ်သည်။

၅။ အဓိပ္ပါယ်မှာ - ဟထိုး, ဝဆွဲ, ရရစ်, ယပင့် အက္ခရာစာလုံးများနှင့်တွဲသော အက္ခရာသည် အသတ်တာဝန်ကိုလည်း ယူရသည်။ မိမိ၏ မူလအသံကို လည်း ထွက်ရသည်။

ဥပမာ။ ။

| | | | | | |
|---|---|---|---|---|---|
| **အမှ** | = | အမ်မှ | **ကဏှ** | = | ကဏ်ဏှ |
| **တုမှ** | = | တုမ်မှ | **သဏှ** | = | သဏ်ဏှ |
| **ပုဗ္ဗန္ဟ** | = | ပုဗ်ဗန်နှ | | | |

ဤပြယုဂ်တို့၌ ဟထိုးနှင့်တွဲသော မ၊ ဏ၊ န-အက္ခရာတို့သည် အသတ်တာဝန်ကိုလည်း ယူရသည်။ မိမိ၏ မူလဗျည်းအသံလည်း ထွက်ရမည်၊ အသတ်နှင့် အသံ တာဝန် ၂-မျိုးကို ယူထားသည်။

| | | | | | |
|---|---|---|---|---|---|
| **သကျ** | = | သက်ကျ | **ဝါကျ** | = | ဝါက်ကျ |
| **နိသျ** | = | နိသ်သျ(နိသ်သယ) | | | |

ဤပြယုဂ်တို့၌ ယပင့်နှင့်တွဲသော ကနှင့် သ-တို့သည် အသတ်နှင့် အသံ တာဝန် ၂-မျိုးကို ယူထားသည်။

| | | | | | |
|---|---|---|---|---|---|
| **စကြာ** | = | စက်ကြာ | **အတြာ** | = | အတ်တြာ |
| **မတြာ** | = | မတ်တြာ | | | |

ဤပြယုဂ်တို့၌ ရရစ်နှင့်တွဲသော ကနှင့် တ-အက္ခရာတို့သည် အသတ်နှင့် အသံ တာဝန် ၂-မျိုးကို ယူထားသည်။

| | | | | | |
|---|---|---|---|---|---|
| ကတွာ | = | ကတ်တဝါ | ဒတွာ | = | ဒတ်တဝါ |
| ပတွာ | = | ပတ်တဝါ | ဝတွာ | = | ဝတ်တဝါ |

ဤပြယုဂ်တို့၌ ဝ-ဆွဲနှင့်တွဲသော တ-အက္ခရာတို့သည် အသတ်နှင့် အသံ ၂-မျိုးကို ယူထားသည်။
မှတ်ချက်။ ။ ဟထိုးသည် ဟ၊ ယပင့်သည် ယ၊ ရရစ်သည် ရကောက်၊ ဝ–ဆွဲသည် ဝ–အက္ခရာ၏ ကိုယ်စားလှယ်ဟု အသီးသီးမှတ်။

====================

http://www.dhammadownload.com

# နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## “ပဏာမ = ဝန္ဒနာ” ရတနာသုံးပါးရှိခိုးခြင်း

✔ အဘိဓမ္မာဒေသနာကို ထုတ်ဖော်ဟောကြား မြတ်စွာဘုရားကို၎င်း၊

✔ မဂ် ၄-တန်, ဖိုလ် ၄-တန်, နိဗ္ဗာန်, ပရိယတ်ဟူသော ဆယ်တန် ထင်ပေါ် တရား တော်ကို၎င်း၊

✔ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန် ရှစ်တန်သတ်မှတ် ပရမတ္ထအရိယာ မြတ်သံဃာ နှင့် သမ္မုတိနွယ်ဝင် ထေရ်အရှင်မြတ်တို့ကို၎င်း အန္တရာယ် ကင်း ပျောက် ကျမ်းပြီးမြောက်ရန် လွန်စွာကြည်နူး အထူးရှိခိုးပါ၏။

မြတ်စွာဘုရား ဟောကြာပညတ်တရားတော်မြတ်သည် အကျဉ်းအားဖြင့် ဓမ္မ, ဝိနယဟူ၍ နှစ်မျိုးသာတည်း။

ထိုတွင် - ရဟန်းတော်များအတွက် ပညတ်ခဲ့သည့် ဝိနည်းပိဋကမှာ “ဝိနယ”ဖြစ်ပြီး၊ သုတ်, အဘိဓမ္မာ တရားအားလုံးကား “ဓမ္မ”ဖြစ်သည်။

## “ဓမ္မနှင့် အဘိဓမ္မ”

၁။ ဓမ္မ = သာမန်တရား။

၂။ အဘိဓမ္မ = သာလွန်ထူးကဲသော တရား။

✔ သတ္တဝါများနှင့် သင့်လျော်ရုံ လိုအပ်သလောက်သာ သာမန်ဟော ကြားအပ်သော သုတ္တန်ပိဋကတရားတော်များကို “ဓမ္မ”ဟု ခေါ်သည်။

✔ ပုဂ္ဂိုလ်အကြိုက် အလိုမလိုက်ဘဲ (ပုဂ္ဂလာဓိဋ္ဌာန် မဘက်) ဓမ္မာဓိ ဋ္ဌာန်နည်းဖြင့် ပြည့်ပြည့်စုံစုံ (သုတ္တန်တရားထက်) သာလွန်ထူးကဲစွာ ဟောကြားအပ် သော တရားတော်များကို “<u>အဘိဓမ္မာ</u>”ဟု ခေါ်သည်။

( ၂ )

## "ပရမတ္ထတရား ၄–ပါး"

အလွန်နက်နဲသိမ်မွေ့လှသော အဘိဓမ္မာဒေသနာတော်၏ အနက်တို့သည် မဖောက် မပြန် မှန်ကန်တည့်မတ်, မြတ်သော ပရမတ္ထအားဖြင့်

၁။ စိတ် ၂။ စေတသိက်

၃။ ရုပ် ၄။ နိဗ္ဗာန်ဟူ၍ လေးပါးရှိ၏။

## "ပရမတ္ထတရားလေးပါး၏ သဘောလက္ခဏာ"

**စိတ်** ။ ။ အာရုံကို သိတတ်သော သဘောတရား

[အဆင်း(ရူပါရုံ)ကို သိခြင်း၊ အသံ (သဒ္ဒါရုံ)ကို သိခြင်း၊ အနံ့ (ဂန္ဓာရုံ)ကို သိခြင်း၊ အရသာ (ရသာရုံ)ကို သိခြင်း၊ အတွေ့အထိ (ဖောဋ္ဌဗ္ဗာရုံ)ကို သိခြင်း၊ သဘာဝဓမ္မရုပ်နာမ်မျိုးစုံ (ဓမ္မာရုံ)ကို သိခြင်းသဘောသည် စိတ်၏ သဘော ဖြစ်သည်။]

➢ **အာရမ္မဏံ စိန္တေတီတိ စိတ္တံ။**

**စေတသိက်** ။ ။ စိတ်၌မှီတွယ်၍ စိတ်ကို ခြယ်လှယ်တတ်သော စိတ်နှင့် အမြဲ ယှဉ်စပ်နေသော သဘောတရား။

**ရုပ်** ။ ။ ပူခြင်း, အေးခြင်းစသော ဆန့်ကျင်ဘက်အကြောင်းများကြောင့် (ရှေ့ရုပ်အစဉ်နှင့် နောက်ရုပ်အစဉ်မတူအောင်) ဖောက်ပြန်တတ်သော သဘောတရား။(ဖောက်ပြန်သော သဘောမှ မပြောင်းလဲခြင်းသည်ပင် ရုပ်ပရမတ်။)

**နိဗ္ဗာန်** ။ ။ ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာ ဖြစ်သော သဘောတရား။

ပရမတ္ထ ။ ။ မိမိတို့၏ ပင်ကိုယ်ပကတိသဘောမှ မဖောက်မပြန် မှန်ကန်တည့် မတ် မြတ်သော အနက်သဘော။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့သည် သီးခြားသဘာဝရှိသော တရားများ ဖြစ်ကြသည်။ အာရုံကို သိခြင်းစသော မိမိတို့၏ ကိုယ်ပိုင်သဘောလက္ခဏာမှ ဖောက်ပြန်ပြောင်းလဲမှု မရှိကြ။

http://www.dhammadownload.com



**ဥပမာ** ။ ။ လောဘသည် လိုချင်တပ်မက်ခြင်း သဘောလက္ခဏာရှိ၏။ ထိုလောဘသည် လူ, နတ်, ဗြဟ္မာအမျိုးမျိုး၌ ဖြစ်သော်လည်း လိုချင်တပ်မက်ခြင်း သဘောမှ မဖောက်မပြန်ကြ။ တိရစ္ဆာန်လောဘနှင့် လူ, နတ်, ဗြဟ္မာတို့၏ လောဘသည် လိုချင်တပ်မက်မှုသဘောချင်းတူမျှ၏။ ထိုသို့ မဖောက်မပြန် မှန်ကန်တည့်မတ်သည်ကိုပင် "ပရမတ္ထ = မြတ်သောတရား" ဟု ခေါ်ဆိုရလေသည်။

ဆောင်။ ။ မဖောက်မပြန်၊ မှန်ကန်တည့်မတ်၊ ဂုဏ်သကတ်၊ အမြတ်(ပရမတ်)
ဟူ၍ခေါ်။

(တစ်နည်း) လူ, နတ်, ဗြဟ္မာ သတ္တဝါအထွေထွေ မြေ,ရေ,တောတောင်-စသည်ဖြင့် အထည်ဝတ္ထုပညတ်စုတွေ မည်မျှပင် များသော် လည်း လိုရင်းအချုပ် အသားတင် စစ်ထုတ်လိုက်လျှင် စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်မှ တပါး တမျိုးတခြား ရှာမရပေ။ ထို့ကြောင့် ဤလေးပါးကိုသာ **"ပရမတ္ထ"** ဟူ၍ ခေါ်ဆိုရသည်။

ဆောင်။ ။ အထည်ဝတ္ထု၊ ပညတ်စုတွေ၊ များပလေလည်း၊ အခြေအမြစ်၊
စိစစ်ထုတ်က၊ အချုပ်ပဓာန၊ တနည်းပြ၊ ပရမ—ဟုခေါ်။

## "အဘိဓမ္မတ္ထနှင့် ပရမတ္ထ အရ တူ/မတူ"

**အဘိဓမ္မတ္ထ-အရ** ။ ။ စိတ်နှင့် စေတသိက်, ရုပ်, နိဗ္ဗာန်, ပညတ်။ (၅-ပါး)
**ပရမတ္ထ-အရ** ။ ။ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်။ (၄-ပါး)

## "နိစ္စပရမတ်နှင့် အနိစ္စပရမတ်"

✔ နိဗ္ဗာန်သည် ဥပါဒ်, ဌီ, ဘင်-ဟူသော ခဏတ္တယနှင့် မယှဉ်သောကြောင့် နိစ္စပရမတ် (အမြဲပရမတ်)ဖြစ်သည်။

✔ စိတ်, စေတသိက်, ရုပ်တို့သည် ခဏတ္တယနှင့် ယှဉ်သောကြောင့် အနိစ္စပရမတ် (မမြဲပရမတ်)ဖြစ်သည်။

http://www.dhammadownload.com



## “ရုပ်နှင့်နာမ် ခွဲခြားချက်”

ပရမတ္ထတရားလေးပါးတွင် -

၁။ စိတ်, စေတသိက်, နိဗ္ဗာန်တို့သည် နာမ်တရား။

၂။ ရုပ် ၂၈-ပါးသည် ရုပ်တရား။

✔ စိတ်, စေတသိက်တို့သည် အာရုံသို့ ညွတ်တတ်၍ အာရုံကို ယူတတ်သောကြောင့် **“နာမ်”**မည်၏။

✔ နိဗ္ဗာန်သည် အာရုံပြုတတ်သော တရားတို့ကို မိမိသို့ ညွတ်စေတတ်သောကြောင့် **“နာမ်”**မည်၏။

✔ ရုပ် ၂၈-ပါးသည် ဖောက်ပြန်ပြောင်းလဲတတ်သောကြောင့် **“ရုပ်”** မည်၏။

| “စိတ်အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၀-ပါး ဇယား” | | | | | |
|---|---|---|---|---|---|
| အသောဘနစိတ် ၃၀ | | သောဘနစိတ် ၅၉/၉၁ | | | |
| အကုသိုလ်၁၂ | အဟိတ် ၁၈ | ကာမသောဘန၂၄ | ရူပ ၁၅ | အရူပ ၁၂ | လောကုတ် ၈/၄၀ |
| လောဘမူ ၈ | အကုဝိပါက် ၇ | မဟာကုသိုလ် ၈ | ရူပကု ၅ | အရူပကု ၄ | မဂ်စိတ် ၄/၂၀ |
| ဒေါသမူ ၂ | အဟိတ်အကုသလဝိပါက်၈ | မဟာဝိပါက် ၈ | ရူပဝိ ၅ | အရူဝိ ၄ | ဖိုလ်စိတ် ၄/၂၀ |
| မောဟမူ ၂ | အဟိတ်ကြိ ၃ | မဟာကြိယာ ၈ | ကြိယာ ၅ | ကြိယာ ၄ | |
| ကာမစိတ် ၅၄ | | | မဟာဂ္ဂုတ်စိတ် ၂၇ | | |

http://www.dhammadownload.com



# ၁။ စိတ်ပိုင်း

**စိတ်အကျဉ်း ၈၉–ပါး / အကျယ် ၁၂၁–ပါး။**

| | | |
|---|---|---|
| ၁။ | ကာမာဝစရစိတ် | ၅၄-ပါး |
| ၂။ | ရူပါဝစရစိတ် | ၁၅-ပါး |
| ၃။ | အရူပါဝစရစိတ် | ၁၂-ပါး |
| ၄။ | လောကုတ္တရာစိတ် | ၈-ပါး |
| | ပေါင်း | ၈၉-ပါး |

(တစ်နည်း) လောကုတ္တရာစိတ်အကျယ် ၄၀-ယူလျှင် စိတ် ၁၂၁-ပါးဖြစ်သည်။

**"အဓိပ္ပါယ်"**

**ကာမာဝစရစိတ်** ။ ။ ကာမဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ် (ဝါ) ကာမတဏှာ၏ အာရုံဖြစ်၍ ကာမဘုံ၌ သက်ဝင်၍ဖြစ်တတ်သောစိတ် (ဝါ) ကာမ (၁၁)ဘုံရှိသတ္တဝါတို့၏ သန္တာန်၌ အဖြစ်များသော စိတ်။

**ရူပါဝစရစိတ်** ။ ။ ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ် (ဝါ) ရူပတဏှာ၏ အာရုံဖြစ်၍ ရူပဘုံ၌ သက်ဝင်၍ဖြစ်တတ်သော စိတ် (ဝါ) ရူပ (၁၅)ဘုံရှိသတ္တဝါတို့၏ သန္တာန်၌ အဖြစ်များသောစိတ်။

**အရူပါဝစရစိတ်** ။ ။ အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်, ဖြစ်တတ်သောစိတ် (ဝါ) အရူပတဏှာ၏ အာရုံဖြစ်၍ အရူပဘုံ၌ သက်ဝင်ဖြစ်တတ်သောစိတ် (ဝါ) အရူပ (၄)ဘုံရှိသတ္တဝါတို့၏သန္တာန်၌ အဖြစ်များသော စိတ်။

**လောကုတ္တရာစိတ်** ။ ။ ဥပါဒါနက္ခန္ဓာဟု ဆိုအပ်သော သံသရာလောကမှ လွန်မြောက်ဆဲဖြစ်သော မဂ်စိတ်နှင့်လွန်မြောက်ပြီးဖြစ်သော ဖိုလ်စိတ်။

http://www.dhammadownload.com



## ကာမစိတ် ၅၄–ပါး

| | | |
|---|---|---|
| (က) | အကုသိုလ်စိတ် | ၁၂-ပါး |
| (ခ) | အဟိတ်စိတ် | ၁၈-ပါး |
| (ဂ) | ကာမာဝစရသောဘနစိတ် | ၂၄-ပါး |
| | ပေါင်း | ၅၄-ပါး |

## "အဓိပ္ပါယ်"

**အကုသိုလ်စိတ်** ။ ။အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးခြင်း သဘော ရှိသော စိတ် (ဝါ) ကုသိုလ်၏ ဆန့်ကျင်ဘက်ဖြစ်သောစိတ် (ဝါ) အပါယ်ဒုဂ္ဂတိသို့ ကျရောက်စေတတ်သောစိတ်။

**အဟိတ်စိတ်** ။ ။ ဟိတ် ၆-ပါးကင်းသော (မယှဉ်သော) စိတ်။ အကုသိုလ်, ကုသိုလ်တို့ကို ဖြစ်စေတတ်သော (အကြောင်းတရားများ ဖြစ်ကြသည့်) ဟိတ် ၆-ပါးနှင့် မယှဉ်ခြင်းဖြင့် ယှဉ်ဘက်ဟိတ်ကင်းသော စိတ်။

**ကာမာဝစရသောဘနစိတ်** ။ ။ တင့်တယ်ကောင်းမြတ်သော ကာမာဝစရစိတ်၊ သဒ္ဓါ, သတိစသော သောဘနစေတသိက်တို့နှင့် ယှဉ်၍ (အတူတကွဖြစ်၍) တင့်တယ်ကောင်းမြတ်သော ကာမာဝစရစိတ်။

## (က) အကုသိုလ်စိတ် ၁၂–ပါး

| | | |
|---|---|---|
| ၁။ | လောဘမူစိတ် | ၈-ပါး |
| ၂။ | ဒေါသမူစိတ် | ၂-ပါး |
| ၃။ | မောဟမူစိတ် | ၂-ပါး |
| | ပေါင်း | ၁၂-ပါး |

## "အဓိပ္ပါယ်"

**လောဘမူစိတ်** ။ ။ လိုချင်တပ်မက်မှု လောဘအရင်းခံသော စိတ်။

**ဒေါသမူစိတ်** ။ ။ ကြမ်းတမ်းခက်ထန်မှု ဒေါသအရင်းခံသော စိတ်။

**မောဟမူစိတ်** ။ ။ အလွန်တွေဝေမှု မောဟအရင်းခံသော စိတ်။

http://www.dhammadownload.com



## လောဘမူစိတ် ၈–ပါး ဆိုရိုးဇယား

| | | | |
|---|---|---|---|
| ၁။ | သောမနဿသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၂။ | ။ | ။ | သသင်္ခါရိကစိတ် |
| ၃။ | ။ | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၄။ | ။ | ။ | သသင်္ခါရိကစိတ် |
| ၅။ | ဥပေက္ခာသဟဂုတ် | ဒိဋ္ဌိဂတသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၆။ | ။ | ။ | သသင်္ခါရိကစိတ် |
| ၇။ | ။ | ဒိဋ္ဌိဂတဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၈။ | ။ | ။ | သသင်္ခါရိကစိတ် |

## လောဘမူစိတ် (၈)ပါး အဓိပ္ပါယ်ဇယား

| ကာမဂုဏ်အာရုံကို လိုချင် တပ်မက်ရာ၌ (ဝါ) အကုသိုလ်အမှုလွန်ကျူးရာ၌ | | | |
|---|---|---|---|
| ၁။ | ဝမ်းမြောက်ဝမ်းသာ | အပြစ်မရှိဟု ခံယူလျက် (ဝါ)မှားယွင်းသောအယူ အဆနှင့် ယှဉ်ပြီး | တိုက်တွန်းမှုမပါပဲဖြစ်သောစိတ်။ |
| ၂။ | | | တိုက်တွန်းမှုကြောင့်ဖြစ်သောစိတ်။ |
| ၃။ | ။ | အပြစ်ရှိမှန်း သိလျက် (ဝါ)မှားယွင်းသောအယူ အဆနှင့် မယှဉ်ပဲ | တိုက်တွန်းမှုမပါပဲဖြစ်သောစိတ်။ |
| ၄။ | | | တိုက်တွန်းမှုကြောင့်ဖြစ်သောစိတ်။ |
| ၅။ | ဝမ်းမြောက်ဝမ်းသာ မဖြစ်ပဲ | အပြစ်မရှိဟု ခံယူလျက် (ဝါ)မှားယွင်းသောအယူ အဆနှင့် ယှဉ်ပြီး | တိုက်တွန်းမှုမပါပဲဖြစ်သောစိတ်။ |
| ၆။ | | | တိုက်တွန်းမှုကြောင့်ဖြစ်သောစိတ်။ |
| ၇။ | ။ | အပြစ်ရှိမှန်း သိလျက် (ဝါ)မှားယွင်းသောအယူ အဆနှင့် မယှဉ်ပဲ | တိုက်တွန်းမှုမပါပဲဖြစ်သောစိတ်။ |
| ၈။ | | | တိုက်တွန်းမှုကြောင့်ဖြစ်သောစိတ်။ |

၁။ ကာမဂုဏ်အာရုံကို လိုချင်တပ်မက်ရာ၌ (ဝါ)အကုသိုလ်အမှုလွန်ကျူးရာ၌ ဝမ်းမြောက်ဝမ်းသာ (သောမနဿသဟဂုတ်)အပြစ်မရှိဟု ခံယူလျက်

(ဒိဋ္ဌိဂတသမ္ပယုတ်) တိုက်တွန်းမှုမပါပဲဖြစ်သော (အသင်္ခါရိက) လောဘမူစိတ်-စသည်ဖြင့် အဓိပ္ပါယ်ဇယားကို ဆိုရိုးပြုပါ။

## ဒေါသမူစိတ် (၂)ပါးဆိုရိုးဇယား

| | | | |
|---|---|---|---|
| ၁။ | ဒေါမနဿသဟဂုတ်<br>စိတ်ဆင်းရဲခြင်းခံစားမှုနှင့်တကွ | ပဋိဃသမ္ပယုတ်<br>အမျက်ဒေါသနှင့်ယှဉ်၍ | အသင်္ခါရိကစိတ် |
| ၂။ | ဒေါမနဿသဟဂုတ်<br>စိတ်ဆင်းရဲခြင်းခံစားမှုနှင့်တကွ | ပဋိဃသမ္ပယုတ်<br>အမျက်ဒေါသနှင့်ယှဉ်၍ | သသင်္ခါရိကစိတ် |

၁။ ပါဏာတိပါတစသော အမှုကို တိုက်တွန်းမှုမပါပဲ ထက်ထက် သန်သန် ပြုလုပ်သောအခါ ဒေါသမူပထမစိတ်ဖြစ်၏။

၂။ ပါဏာတိပါတစသော အမှုကို တိုက်တွန်းမှုကြောင့် နှုံးနှေးစွာပြုလုပ်သော အခါ ဒေါသမူဒုတိယစိတ်ဖြစ်၏။

## မောဟမူစိတ် ၂-ပါး ဆိုရိုးဇယား

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ်<br>ဝမ်းနည်းဝမ်းသာမဖြစ်ပဲ | ဝိစိကိစ္ဆာသမ္ပယုတ်စိတ်<br>ရတနာသုံးပါး, ကံ, ကံ၏အကျိုးကို ယုံမှားသံသယဖြစ်ခြင်းနှင့်ယှဉ်သောစိတ် |
| ၂။ | ။ | ဥဒ္ဓစ္စသမ္ပယုတ်စိတ်<br>ပျံ့လွင့်ခြင်း, မငြိမ်သက်မှုနှင့် ယှဉ်သောစိတ် |

## ဝေဒနာငါးပါး သဘောလက္ခဏာ

| | | |
|---|---|---|
| ၁။ | သုခဝေဒနာ | ကိုယ်၌ဖြစ်သော ချမ်းသာသည့် ခံစားခြင်းသဘော |
| ၂။ | ဒုက္ခဝေဒနာ | ကိုယ်၌ဖြစ်သော ဆင်းရဲသည့် ခံစားခြင်းသဘော |
| ၃။ | သောမနဿဝေဒနာ | စိတ်၌ဖြစ်သော ချမ်းသာသည့် ခံစားခြင်းသဘော |
| ၄။ | ဒေါမနဿဝေဒနာ | စိတ်၌ဖြစ်သော ဆင်းရဲသည့် ခံစားခြင်းသဘော |
| ၅။ | ဥပေက္ခာဝေဒနာ | ချမ်းသာသည်လည်း မဟုတ်၊ ဆင်းရဲသည်လည်းမဟုတ်၊ အလယ်အလတ်ခံစားခြင်းသဘော (ဝါ) မသိမသာမထင်မရှား အသင့်အတင့် ခံစားခြင်းသဘော။ |

### "စကားဆစ်အဓိပ္ပါယ်"

**သဟဂုတ်စိတ်။** ။(သုခ, ဒုက္ခ, သောမနဿ, ဒေါမနဿ, ဥပေက္ခာတို့တွင် တစ်မျိုးမျိုးနှင့်) အတူတကွဖြစ်သောစိတ်။

**သမ္ပယုတ်စိတ်။** ။စေတသိက်အထူးတို့နှင့် ယှဉ်သော စိတ်။[ဒိဋ္ဌိဂတသမ္ပယုတ်= (မကောင်းမှုအကုသိုလ်ကျူးလွန်ရာ၌ အပြစ်ရှိပါလျက် အပြစ်မရှိ-ဟု ယူဆသော)ဒိဋ္ဌိနှင့်ယှဉ်သော စိတ် . . စသည်။]

အသင်္ခါရိကစိတ် ။ ။(မိမိနှင့် သူတစ်ပါးတို့၏) တိုက်တွန်းနှိုးဆော်ပြုပြင်မှုကြောင့် အားတက်သရော စိတ်အား ထက်သန်စွာ မိမိသဘောဆန္ဒအလျောက်ဖြစ်သောစိတ်။

**သသင်္ခါရိကစိတ်။** ။ (မိမိသူတစ်ပါးတို့၏) တိုက်တွန်းနှိုးဆော် ပြုပြင်မှုကြောင့် (ဝါ) ပြုပြင်မှုနှင့်တကွ ဖြစ်သောစိတ်။ (အားတက်သရော မရှိဘဲမလုပ်ချင်၊ လုပ်ချင် လုပ်နေရသောစိတ်။)

**ဒိဋ္ဌိ(ဂတ)** ။ ။(အပြစ်ရှိသည်ကို အပြစ်မရှိဟု) မှားယွင်းသောအယူအဆမိစ္ဆာဒိဋ္ဌိ။

**ပဋိဃ (ဒေါသ)** ။ ။ ကြမ်းတမ်းခက်ထန်ခြင်း၊ မကျေနပ်ခြင်းသဘော။

**ဝိစိကိစ္ဆာ** ။ ။ ရတနာသုံးတန်, ကံ, ကံ-၏အကျိုး၌ ယုံမှားသံသယ ဖြစ်ခြင်းသဘော။

**ဥဒ္ဓစ္စ** ။ ။ စိတ်ပျံ့လွင့်ခြင်း၊ မငြိမ်သက်ခြင်းသဘော။

http://www.dhammadownload.com



## ဒိဋ္ဌိဖြစ်ကြောင်း ၂-ပါး

၁။ အယူဖောက်ပြန်ပျက်စီးသူကို မှီဝဲပေါင်းသင်းခြင်း။
၂။ သဿတအယူ, ဥစ္ဆေဒအယူရှိခြင်း။

## ဒေါမနဿနှင့် ပဋိဃ-အထူး

၁။ ဒေါမနဿသည် အနိဋ္ဌာရုံကို ခံစားခြင်းလက္ခဏာရှိ၏။ ဝေဒနာက္ခန္ဓာ၌ အကျုံးဝင်သော တရားဖြစ်၏။
၂။ ပဋိဃသည် ကြမ်းတမ်းသော သဘောလက္ခဏာရှိ၏။ သင်္ခါရက္ခန္ဓာ၌ အကျုံးဝင်သော တရားဖြစ်၏။

**ဒေါမနဿနှင့် ပဋိဃဖြစ်ကြောင်းမှာ** = အနိဋ္ဌာရုံအားလုံးနှင့် အာဃာတဝတ္ထု ၉-ပါးတို့ဖြစ်သည်။

## အာဃာတဝတ္ထု = ဒေါသဖြစ်ကြောင်းတရား ၉-ပါး

(က) ဤသူသည် မိမိ၏ အကျိုးစီးပွားမဲ့ကို ရှေးကလည်းပြုခဲ့ဘူးပြီ၊ ယခုလည်း ပြုဆဲ၊ နောင်လည်းပြုမည်-ဟု ရန်ငြိုးဖွဲ့မှု (၃)ပါး။
(ခ) ဤသူသည် မိမိချစ်သူ၏ အကျိုးစီးပွားမဲ့ကို ရှေးကလည်းပြုခဲ့ဘူးပြီ၊ ယခုလည်း ပြုဆဲ၊ နောင်လည်းပြုမည်-ဟု ရန်ငြိုးဖွဲ့မှု (၃)ပါး။
(ဂ) ဤသူသည် မိမိရန်သူ၏ အကျိုးစီးပွားကို ရှေးကလည်းပြုခဲ့ဘူးပြီ၊ ယခုလည်း ပြုဆဲ၊ နောင်လည်းပြုမည်-ဟု ရန်ငြိုးဖွဲ့မှု (၃)ပါး။

မှတ်ချက် ။ ။ မိုးရွာလွန်းသည်, နေပူလွန်းသည်စသည်ဖြင့် အရာမဟုတ်သည်၌ အမျက်ထွက်မှု (အဋ္ဌာနကောပ)ကိုပါ ထည့်ပေါင်းလျှင် အာဃာတဝတ္ထု ၁၀-ပါး ဖြစ်သည်။

http://www.dhammadownload.com



[ဒွါရ ၆-ပါး၌ အနိဋ္ဌာရုံနှင့် ကြုံတွေ့သည့်အခါ စိတ်ဆိုးခြင်း, စိတ်ဆင်းရဲခြင်း, ဝမ်းနည်းခြင်း, ငိုကြွေးခြင်း, စိတ်အားငယ်ခြင်း, ငြီးတွားခြင်း, ရန်ပြုခြင်း, ရန်ငြိုးဖွဲ့ခြင်း, မကောင်းကြံစည်ခြင်း, ဂလဲ့စားချေလိုခြင်း, သတ်ဖြတ်ချင်စိတ်ဖြစ်ခြင်း စသည် အားလုံးတို့သည် “ဒေါသမူစိတ်”ချည်းတို့ပင်တည်း။ ဒေါသမူစိတ်ဖြစ်တိုင်း စိတ်ပူလောင်ဆွေးမြေ့ရသောကြောင့် **“ဒေါမနဿဝေဒနာ”**ဖြစ်ပေါ်ခံစားရသည်။ **“ပဋိဃ”** ခေါ် **“ဒေါသ”**စေတသိက်နှင့်လည်း ယှဉ်၍ ဖြစ်ပေါ်ရသည်။]

**ဒုစရိုက် ၁၀-ပါးတွင် -**

(က) လောဘမူလကြောင့် လွန်ကျူးမိတတ်သော ဒုစရိုက် ၇-ပါး

| | | | |
|---|---|---|---|
| ၁။ | အဒိန္နာဒါန | ၂။ | ကာမေသုမိစ္ဆာစာရ |
| ၃။ | မုသာဝါဒ | ၄။ | ပိသုဏာဝါစာ |
| ၅။ | သမ္ဖပ္ပလာပ | ၆။ | အဘိဇ္ဈာ |
| ၇။ | မိစ္ဆာဒိဋ္ဌိ | | |

(ခ) ဒေါသမူလကြောင့် လွန်ကျူးမိတတ်သော ဒုစရိုက် ၇-ပါး

| | | | |
|---|---|---|---|
| ၁။ | ပါဏာတိပါတ | ၂။ | အဒိန္နာဒါန |
| ၃။ | မုသာဝါဒ | ၄။ | ပိသုဏာဝါစာ |
| ၅။ | ဖရုသဝါစာ | ၆။ | သမ္ဖပ္ပလာပ |
| ၇။ | ဗျာပါဒ | | |

- ➢ တေသု ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါ စ ဒေါသမူလေန ဇာယန္တိ။
- ➢ ကာမေသုမိစ္ဆာစာရော အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန။
- ➢ သေသာနိ စတ္တာရိပိ ဒွီဟိမူလေဟိ သမ္ဘဝန္တိ။ (ဝိထိမုတ်ပိုင်း၊ ၅၈၊ ၅၉၊ ၆၀။)

## (ခ) အဟိတ်စိတ် ၁၈-ပါး

| | | |
|---|---|---|
| ၁။ | အကုသလဝိပါက်စိတ် | ၇-ပါး |
| ၂။ | အဟိတ်ကုသလဝိပါက်စိတ် | ၈-ပါး |
| ၃။ | အဟိကြိယာစိတ် | ၃-ပါး |
| | ပေါင်း | ၁၈-ပါး |

http://www.dhammadownload.com



"အခ်ိဳပိုဒ္"

အကုသလဝိပါက်စိတ္ ။ ။ မေကာင္းမႈအကုသိုလ္ကံ၏ အက်ိဳးျဖစ္ေသာစိတ္။

**အဟိတ္ကုသလဝိပါက္စိတ္**။ ။ ေကာင္းမႈကုသိုလ္ကံ၏ အက်ိဳးျဖစ္ေသာ ယွဥ္ဘက္ ဟိတ္မရွိေသာ စိတ္။

**အဟိတ္ႀကိယာစိတ္** ။ ။ ျပဳကာမတ္တ ျပဳရုံမွ်သာျဖစ္၍ အက်ိဳးေပးျခင္းသေဘာ မရွိေသာ, ယွဥ္ဘက္ဟိတ္မရွိေသာ စိတ္။

[ႀကိယာစိတ္-ဟူသည္မွာ ကုသိုလ္, အကုသိုလ္စိတ္မ်ားကဲ့သို႔ ကံေျမာက္ေသာ (အက်ိဳးကို ျဖစ္ေစေသာ)စိတ္မ်ားမဟုတ္၊ အက်ိဳးဝိပါက္မ်ားလည္း မဟုတ္။ ျပဳကာမတ္တသေဘာရွိေသာ စိတ္မ်ားသာ ျဖစ္ၾကသည္။]

### အကုသလဝိပါက္စိတ္ ၇-ပါး

| | | |
|---|---|---|
| ၁။ | ဥေပကၡာသဟဂုတ္ | စကၡဳဝိညာဏ္စိတ္ = အဆင္းရူပါရုံကို ျမင္သိစိတ္ |
| ၂။ | ။ | ေသာတဝိညာဏ္စိတ္ = အသံသဒၵါရုံကို ၾကားသိစိတ္ |
| ၃။ | ။ | ဃာနဝိညာဏ္စိတ္ = အနံ႔ဂႏၶာရုံကို နံသိစိတ္ |
| ၄။ | ။ | ဇိဝွါဝိညာဏ္စိတ္ = ရသာရုံကို စားသိစိတ္ |
| ၅။ | ဒုကၡသဟဂုတ္ | ကာယဝိညာဏ္ = ေဖာ႒ဗၺာရုံကို ထိသိစိတ္ |
| ၆။ | ဥေပကၡာသဟဂုတ္ | သမၸဋိစၧိဳန္းစိတ္ = အာရုံငါးပါးကို လက္ခံေသာစိတ္ |
| ၇။ | ။ | သႏၲီရဏစိတ္ = သမၸဋိစၧိဳန္လက္ခံထားေသာ အာရုံကို စုံစမ္းေထာက္လွမ္းေသာ စိတ္။ |

**"အခ်ိဳပိုဒ္"**

ေရွ႕အကုသိုလ္ကံ၏ အက်ိဳးအျဖစ္ မလိုလားမႏွစ္သက္အပ္ေသာ အနိ႒ာရုံျမင္ကြင္း, အသံဆိုး, အနံ႔ဆိုး, အရသာဆိုး, အေတြ႕အထိဆိုးတို႔ႏွင့္ ေတြ႕ႀကဳံခံစားရသည့္အခါ အကုသလဝိပါက္စိတ္မ်ားျဖစ္ေပၚလာၾက၏။ (မိမိကိုယ္တိုင္ ျပဳခဲ့ဘူးေသာ အကုသိုလ္ကံ၏ အက်ိဳးေပးမႈကို ခံရျခင္းပင္တည္း။)

http://www.dhammadownload.com



## အဟိတ်ကုသလဝိပါစိတ် (၈)ပါး

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | စက္ခုဝိညာဏ်စိတ် |
| ၂။ | ။ | သောတဝိညာဏ်စိတ် |
| ၃။ | ။ | ဃာနဝိညာဏ်စိတ် |
| ၄။ | ။ | ဇိဝှါဝိညာဏ်စိတ် |
| ၅။ | သုခသဟဂုတ် | ကာယဝိညာဏ်စိတ် |
| ၆။ | ဥပေက္ခာသဟဂုတ် | သမ္ပဋိစ္ဆန်းစိတ် |
| ၇။ | သောမနဿသဟဂုတ် | သန္တီရဏစိတ် |
| ၈။ | ဥပေက္ခာသဟဂုတ် | ။ |

**အဓိပ္ပါယ်။ ။**

ရှေးကုသိုလ်ကံ၏ အကျိုးအဖြစ်လိုလားနှစ်သက်အပ်သော ကာမဂုဏ်အာရုံများနှင့် တွေ့ကြုံခံစားရသည့်အခါ အဟိတ်ကုသလဝိပါက်စိတ်များ ဖြစ်ပေါ်လာကြသည်။

## အဟိတ်ကြိယာစိတ် (၃)ပါး

| | | |
|---|---|---|
| ၁။ | ဥပေက္ခာသဟဂုတ် | ပဉ္စဒွါရာဝဇ္ဇန်းစိတ် = ပဉ္စဒွါရ၌ ထင်လာသော အာရုံကို နှလုံးသွင်းဆင်ခြင်သော စိတ်။ |
| ၂။ | ။ | မနောဒွါရာဝဇ္ဇန်းစိတ် = မနောဒွါရ(စိတ်တံခါး၌) ထင်လာသောအာရုံကို နှလုံးသွင်း ဆင်ခြင်သော စိတ်။ |
| ၃။ | သောမနဿသဟဂုတ် | ဟသိတုပ္ပါဒ်စိတ် = ဘုရား, ရဟန္တာတို့ပြုံးရယ်သောစိတ်။ |

http://www.dhammadownload.com



**အဓိပ္ပါယ် ။ ။**

၁။ **မနောဒွါရာဝဇ္ဇန်းစိတ်**ကိုပင် (သန္တီရဏသည် စုံစမ်းအပ်ပြီးသော အာရုံကို ပိုင်ခြားမှတ်သားတတ်သောကြောင့်) ပဉ္စဒွါရ၌ဖြစ်ခိုက် **"ဝုဋ္ဌော"**ဟူသော အမည်ဖြင့် ခေါ်ဆိုရသည်။

## ၂။ ဤအဟိတ်စိတ် (၁၈)ပါး၌

(က) အကြောင်းစိတ် = မရှိ

(ခ) အကျိုးစိတ် = ဝိပါက်စိတ် ၁၅-ပါး

(ဂ) ကြောင်း/ကျိုးမဟုတ်သော စိတ် = ကြိယာစိတ် ၃-ပါး

၃။ အဟိတ်စိတ်၌ ဥပေက္ခာသန္တီရဏစိတ် ၂-ပါးသည် ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုး ၂-မျိုးလုံးဖြစ်နိုင်သည်။ ကျန်စိတ်တို့ကား ပဝတ္တိအကျိုးမျှသာ ဖြစ်နိုင်သည်။ (ဝီထိမုတ္တသင်္ဂဟ)

## ၄။ အဟိတ်စိတ်၌ ကာယဝိညာဏ်စိတ် ၂-ပါးတွင် -

✔ အကုသလဝိပါက်ကာယဝိညာဏ်သည် ခန္ဓာကိုယ်၏ဆင်းရဲခြင်းနှင့်တကွ ဖြစ်၍ ဒုက္ခသဟဂုတ်ဖြစ်သည်။

✔ ကုသလဝိပါက်ကာယဝိညာဏ်သည် ခန္ဓာကိုယ်၏ ချမ်းသာခြင်းနှင့် တကွဖြစ်၍ သုခသဟဂုတ်ဖြစ်သည်။

✔ ကာယဝိညာဏ်ဒွေနှင့် သောမနဿသန္တီရဏမှတပါး ကျန်စိတ် အားလုံးသည် မြင်ကာမျှ, ကြားကာမျှ, နံကာမျှ, စားကာမျှ, အာရုံကို လက်ခံရုံမျှ, စူးစမ်းရုံဆင်ခြင်ရုံမျှသာ ဖြစ်၍ ခံစားမှု မထင်ရှားရကား **"ဥပေက္ခာသဟဂုတ်"သာ**ဖြစ်ကြသည်။

(အကျယ်သိလိုမူ – သင်္ဂြိုဟ်ဘာသာဋီကာ ၅၈၊ ၅၉၊ ၆၀၊ ၆၁–တို့ကို ရှုပါ။)

## ၅။ ဟသိတုပ္ပါဒ်စိတ်သောမနဿဖြစ်ရခြင်း

သောမနဿဝေဒနာသည် ရယ်ရွှင်ခြင်းကို ဖြစ်စေတတ်၏။

ဟသိတုပ္ပါဒ်စိတ်သည် ဘုရားရဟန္တာတို့၏ ပြုံးရယ်သော စိတ်ဖြစ်သည်။

ထိုကြောင့် သောမနဿသဟဂုတ်ဖြစ်ရသည်။

http://www.dhammadownload.com



## ၆။ ဟသိတုပ္ပါဒ်စိတ် အသောဘနစိတ်တွင် ပါဝင်နေခြင်း

ဟသိတုပ္ပါဒ်စိတ်သည် ဘုရားရဟန္တာတို့၏ ပြုံးရယ်သောစိတ်ဖြစ်သော်လည်း တင့်တယ်သော ဂုဏ်ကို ဆောင်တတ်သော အပြစ်ကင်းသော အလောဘ-စသော ဟိတ်တို့နှင့် မယှဉ်သောကြောင့် အသောဘနစိတ်တွင် ပါဝင်နေရသည်။

## ၇။ သောဘန/အသောဘနခွဲပုံ

စိတ် (၈၉)ပါးတွင် -

(က) အကုသိုလ်စိတ်, အဟိတ်စိတ်တို့သည် အသောဘနစိတ်။

(ခ) ကျန် ၅၉-ပါးသော စိတ်တို့သည် သောဘနစိတ်။

**သောဘန**။ ။ တင့်တယ်ကောင်းမြတ်သော သဒ္ဓါစသော ဂုဏ်ကိုဆောင်တတ်သောကြောင့် (ဝါ) အပြစ်ကင်းသော အလောဘစသော ဟိတ်တို့နှင့်ယှဉ်သောကြောင့် သောဘန =တင့်တယ်ကောင်းမြတ်သောစိတ်။

**အသောဘန**။ ။ သဒ္ဓါ, သတိ-စသော သောဘနစေတသိက်တို့နှင့် မယှဉ်သောကြောင့် မတင့်တယ် မကောင်းမွန်သောစိတ် (ဝါ) သောဘနစိတ်မှ တပါးသော အသောဘနစိတ်။

**ကာမာဝစရသောဘနစိတ် ၂၄-ပါး**

| | | |
|---|---|---|
| ၁။ | မဟာကုသိုလ်စိတ် | ၈-ပါး |
| ၂။ | မဟာဝိပါက်စိတ် | ၈-ပါး |
| ၃။ | မဟာကြိယာစိတ် | ၈-ပါး |
| | ပေါင်း | ၂၄-ပါး |

**(တစ်နည်း)**

၁။ ကာမာဝစရကုသိုလ်စိတ် ၈-ပါး

၂။ သဟိတ်ကာမာဝစရဝိပါက်စိတ် ၈-ပါး

၃။ သဟိတ်ကာမာဝစရကြိယာစိတ် ၈-ပါးဟူ၍လည်း အမည်တစ်မျိုးတပ်၍ ခေါ်ဆိုကြသည်။

http://www.dhammadownload.com



## "မဟာ"အမည်တပ်ခေါ်ဆိုရခြင်း

ကာမ, ရူပ, အရူပ, လောကုတ္တရာစိတ်တို့တွင် -

ကုသိုလ်စိတ်ချင်း၊ ဝိပါက်စိတ်ချင်း၊ ကြိယာစိတ်ချင်း နှိုင်းယှဉ်ပါလျှင် ကာမာဝစရသောဘနစိတ်ကသာ အရေအတွက်များသောကြောင့် **"မဟာကုသိုလ်, မဟာဝိပါက်, မဟာကြိယာ"**ဟူ၍ **"မဟာ"**အမည်တပ်၍ ခေါ်ဆိုရသည်။

### မဟာကုသိုလ်စိတ် ၈-ပါး

| | | | |
|---|---|---|---|
| ၁။ | သောမနဿသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၂။ | ॥ | ॥ | သသင်္ခါရိကစိတ် |
| ၃။ | ॥ | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၄။ | ॥ | ॥ | သသင်္ခါရိကစိတ် |
| ၅။ | ဥပေက္ခာသဟဂုတ် | ဉာဏသမ္ပယုတ် | အသင်္ခါရိကစိတ် |
| ၆။ | ॥ | ॥ | သသင်္ခါရိကစိတ် |
| ၇။ | ॥ | ဉာဏဝိပ္ပယုတ် | အသင်္ခါရိကစိတ် |
| ၈။ | ॥ | ॥ | သသင်္ခါရိကစိတ် |

မဟာဝိပါက်စိတ် ၈-ပါး, မဟာကြိယာစိတ် ၈-ပါးဆိုရိုးများလည်း နည်းတူပင်။

### မဟာကုသိုလ် (၈)ပါး ဆိုရိုးအဓိပ္ပါယ်

| စဉ် | ဉာဏသမ္ပယုတ်/ဝိပ္ပယုတ် | အသင်္ခါရိက/သသင်္ခါရိက | သောမနဿ/ဥပေက္ခာ |
|---|---|---|---|
| ၁။ | အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်၍ | မိမိသဒ္ဓါအလျောက် | ဝမ်းမြောက်ဝမ်းသာ ကုသိုလ်ပြုသောစိတ် |
| ၂။ | ॥ | သူတစ်ပါးတိုက်တွန်း၍ | ॥ |
| ၃။ | အကျိုးသိမြင်ဉာဏ်မယှဉ်ပဲ | မိမိသဒ္ဓါအလျောက် | ॥ |
| ၄။ | ॥ | သူတစ်ပါးတိုက်တွန်း၍ | ॥ |
| ၅။ | အကျိုးသိမြင်ဉာဏ်နှင့်ယှဉ်၍ | မိမိသဒ္ဓါအလျောက် | ဝမ်းသာ/ဝမ်းနည်းမဖြစ် ပဲကုသိုလ်ပြုသောစိတ် |
| ၆။ | ॥ | သူတစ်ပါးတိုက်တွန်း၍ | ॥ |
| ၇။ | အကျိုးသိမြင်ဉာဏ်မယှဉ်ပဲ | မိမိသဒ္ဓါအလျောက် | ॥ |
| ၈။ | ॥ | သူတစ်ပါးတိုက်တွန်း၍ | ॥ |

http://www.dhammadownload.com



# ဉာဏသမ္ပယုတ် / ဉာဏဝိပ္ပယုတ်ခွဲပုံ

(က) ဉာဏသမ္ပယုတ်။ ။ ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိတတ်သော ဉာဏ်နှင့်ယှဉ်သောစိတ်။ (ဝါ) ဒါန, သီလ, ဘာဝနာ ကုသိုလ်ပြုရာတွင် ဉာဏ်နှင့်ယှဉ်၍ပြုလုပ်သော ကုသိုလ်စိတ်။

✔ ဒါနပြုရာ၌ = ပကာသနမှုကိုရှောင်ကြဉ်လျက် ကံနှင့်ကံအကျိုး ထို ၂-မျိုးကို ယုံကြည်သိမှတ် အသိကပ်၍ နိဗ္ဗာန်ရည်မှန်းလျှုဒါန်းကြသည့် ကုသိုလ်မျိုးကို **"ဉာဏသမ္ပယုတ် ဒါနကုသိုလ်"**ဟု ခေါ်သည်။

✔ သီလဆောက်တည်ရာ၌ = အထင်ကြီးခံလိုမှုစသော ဟန်ဆောင်သီလ မဖြစ်စေပဲ ကံနှင့်ကံအကျိုး ထို ၂-မျိုးကို ယုံကြည်သိမှတ်အသိကပ်၍ နိဗ္ဗာန်ရည်မှန်း ခံယူဆောက်တည်သော သီလကုသိုလ်ကို **"ဉာဏသမ္ပယုတ်သီလကုသိုလ်"**ဟု ခေါ်သည်။

✔ ဘာဝနာကုသိုလ်ပွားများရာ၌ = အချင်းချင်းပြိုင်ဆိုင်မှု သဘောမပါစေဘဲ ကိလေသာငြိမ်းရန် ရည်သန်လျက် ရုပ်, နာမ်ဓမ္မသင်္ခါရတို့၏ လက္ခဏာရေး ၃-ပါးကို ဉာဏ်သက်ဝင်၍ ပွားများအားထုတ်သော ကုသိုလ်မျိုးကို **"ဉာဏသမ္ပယုတ် ဘာဝနာကုသိုလ်"**ဟု ခေါ်သည်။

## (ခ) ဉာဏဝိပ္ပယုတ် - ဉာဏ်မယှဉ်သောစိတ်

မိရိုးဖလာပြုလုပ်နေကြသော ကုလာစာရကုသိုလ်မျိုး၊ ကဲ့ရဲ့ခံရမှာ ကြောက်၍ ပြုလုပ်သော ဘယကုသိုလ်မျိုး၊ ရာထူးဂုဏ်သိရ် လာဘ်လာဘကို မျှော်ကိုး၍ ပြုလုပ်သော လာဘကုသိုလ်မျိုးနှင့် ဗေဒင်ယတြာသဘောအရ ပြုလုပ်သော ကုသိုလ်မျိုးမှန်သမျှ ဉာဏဝိပ္ပယုတ်ကုသိုလ်မျိုးသာ ဖြစ်သည်။ ဤကုသိုလ်မျိုးတို့သည် အကျိုးမမြင်, ဉာဏ်မယှဉ်သော ဉာဏဝိပ္ပယုတ် ဒွိဟိတ် ကုသိုလ်မျိုးတို့ဖြစ်ကြသည်။

http://www.dhammadownload.com



## ပဋိသန္ဓေအကျိုးပေးထူးခြားပုံ

✔ ဉာဏသမ္ပယုတ်ကုသိုလ်စိတ်ကြောင့် နောက်ဘဝ၌ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရနိုင်သော ဉာဏ်ထက်မြက်သည့် **"တိဟိတ်ပုဂ္ဂိုလ်"**ဖြစ်ရသည်။

✔ ဉာဏဝိပ္ပယုတ်ကုသိုလ်စိတ်ကြောင့် နောက်ဘဝ၌ မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်သော ဉာဏ်ထိုင်းမှိုင်းသည့် **"ဒွိဟိတ်ပုဂ္ဂိုလ်"**ဖြစ်ရသည်။

## သောမနဿသဟဂုတ်က ဥပေက္ခာသဟဂုတ်ထက် သာလွန်အားကောင်းပုံ

ဒါန, သီလစသော ကာမာဝစရကုသိုလ်လုပ်ငန်းများ၌ ဝမ်းသာရွှင်ပြပြု လုပ်သော သောမနဿသဟဂုတ်ကုသိုလ်က ဝမ်းသာရွှင်ပြမဖြစ်ပဲ သင့်တင့်ရုံစိတ်ဖြင့် ပြုလုပ်သော ဥပေက္ခာသဟဂုတ်ကုသိုလ်ထက် ပိုမိုအားကောင်း သာလွန်၏။

ထို့အတူ အသင်္ခါရိကကုသိုလ်က သသင်္ခါရိကကုသိုလ်ထက် ပိုမို ထက်မြက်၏။ အားကောင်းသာလွန်၏။ အကျိုးပေးသောအခါ၌ ပို၍ အစွမ်း ထက်၏။

## ကုသိုလ်ဖြစ်ခြင်းအကြောင်းရင်း

မှန်မှန်ကန်ကန်နှလုံးသွင်းတတ်ခြင်း, နှလုံးသွင်းကောင်းခြင်း, သဘောထား မှန်ကန်ခြင်း, လိမ်မာယဉ်ကျေးခြင်း = ယောနိသောမနသိကာရသည် ကုသိုလ်ဖြစ်ခြင်း၏ အဓိကပဓာနအကြောင်းရင်းဖြစ်သည်။

[အာရုံတစ်ခုမြင်တွေ့ရာ၌ နှလုံးသွင်းကောင်းလျှင် ယောနိသောမနသိကာရ ဖြစ်၍ ကုသိုလ်ဖြစ်၏၊ နှလုံးသွင်းသဘောထား မကောင်းလျှင် အယောနိသော မနသိကာရဖြစ်၍ အကုသိုလ်ဖြစ်၏-ဟူလို]

### တိဟိတ်, ဒွိဟိတ်, ဥက္ကဋ္ဌ, ဩမက (ဟီန)-ခွဲပုံဆောင်ပုဒ်

၁။ ကုသိုလ်ပြုစဉ်၊ ကံ-ကျိုးမြင်သိ၊ ဉာဏ်ယှဉ်ဘိ၊ တိဟိတ်ကုသိုလ်ခေါ်။

၂။ ကုသိုလ်ပြုစဉ်၊ ကံ-ကျိုးမြင်သိ၊ ဉာဏ်မရှိ၊ ဒွိဟိတ်ကုသိုလ်ခေါ်။

၃။ ရှေ့နောက်နှစ်တန်၊ ကုသိုလ်ခြံ၊ မှန်ရန် ဥက္ကဋ္ဌ၊ ကုသိုလ်မြတ်။

၄။ ရှေ့နောက်နှစ်တန်၊ အကုခြံ၊ မှန်ရန် ဩမက၊ ကု-ဟီန။

http://www.dhammadownload.com



## မဟာဝိပါက် ၈–ပါးအဓိပ္ပါယ်

<u>**မဟာဝိပါက်စိတ်**</u> = မဟာကုသိုလ်ကံ၏ အကျိုးစိတ်များ။

ရှေ့ရှေ့ဘဝက မဟာကုသိုလ်စိတ်ဖြင့် ကုသိုလ်ပြုခဲ့လျှင် ကာမသုဂတိ ၇-ဘုံ၌ တူညီသော အကျိုးဝိပါက်စိတ်များဖြင့် ပဋိသန္ဓေနေကြရသည်။

<u>မဟာဝိပါက်စိတ်</u>သည် ဘဝသစ်တစ်ခု၌ ရှေးဦးစွာဖြစ်သော ပဋိသန္ဓေစိတ်ဖြစ်သည်။ <u>ပဝတ္တိအခါ</u> ဘဝင်စိတ်အမည်ဖြင့်၎င်း, တဒါရုံအမည်ဖြင့်၎င်း ကိစ္စတာဝန်ထမ်းဆောင်သည်။ <u>သေဆုံးသည့်ကာလ</u>တွင် "စုတိစိတ်"အမည်ဖြင့် ကိစ္စတာဝန်ထမ်းဆောင်သည်။

(ပကိဏ်းပိုင်း၊ ဝီထိပိုင်း၊ ဝီထိမုတ်ပိုင်းတို့၌ အကျယ်ပြဆိုမည်။)

### ပဋိသန္ဓေကွဲပြား၍ ပုဂ္ဂိုလ်ကွဲပြားရခြင်း

၁။ မဟာဝိပါက်ဉာဏသမ္ပယုတ်စိတ်ဖြင့် ပဋိသန္ဓေတည်နေကြသူများသည် မွေးရာပါ ဉာဏ်ပါသောကြောင့် <u>**"တိဟိတ်ပုဂ္ဂိုလ်များ"**</u>ဖြစ်ကြသည်။

၂။ ဉာဏဝိပ္ပယုတ်ပဋိသန္ဓေတည်နေကြသူများသည် မွေးရာပါဉာဏ် မပါသောကြောင့် <u>"ဒွိဟိတ်ပုဂ္ဂိုလ်များ"</u>ဖြစ်ကြသည်။

### တိဟိတ်, ဒွိဟိတ် ၂-မျိုးတွင် -

၁။ **တိဟိတ်ပုဂ္ဂိုလ်တို့သည်** ပါရမီဖြည့်၍ကြိုးစားအားထုတ်လျှင် ထိုဘဝမှာပင် ဈာန်, မဂ်, ဖိုလ်ရနိုင်သည်။ ဌာနာဌာနကောသလ္လဉာဏ်နှင့် ပြည့်စုံကြသည်။

၂။ **ဒွိဟိတ်ပုဂ္ဂိုလ်များကား** ပဋိသန္ဓေကမ္မဇဉာဏ်ပညာနည်းပါးခဲ့ခြင်းကြောင့် ဘာဝနာတရားကြိုးစားအားထုတ်သော်လည်း ထိုဘဝတွင် ဈာန်, မဂ်, ဖိုလ် မရနိုင်ကြ။ ပါရမီကုသိုလ်မျှသာ ရနိုင်သည်။ ဌာနဌာနကောသလ္လဉာဏ်နှင့် မပြည့်စုံ။ လုပ်ဆောင်တိုင်း လမ်းမှန် မရောက်နိုင်။

၃။ ရှေ့နောက် ၂-တန် အကုသိုလ်ခြံရံသော ဉာဏဝိပ္ပယုတ်ကုသိုလ်မျိုးကို <u>**ဒွိဟိတ်ဩမကကုသိုလ်**</u>ခေါ်သည်။ ထိုကုသိုလ်က ပဋိသန္ဓေအကျိုးကို ပေးလျှင် လူစဉ်မမီသော <u>"သုဂတိ အဟိတ်ပုထုဇဉ်များ"</u>သာ ဖြစ်ကြသည်။

http://www.dhammadownload.com



ထိုဘ၀တွင် ဈာန်, မဂ်, ဖိုလ် မရနိုင်ရုံမက လူဖြစ်ရကျိုး မနပ်ကြပေ။

၄။ **ဘုရားအလောင်းတော်ကြီးများ၏ ပဋိသန္ဓေစိတ်ကား** - မဟာဝိပါက် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ်အသင်္ခါရိကစိတ်ဖြစ်သည်။

## မဟာကြိယာစိတ် ၈-ပါး အဓိပ္ပါယ်

<u>မဟာကြိယာစိတ်</u> ။ ။ ဘုရားရဟန္တာတို့ ကောင်းမှုပြုသောစိတ်။

ဘုရားရဟန္တာတို့သည် အကုသိုလ်အမှု လုံးဝမပြုကြ။ တရားဟောခြင်း, မေတ္တာပွားခြင်းစသော ကောင်းမှုကိုသာ ပြုကြသည်။ ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ကုသိုလ်ပြုသော စိတ်သည် အကျိုးပေးစရာမရှိတော့သဖြင့် "ကုသိုလ်စိတ်"ဟူ၍ မခေါ်ဆိုရ။ အကြောင်း/အကျိုးမှ လွတ်သော (ဝါ)အကျိုးမဖြစ်ထွန်းသော ပြုကာမတ္တစိတ်ဖြစ်၍ **"ကြိယာစိတ်"**ဟူ၍သာ ခေါ်ဆိုရသည်။ ယင်းကြိယာစိတ်သည် ပုထုဇဉ်-သေက္ခပုဂ္ဂိုလ်များ၌ မဖြစ်။ ဘုရား, ရဟန္တာတို့၌သာ ဖြစ်သည်။

## ရူပါဝစရစိတ် ၁၅-ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရကုသိုလ်စိတ် | ၅-ပါး |
| ၂။ | ရူပါဝစရဝိပါက်စိတ် | ၅-ပါး |
| ၃။ | ရူပါဝစရကြိယာစိတ် | ၅-ပါး |
| | ပေါင်း | ၁၅-ပါး |

<u>**ရူပါဝစရစိတ်**</u> ။ ။ ရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ်ဖြစ်တတ်သောစိတ် (ဝါ) ရူပတဏှာ၏ အာရုံဖြစ်၍ ရူပဘုံ၌ သက်ဝင်၍ ဖြစ်တတ်သောစိတ်။ (ဝါ) အသညသတ်ကြဉ် ရူပ ၁၅-ဘုံရှိ ဗြဟ္မာကြီးတို့၏ သန္တာန်၌ အဖြစ်များသော စိတ်။

(သမထကမ္မဋ္ဌာန်းဘာဝနာပွားများအားထုတ်လျှင် ဈာန်စိတ်များ ရနိုင်သောကြောင့် "မနုဿ=လူ့ဘုံ"၌လည်း ဖြစ်နိုင်သည်။)

<u>ရူပါဝစရကုသိုလ်စိတ်</u> ။ ။ ရူပဈာန်ရရှိသောပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ (ဈာန်ဝင်စားခိုက်)ဖြစ်သော ကုသိုလ်စိတ်။

http://www.dhammadownload.com



**ရူပါဝစရဝိပါက်စိတ်** ။ ။ ရူပါဝစရကုသိုလ်ဈာန်စိတ်များကြောင့် ဖြစ်ပေါ်လာသော အကျိုးစိတ်။ ရူပဗြဟ္မာကြီးတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်။

**ရူပါဝစရကြိယာစိတ်** ။ ။ ရူပဈာန်ရရှိကြသည့် ဘုရား, ရဟန္တာတို့၏ သန္တာန်၌ ဖြစ်သော ဈာန်စိတ်များ။

## ရူပါဝစရကုသိုလ်စိတ် ၅-ပါးဆိုရိုး

| | | | |
|---|---|---|---|
| ၁။ | ဝိတက်, ဝိစာရ, ပီတိ သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ၅-ပါးနှင့် တကွဖြစ်သော | ပထမဈာန်(ကုသိုလ်)စိတ် |
| ၂။ | ဝိစာရ, ပီတိ သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၄-ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန်(ကုသိုလ်)စိတ် |
| ၃။ | ပီတိ, သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၃-ပါးနှင့် တကွဖြစ်သော | တတိယဈာန်(ကုသိုလ်)စိတ် |
| ၄။ | သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန်(ကုသိုလ်)စိတ် |
| ၅။ | ဥပေက္ခာ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန်(ကုသိုလ်)စိတ် |

ရူပါဝစရဝိပါက် ၅-ပါး, ရူပါဝစရကြိယာ ၅-ပါးဆိုရိုးများလည်း နည်းတူပင်။

## ဈာန်အင်္ဂါ, ဈာန်, ဈာန်စိတ် ခွဲခြားပုံ

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော တစ်ပါး, တစ်ပါးသော (ဈာန်၏) အစိတ်အပိုင်းကို **"ဈာန်အင်္ဂါ"**ဟု ခေါ်ဆိုရသည်။

ဥပမာ ။ ။ လက်, ခြေ, မျက်စိ, နား, နှာ-စသော ကိုယ်၏ အစိတ်အပိုင်းကို "ကိုယ်အင်္ဂါ"ဟူ၍ ခေါ်ဆိုရသကဲ့သို့တည်း။

http://www.dhammadownload.com



၂။ ထိုဝိတက်, ဝိစာရစသောဈာန်အင်္ဂါတို့၏ အပေါင်းကို **"ဈာန်"**ဟု ခေါ်သည်။

ဉပမာ ။ ။ လက်, ခြေ, မျက်စိ, နား, နှာ-စသော ကိုယ်အင်္ဂါတို့၏ အပေါင်းကို **"ကိုယ်"**ဟု ခေါ်ဆိုရသကဲ့သို့တည်း။

၃။ ထိုဈာန်နှင့်ယှဉ်သော စိတ်ကို **"ဈာန်စိတ်"**ဟု ခေါ်သည်။

**ဈာန်**။ ။ ကသိုဏ်းစသော သမထကမ္မဋ္ဌာန်းအာရုံ (တစ်ခုခု)ကို စူးစူးစိုက်စိုက် အထူးကြည့်ရှုနေခြင်းသဘော (ဝါ) ဆန့်ကျင်ဘက် နီဝရဏ (အကုသိုလ်) တရားတို့ကို လောင်မြိုက်ပယ်ခွါတတ်သော သဘော။

➢ ကသိဏာဒိအာရမ္မဏံ ဈာယတိ ဥပနိဇ္ဈာယတီတိ ဈာနံ။ ပစ္စနီကဓမ္မေ ဈာပေတီတိ ဈာနံ။ (အဋ္ဌကထာ)

ဈာန်အင်္ဂါ ၅-ပါး အဓိပ္ပာယ်

**ဝိတက်**။ ။ အာရုံသို့ ယှဉ်ဘက်တရားတို့ကို ရှေ့ရှုတင်ပေးခြင်းသဘော။ အကုသိုလ်အာရုံများ မကပ်ရောက်နိုင်ရန် ကမ္မဋ္ဌာန်းအာရုံပေါ်သို့ စိတ်ရောက်ရန် တင်ပေးနေခြင်းသဘော။

➢ အာရမ္မဏာဘိနိရောပနလက္ခဏော ဝိတက္ကော။

**ဝိစာရ**။ ။ အာရုံကို သုံးသပ်နေခြင်းသဘော။ ဝိတက်တင်ပေးလိုက်သော ကမ္မဋ္ဌာန်းအာရုံကို အဖန်ဖန်သုံးသပ်နေခြင်းသဘော။

➢ အာရမ္မဏာနုမဇ္ဇနလက္ခဏော ဝိစာရော။

**ပီတိ**။ ။ ကမ္မဋ္ဌာန်းအာရုံ၌ ကျေနပ်နှစ်သက်နေခြင်းသဘော။

**သုခ**။ ။ ကမ္မဋ္ဌာန်းအာရုံဖြင့် ချမ်းသာစွာမွေ့လျော်နေခြင်းသဘော။

**ဧကဂ္ဂတာ**။ ။ ကမ္မဋ္ဌာန်းအာရုံတစ်ခုတည်း၌ စူးစူးစိုက်စိုက်အချိန်ကြာကြာ စွဲစွဲမြဲမြဲ တည်တံ့နေခြင်းသဘော။ (သမာဓိ)

http://www.dhammadownload.com



## ဥပေက္ခာကို ဈာန်အင်္ဂါတစ်ခုအနေဖြင့် မရေတွက်ခြင်း

ဥပေက္ခာသည် ငြိမ်သက်သော သဘောရှိသောကြောင့် သုခနှင့် သဘော ချင်း တူရကား ဈာန်အင်္ဂါတစ်ခုအနေဖြင့် မရေတွက်ရ။

➢ ဥပေက္ခာ သန္တဝုတ္တိတ္တာ သုခမိစ္စေဝ ဘာသိတာ။ (ဋီကာကျော်)

၁။ ဝိတက်စသော ဈာန်အင်္ဂါ ၅-ပါးအပေါင်းကို ပထမဈာန်။
၂။ ဝိစာရစသော စသော ဈာန်အင်္ဂါ ၄-ပါးအပေါင်းကို ဒုတိယဈာန်။
၃။ ပီတိ, သုခဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ ၃-ပါးအပေါင်းကို တတိယဈာန်။
၄။ သုခ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ ၂-ပါးအပေါင်းကို စတုတ္ထဈာန်။
၅။ ဥပေက္ခာ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ ၂-ပါးအပေါင်းကို ပဉ္စမဈာန်-ဟု ခေါ်သည်။

ပထမဈာန်နှင့်ယှဉ်သော စိတ်ကို ပဌမဈာန်စိတ်။
ဒုတိယဈာန်နှင့်ယှဉ်သော စိတ်ကို ဒုတိယဈာန်စိတ်-စသည်ဖြင့် ခေါ်ဆိုရသည်။

### ပစ္စနီကစမ္မေ ဈာပေတီတိ ဈာနံ ဝိဂ္ဂဟာ-အရ

| | | |
|---|---|---|
| ၁။ | ဝိတက်သည် | ထိန, မိဒ္ဓနီဝရဏကို လောင်မြိုက်၏၊ ပယ်ခွါ၏။ |
| ၂။ | ဝိစာရသည် | ဝိစိကိစ္ဆာနီဝရဏကို လောင်မြိုက်၏၊ ပယ်ခွါ၏။ |
| ၃။ | ပီတိသည် | ဗျာပါဒနီဝရဏကို လောင်မြိုက်၏၊ ပယ်ခွါ၏။ |
| ၄။ | သုခသည် | ဥဒ္ဓစ္စ, ကုက္ကုစ္စနီဝရဏကို လောင်မြိုက်၏၊ ပယ်ခွါ၏။ |
| ၅။ | သမာဓိသည် | ကာမစ္ဆန္ဒနီဝရဏကို လောင်မြိုက်၏၊ ပယ်ခွါ၏။ |

➢ ဝိတက္ကော ထိနမိဒ္ဓဿ၊ ဝိစိကိစ္ဆာယ ဝိစာရော။
ပီတိစာပိ ဗျာပါဒဿ၊ သုခံ ဥဒ္ဓစ္စကုက္ကုစ္စံ။
သမာဓိကာမစ္ဆန္ဒဿ၊ ပဋိပက္ခောတိ ပေဋကေ။ (သင်္ဂြိုဟ်ဘာဋီ၊ ၇၃။)

http://www.dhammadownload.com



## ၃။ အရူပစိတ် ၁၂-ပါး

| | | |
|---|---|---|
| ၁။ | အရူပါဝစရကုသိုလ်စိတ် | ၄-ပါး |
| ၂။ | အရူပါဝစရဝိပါက်စိတ် | ၄-ပါး |
| ၃။ | အရူပါဝစရကြိယာစိတ် | ၄-ပါး |
| | ပေါင်း | ၁၂-ပါး |

**အရူပါဝစရစိတ်** = အရူပဘုံ၌ များသောအားဖြင့် ကျင်လည်တတ် ဖြစ်တတ်သောစိတ် (ဝါ) အရူပတဏှာ၏အာရုံဖြစ်၍ အရူပဘုံ၌ သက်ဝင်၍ ဖြစ်တတ်သော စိတ်။ (ဝါ) အရူပ ၄-ဘုံရှိ ပြဟ္မာတို့သန္တာန်၌ အဖြစ်များသော စိတ်။

(ကာမဘုံ, ရူပဘုံတို့၌လည်း ထိုဈာန်ကို အားထုတ်လျှင် ရနိုင်သောကြောင့် ကာမဘုံ, ရူပဘုံတို့၌လည်း ဖြစ်သည်။)

✔ **အရူပါဝစရဈာန်စိတ်တို့သည်** အောက်အောက်ဈာန်၏အာရုံကို လွန်မြောက်၍ အာရုံ၏ အစွမ်းအားဖြင့် ကွဲပြားသောကြောင့် **"အာရမ္မဏာတိက္ကမဈာန် - အာရုံကို လွန်မြောက်သောဈာန်"**ဟူ၍ ခေါ်ဆိုသည်။ (တစ်နည်း) **"အာရမ္မဏဘေဒစိတ်"**ဟူ၍လည်း ခေါ်ဆိုကြသည်။

**အရူပါဝစရကုသိုလ်စိတ်** ။ ။ အရူပဈာန်ရရှိသော ပုထုဇဉ်, သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ (ဈာန်ဝင်စားခိုက်) ဖြစ်သော ကုသိုလ်စိတ်။

**အရူပါဝစရဝိပါက်စိတ်** ။ ။အရူပါဝစရကုသိုလ်ဈာန်စိတ်များကြောင့် ဖြစ်ပေါ်လာသော အကျိုးဝိပါက်စိတ်။ အရူပပြဟ္မာကြီးတို့၏ ပဋိသန္ဓေ, ဘဝင်, စုတိစိတ်။

**အရူပါဝစရကြိယာစိတ်** ။ ။ အရူပဈာန်ရရှိကြသည့် ရဟန္တာတို့၏ သန္တာန်၌ ဖြစ်သော ဈာန်စိတ်များ။

✔ အရူပါဝစရဈာန်စိတ်များသည် ရူပါဝစရဈာန်ရရှိပြီး ဈာနလာဘီပုဂ္ဂိုလ်တို့သာ အားထုတ်၍ ရနိုင်သော ဈာန်စိတ်များဖြစ်သည်။

✔ ရူပါဝစရဈာနလာဘီပုဂ္ဂိုလ်သည် ရုပ်ကို စက်ဆုပ်၍ ပညတ်အာရုံ, နာမ်အာရုံတို့ကို အာရုံနိမိတ်ယူပြီး အားထုတ်၍ရသော ဈာန်ကို "အရူပဈာန်"ဟု ခေါ်သည်။

## (က) အရူပါဝစရကုသိုလ်စိတ် ၄-ပါးဆိုရိုး

| | | | |
|---|---|---|---|
| ၁။ | ဥပေက္ခာ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ ၂-ပါးနှင့် တကွဖြစ်သော | အာကာသာနဉ္စာယတနကုသိုလ်စိတ် |
| ၂။ | ။ | ။ | ဝိညာဏဉ္စာယတနကုသိုလ်စိတ် |
| ၃။ | ။ | ။ | အာကိဉ္စညာယတနကုသိုလ်စိတ် |
| ၄။ | ။ | ။ | နေဝသညာနာသညာယတနကုသိုလ်စိတ် |

ဝိပါက်စိတ် ၄-ပါး၊ ကြိယာစိတ် ၄-ပါးဆိုရိုးများနည်းတူပင်။

**အဓိပ္ပါယ် ။ ။**

**အာကာသာနဉ္စာယတနစိတ်။** ။ကောင်းကင်ပညတ်ကို အာရုံပြုသောဈာန်စိတ်။
(ဝါ) ကောင်းကင်ပညတ်အာရုံ၌ တည်သော ဈာန်စိတ်။

**ဝိညာဏဉ္စာယတနစိတ် ။** ။ ပထမာရုပ္ပဝိညာဏ် (အကာသာနဉ္စာယတနစိတ်)ကို အာရုံပြုသော ဈာန်စိတ်။

**အာကိဉ္စညာယတနစိတ် ။** ။ ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်း - နတ္ထိဘာေပညတ်ကို အာရုံပြုသော ဈာန်စိတ်။

**နေဝသညာနာသညာယတနစိတ်။** ။တတိယာရုပ္ပဝိညာဏ် (အာကိဉ္စညာယတန စိတ်)ကို အာရုံပြုသော ဈာန်စိတ်။

မူချပဉ္စမဈာန်နှင့် ဥပစာ ပဉ္စမဈာန်

၁။ ရူပါဝစရပဉ္စမဈာန်သည် မုချပဉ္စမဈာန်။

၂။ အရူပါဝစရပဉ္စမဈာန်သည် သဒိသူပစာပဉ္စမဈာန်။

http://www.dhammadownload.com



အရူပါဝစရစိတ် ၁၂-ပါးသည် ဥပေက္ခာ, ဧကဂ္ဂတာ-ဟူသော စျာန်အင်္ဂါ နှစ်ပါးနှင့် ယှဉ်သည်ဖြစ်၍ စျာန်အင်္ဂါအားဖြင့် ရူပါဝစရပဉ္စမစျာန်နှင့် တူညီသောကြောင့် (သဒိသူပစာအဖြစ်) ပဉ္စမစျာန်၌ ထည့်သွင်း ရေတွက်ရသည်။

ဥပေက္ခာ, ဧကဂ္ဂတာစျာန်အင်္ဂါ ၂-ပါးရှိပြီး ဥပေက္ခာဝေဒနာနှင့် ယှဉ်သည်။

## (ခ) အရူပါဝစရဝိပါက်စိတ် ၄-ပါးတွင် -

၁။ အာကာသာနဉ္စာယတနဝိပါက်စိတ်သည် (အာကာသာနဉ္စာယတနဘုံ၌ ဖြစ်သော) ပြဟ္မာကြီးတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်ဖြစ်သည်။

၂။ ဝိညာဏဉ္စာယတနဝိပါက်စိတ်သည် (ဝိညာဏဉ္စာယတနဘုံ၌ဖြစ်သော) ပြဟ္မာကြီးတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်ဖြစ်သည်။

၃။ အာကိဉ္စညာယတနဝိပါက်စိတ်သည် (အာကိဉ္စညာယတနဘုံ၌ဖြစ်သော) ပြဟ္မာကြီးတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်ဖြစ်သည်။

၄။ နေဝသညာနာသညာယတနဝိပါက်စိတ်သည် (နေဝသညာနာသညာယတနဘုံ၌ ဖြစ်သော) ပြဟ္မာကြီးတို့၏ ပဋိသန္ဓေစိတ်, ဘဝင်စိတ်, စုတိစိတ်ဖြစ်သည်။

### (ဂ) အရူပါဝစရကြိယာစိတ် ၄-ပါး

အရူပါဝစရကြိယာစိတ်သည် အရူပရဟန္တာပြဟ္မာကြီးတို့၏ သန္တာန်၌ များသောအားဖြင့် ဖြစ်သည်။ အရူပစျာန်ရရှိကြသော ကာမဘုံ, ရူပဘုံရှိရဟန္တာတို့၏ သန္တာန်၌လည်း ဖြစ်နိုင်သည်။

### အရူပါဝစရစိတ် ၄-ပါး၊ ၁၂-ပါးပြားရခြင်း

ကောင်းကင်ပညတ်အာရုံစသည်ဖြင့် အာရုံ ၄-မျိုး ကွဲပြားသောကြောင့် ထိုအာရုံ ၄-ပါးကို အာရုံပြုသော အရူပါဝစရစျာန်စိတ်သည်လည်း ၄-ပါးစီကွဲပြားရသည်။ တဖန်- ကုသိုလ်, ဝိပါက်, ကြိယာအားဖြင့် ၃-ပါးထပ်၍ ကွဲပြားပြန်သောကြောင့် အရူပါဝစရစိတ် ၁၂-ပါးပြားရသည်။

http://www.dhammadownload.com



## မဟဂ္ဂုတ်စိတ် ၂၇–ပါး

| | | |
|---|---|---|
| ၁။ | ရူပါဝစရစိတ် | ၁၅-ပါး |
| ၂။ | အရူပါဝစရစိတ် | ၁၂-ပါး |
| | ပေါင်း | ၂၇-ပါး |

**မဟဂ္ဂုတ်စိတ်** ။ ။မြတ်သည်၏အဖြစ်သို့ ရောက်သောစိတ် (မြင့်မြတ်သော စိတ်) (ဝါ) မြတ်ကုန်သော ဈာနလာဘီပုဂ္ဂိုလ်တို့သည်သာ ရအပ်, ရောက်အပ်သောစိတ်။

## လောကီစိတ် ၈၁–ပါး

| | | |
|---|---|---|
| ၁။ | ကာမာဝစရစိတ် | ၅၄-ပါး |
| ၂။ | မဟဂ္ဂုတ်စိတ် | ၂၇-ပါး |
| | ပေါင်း | ၈၁-ပါး |

**လောကီစိတ်** ။ ။ ကာမ, ရူပ, အရူပ-ဟူသော လောက ၃-ပါး၌ အဖြစ်များသော စိတ် (ဝါ) လောက၌ ထင်ရှားသော စိတ်။

## ၄။ လောကုတ္တရာစိတ် အကျဉ်း ၈–ပါး

| | | | |
|---|---|---|---|
| ၁။ | မဂ်စိတ် | ၄-ပါး | (လောကုတ္တရာကုသိုလ်စိတ် ၄-ပါး) |
| ၂။ | ဖိုလ်စိတ် | ၄-ပါး | (လောကုတ္တရာဝိပါက်စိတ် ၄-ပါး) |
| | ပေါင်း | ၈-ပါး | |

| | မဂ်စိတ် ၄-ပါး | ဖိုလ်စိတ် ၄-ပါး |
|---|---|---|
| ၁။ | သောတာပတ္တိမဂ်စိတ် | သောတာပတ္တိဖိုလ်စိတ် |
| ၂။ | သကဒါဂါမိမဂ်စိတ် | သကဒါဂါမိဖိုလ်စိတ် |
| ၃။ | အနာဂါမိမဂ်စိတ် | အနာဂါမိဖိုလ်စိတ် |
| ၄။ | အရဟတ္တမဂ်စိတ် | အရဟတ္တဖိုလ်စိတ် |

http://www.dhammadownload.com



**လောကုတ္တရာစိတ်** ။ ဥပါဒါနက္ခန္ဓာဟူသော သင်္ခါရလောကမှ လွန်မြောက်ဆဲ, လွန်မြောက်ပြီးစိတ် (ဝါ) ကာမ, ရူပ, အရူပ-ဟူသော လောက ၃-ပါးမှ လွတ်မြောက်သော စိတ် (ဝါ) ကာမ, ရူပ, အရူပဟူသော လောက ၃-ပါးထက် သာလွန်မြင့်မြတ်သော စိတ်။

### မဂ္ဂင်, မဂ်, မဂ်စိတ်, ဖိုလ်စိတ် ခွဲခြားပုံ

၁။ သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ (ပ) သမ္မာသမာဓိ-ဟူသော မဂ္ဂင် ၈-ပါးအစိတ်အစိတ် တစ်ပါးစီကို "မဂ္ဂင်"ဟု ခေါ်သည်။

၂။ ထိုသမ္မာဒိဋ္ဌိ-စသော မဂ္ဂင် ၈-ပါး အပေါင်းကို **"မဂ်"**ဟု ခေါ်သည်။

၃။ ထိုမဂ်နှင့်ယှဉ်သော စိတ်ကို **"မဂ်စိတ်"**-ဟု ခေါ်သည်။

၄။ မဂ်စိတ်၏ အကျိုးဖြစ်သော ဝိပါက်စိတ်ကို **"ဖိုလ်စိတ်"**ဟု ခေါ်သည်။

✔ မဂ်စိတ်သည် လောကုတ္တရာကုသိုလ်စိတ်ဖြစ်၏။
✔ ဖိုလ်စိတ်သည် လောကုတ္တရာဝိပါက်စိတ်ဖြစ်၏။

➤ ကိလေသာတို့ကို ပယ်သတ်လျက် နိဗ္ဗာန်ကို အာရုံပြုသောအားဖြင့် သွားတတ်သောကြောင့် (တစ်နည်း) နိဗ္ဗာန်ကို ရှာမှီးတတ်သောကြောင့် (တစ်နည်း) နိဗ္ဗာန်ကို လိုလားသူတို့သည် ရှာမှီးအပ်သောကြောင့် **"မဂ်"**ဟု ခေါ်သည်။

### မဂ်စိတ် ၄-ပါး၊ ဖိုလ်စိတ် ၄-ပါးကွဲပြားရခြင်းအကြောင်း

မဂ္ဂင် ၈-ပါးတည်းဟူသော မဂ်တရား၌ပါဝင်သော သမ္မာဒိဋ္ဌိ, သမ္မာဝါယမ, သမ္မာသတိ, သမ္မာသမာဓိ-ဟူသည် အစဉ်အတိုင်း ပညိန္ဒြေ, ဝီရိယိန္ဒြေ, သတိန္ဒြေ, သမာဓိန္ဒြေတို့ပင်ဖြစ်သည်။ ထိုဣန္ဒြေတို့သည် သောတာပတ္တိမဂ်အခိုက်၌ မထက်လှသေး၊ သကဒါဂါမိမဂ်အခိုက်အတန့်၌ ထက်၏။ အနာဂါမိမဂ်အခိုက်၌ အလွန်ထက်၏။ အရဟတ္တမဂ်အခိုက်၌ အလွန်အကြူးအထူးထက်၏။

ဤသို့ မဂ်ချင်းတူသော်လည်း ဣန္ဒြေထက်, မထက်အားဖြင့် မဂ်လေးပါးပြားသောကြောင့် မဂ်နှင့်ယှဉ်သောစိတ် (မဂ်စိတ်)သည် ၄-မျိုးကွဲပြားရသည်။

http://www.dhammadownload.com



ဆောင် ။ ။ ဣန္ဒြေတွက်၊ ထက်–မထက်ကြောင့်၊ လေးချက် မဂ်ပြား၊ စိတ်လည်း ခြား၊ လေးပါးမြတ်ကုသိုလ်။

မဂ်စိတ် ၄-ပါးကွဲပြားခြင်းကြောင့် မဂ်၏အကျိုးဖြစ်သော ဖိုလ်စိတ်လည်း ၄-ပါးပင်ပြားရသည်။ ဤသို့ မဂ်စိတ် ၄-ပါး, ဖိုလ်စိတ် ၄-ပါးစီပြားသောကြောင့် လောကုတ္တရာစိတ် ၈-ပါးပြားရသည်။

➤ စတုမဂ္ဂပ္ပဘေဒေန၊ စတုဓာ ကုသလာ တထာ။
ပါကံ တဿ ဖလတ္တာတိ၊ အဋ္ဌဓာ နုတ္တရံ မတံ။ (သင်္ဂဟ)

လောကုတ္တရာစိတ်။ ။ မဂ်စိတ်အကျယ် ၂၀-ပါး
(အကျယ် ၄၀) ဖိုလ်စိတ်အကျယ် ၂၀-ပါး စုစုပေါင်း ၄၀-ပါး

## လောကုတ္တရာစိတ်အကျယ် ၄၀–ဖြစ်လာပုံ

တစ်ပါးတစ်ပါးသော လောကုတ္တရာစိတ်ကို ဈာန်အင်္ဂါတို့နှင့် ယှဉ်သော အပြားအားဖြင့် ၅-ပါးစီပြုရ, မြှောက်ပွားရသောကြောင့် လောကုတ္တရာစိတ် အကျယ် ၄၀-ဖြစ်လာသည်။

## လောကုတ္တရာစိတ်အကျယ် ၄၀–သရုပ်ဆိုရိုးဇယား

| | | | | |
|---|---|---|---|---|
| ၁။ | ဝိတက်, ဝိစာရ, ပီတိ သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ၅-ပါးနှင့် တကွဖြစ်သော | ပဌမဈာန် နှင့်ယှဉ်သော | သောတာပတ္တိ မဂ်စိတ် ၁-ပါး |
| ၂။ | ဝိစာရ, ပီတိ သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ၄-ပါးနှင့် တကွဖြစ်သော | ဒုတိယဈာန် နှင့်ယှဉ်သော | သောတာပတ္တိ မဂ်စိတ် ၁-ပါး |
| ၃။ | ပီတိ သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ၃-ပါးနှင့် တကွဖြစ်သော | တတိယဈာန် နှင့်ယှဉ်သော | သောတာပတ္တိ မဂ်စိတ် ၁-ပါး |
| ၄။ | သုခ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ၂-ပါးနှင့် တကွဖြစ်သော | စတုတ္ထဈာန် နှင့်ယှဉ်သော | သောတာပတ္တိ မဂ်စိတ် ၁-ပါး |
| ၅။ | ဥပေက္ခာ, ဧကဂ္ဂတာ | ဈာန်အင်္ဂါ၂-ပါးနှင့် တကွဖြစ်သော | ပဉ္စမဈာန် နှင့်ယှဉ်သော | သောတာပတ္တိ မဂ်စိတ် ၁-ပါး |

အမှာ။ ။ သကဒါဂါမိမဂ်စိတ်စသည်တို့ကိုလည်း သောတာပတ္တိမဂ်စိတ်နည်းတူ ၅-ပါးစီပွါး၍ ဆိုရိုးပြုပါ။

http://www.dhammadownload.com



## "အစိပ္ပါယ်"

**လောကုတ္တရာစိတ်သည် -** ဝိပဿနာယာနိကပုဂ္ဂိုလ်၏အစွမ်းဖြင့် အကျဉ်း ၈-ပါး၊ သမထယာနိကပုဂ္ဂိုလ်၏ အစွမ်းဖြင့် အကျယ် ၄၀-ဖြစ်၏။

**သမထယာနိက** ။ ။ ဈာန်တရားရရှိရန် သမထကမ္မဋ္ဌာန်းအားထုတ်သူ။
**ဝိပဿနာယာနိက**။ ။ မဂ်, ဖိုလ်ရရန် ဝိသနာကမ္မဋ္ဌာန်းအားထုတ်သူ။

### စိတ်အကျယ် ၁၂၁-ပါးဖြစ်လာပုံ

လောကုတ္တရာစိတ်အကျဉ်း ၈-ပါးမှ အကျယ် ၄၀-ပြားသောကြောင့် စိတ်အကျဉ်း ၈၉-ပါးမှ စိတ်အကျယ် ၁၂၁-ပါးဖြစ်လာရသည်။

### စိတ်အကျဉ်း ၈၉-ပါး၊ အကျယ် ၁၂၁-ပါး

| | | |
|---|---|---|
| ၁။ | လောကီစိတ် ၈၁-ပါး | လောကီစိတ် ၈၁-ပါး |
| ၂။ | လောကုတ္တရာစိတ်အကျဉ်း ၈-ပါး | လောကုတ္တရာစိတ်အကျယ် ၄၀-ပါး |
| | စိတ်အကျဉ်း ၈၉-ပါး | အကျယ် ၁၂၁-ပါး |

### စိတ်အကျဉ်း ၈၉-ပါး, အကျယ် ၁၂၁-ပါးကို ဘေဒ ၅-မျိုးဖြင့် ခွဲခြားဝေဘန်ခြင်း

### (၁) ဘူမိဘေဒ (ဘုံအမျိုးအစား) ဖြင့် ဝေဘန်ခြင်း

| စဉ် | စိတ်အကျဉ်း | စိတ်အကျယ် |
|---|---|---|
| ၁။ | ကာမာဝစရစိတ် ၅၄-ပါး | ၅၄-ပါး |
| ၂။ | ရူပါဝစရစိတ် ၁၅-ပါး | ၁၅-ပါး |
| ၃။ | အရူပါဝစရစိတ် ၁၂-ပါး | ၁၂-ပါး |
| ၄။ | လောကုတ္တရာစိတ် ၈-ပါး | ၄၀-ပါး |
| | ပေါင်း အကျဉ်း ၈၉ | အကျယ် ၁၂၁-ပါး |

http://www.dhammadownload.com



## (၂) ဇာတိဘေဒ(ဇာတ်အမျိုးအစား)ဖြင့် ဝေဘန်ခြင်း

| စဉ် | စိတ်အကျဉ်း | စိတ်အကျယ် |
|---|---|---|
| ၁။ | အကုသိုလ်စိတ် ၁၂-ပါး | ၁၂-ပါး |
| ၂။ | ကုသိုလ်စိတ် ၂၁-ပါး | ၃၇-ပါး |
| ၃။ | အဗျာကတစိတ် ၃၆-ပါး | ၅၂-ပါး |
| ၄။ | ကြိယာစိတ် ၂၀-ပါး | ၂၀-ပါး |
| | ပေါင်း အကျဉ်း ၈၉-ပါး | အကျယ် ၁၂၁-ပါး |

✔ ဝိပါက်စိတ်, ကြိယာစိတ် (၂)ရပ်ပေါင်း၍ **"အဗျာကတစိတ်"**အမည်ဖြင့် လည်း ဝေဘန်နိုင်သည်။

## (၃) ဝေဒနာဘေဒ (ဝေဒနာအမျိုးအစား)ဖြင့် ဝေဘန်ခြင်း

| စဉ် | ဝေဒနာ | စိတ်အကျဉ်း | စိတ်အကျယ် |
|---|---|---|---|
| ၁။ | သောမနဿဝေဒနာ | ၃၀-ပါး | ၆၂-ပါး |
| ၂။ | ဒေါမနဿဝေဒနာ | ၂-ပါး | ၂-ပါး |
| ၃။ | ဥပေက္ခာဝေဒနာ | ၅၅-ပါး | ၅၅-ပါး |
| ၄။ | သုခဝေဒနာ | ၁-ပါး | ၁-ပါး |
| ၅။ | ဒုက္ခဝေဒနာ | ၁-ပါး | ၁-ပါး |
| | ပေါင်း | အကျဉ်း ၈၉-ပါး | အကျယ် ၁၂၁-ပါး |

## (၄) ယောဂဘေဒ (သမ္ပယုတ် + ဝိပ္ပယုတ်)ဖြင့် ဝေဘန်ခြင်း

| စဉ် | သမ္ပယုတ်စိတ် | ဝိပ္ပယုတ်စိတ် |
|---|---|---|
| ၁။ | အကုသိုလ်စိတ် ၈-ပါး | အကုသိုလ်စိတ် ၄-ပါး |
| ၂။ | ကာမသောဘနစိတ် ၁၂-ပါး | ကာမသောဘနစိတ် ၁၂-ပါး |

မှတ်ချက် ။ ။ အရှင်အနုရုဒ္ဓါဆရာမြတ်အလို အဟိတ်စိတ်, မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်တို့ကို သမ္ပယုတ်, ဝိပ္ပယုတ်ခွဲခြားပြဆိုခြင်း

http://www.dhammadownload.com



မရှိသောကြောင့် အကုသိုလ်စိတ်နှင့် ကာမာဝစရသောဘနစိတ်တို့ကိုသာ သမ္ပယုတ်, ဝိပ္ပယုတ်ခွဲခြားပြရန်လိုသည်။

## (၅) သင်္ခါရဘေဒ (သင်္ခါရ ရှိ/မရှိ) ခွဲခြင်း

| စဉ် | အသင်္ခါရိက | သသင်္ခါရိက |
|---|---|---|
| ၁။ | အကုသိုလ်စိတ် ၅-ပါး | အကုသိုလ်စိတ် ၅-ပါး |
| ၂။ | ကာမ-သောဘနစိတ် ၁၂-ပါး | ကာမ-သောဘနစိတ် ၁၂-ပါး |

မှတ်ချက် ။ ။ မောဟမူစိတ် (၂)ပါးသည် သင်္ခါရဝိမုတ်စိတ်။ ကြွင်းသော အဟိတ်စိတ်, မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်တို့ကို သင်္ခါရအားဖြင့် အထူးပြုဆိုထားခြင်း မရှိ။

## (က) ဈာန်စိတ် ၆၇-ပါး ဈာနဘေဒဖြင့် ခွဲခြင်း

| စဉ် | လောကုတ်+လောကီဈာန် | လောကီဈာန်(မဟဂ္ဂုတ်) | လောကုတ္တရာဈာန် |
|---|---|---|---|
| ၁။ | ပထမဈာန် ၁၁-ပါး | လောကီ ပ-ဈာန် ၃ | လောကုတ် ပ-ဈာန် ၈ |
| ၂။ | ဒုတိယဈာန် ၁၁-ပါး | ။ ဒု-ဈာန် ၃ | ။ ဒု-ဈာန် ၈ |
| ၃။ | တတိယဈာန် ၁၁-ပါး | ။ တ-ဈာန် ၃ | ။ တ-ဈာန် ၈ |
| ၄။ | စတုတ္ထဈာန် ၁၁-ပါး | ။ စ-ဈာန် ၃ | ။ စ-ဈာန် ၈ |
| ၅။ | ပဥ္စမဈာန် ၂၃-ပါး | ။ မ-ဈာန် ၁၅ | ။ မ-ဈာန် ၈ |
| | ပေါင်း ၆၇-ပါး | ပေါင်း ၂၇-ပါး | ပေါင်း ၄၀-ပါး |

✔ အရူပါဝစရစိတ်တို့သည် **"ဥပေက္ခာ, ဧကဂ္ဂတာ"**ဟူသော ဈာန်အင်္ဂါ ၂-ပါးသာ ယှဉ်၍ ပဥ္စမဈာန်အင်္ဂါချင်းတူသောကြောင့် အရူပစိတ်ကို **"ပဥ္စမဈာန်"**၌ သွင်းယူသည်။

မှတ်သားဖွယ်ရာ

## (က) ကာမစိတ် ၅၄-ပါးတို့တွင် -

၁။ ဒွေါသမူစိတ် ၂-ပါး၊ ဃာနဝိညာဏ်စိတ် ၂-ပါး၊ ဇိဝှါဝိညာဏ်စိတ် ၂-ပါး၊ ကာယဝိညာဏ်စိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး၊ ဤ ၁၆-ပါးသော

http://www.dhammadownload.com



စိတ်တို့သည် ကာမဘုံ၌သာ ဖြစ်၏။ ကျန် ၃၈-ပါးသော စိတ်တို့သည် ကာမဘုံ၌ များသောအားဖြင့် ဖြစ်ပြီး ရူပ, အရူပဘုံတို့၌လည်း ဖြစ်နိုင်သေး၏။

## (ခ) ရူပစိတ် ၁၅-ပါးတို့တွင် -

၁။ ရူပဝိပါက်စိတ် ၅-ပါးသည် ရူပဘုံ၌သာ ဖြစ်၏။

၂။ ရူပကုသိုလ်, ရူပကြိယာစိတ်တို့သည် ရူပဘုံ၌များသောအားဖြင့် ဖြစ်ပြီး ကာမဘုံ၌လည်း ဖြစ်နိုင်သေး၏။

## (ဂ) အရူပစိတ် ၁၂-ပါးတို့တွင် -

၁။ အရူပဝိပါက်စိတ် ၄-ပါးသည် အရူပဘုံ၌သာဖြစ်၏။

၂။ အရူပကုသိုလ်, အရူပကြိယာစိတ်တို့သည် အရူပဘုံ၌ များသောအားဖြင့် ဖြစ်ပြီး၊ ကာမဘုံ, ရူပဘုံတို့၌လည်း ဖြစ်နိုင်သေး၏။

## (ဃ) သဗ္ဗညုတဉာဏ် + အရဟတ္တမဂ်ဉာဏ် -

၁။ သဗ္ဗညုတဉာဏ် = ဆင်ခြင်လိုက်လျှင် အာရုံမှန်သမျှကို အပိတ်အပင်အဆီး အတား မရှိ အလုံးစုံအာရုံပြုနိုင်သော မဟာကြိယာဉာဏ သမ္ပယုတ် စိတ် ၄-ပါး၌ ယှဉ်သော ပညာစေတသိက်။

၂။ **အရဟတ္တမဂ်ဉာဏ်** = နိဗ္ဗာန်ကိုသာ အာရုံပြုသော အရဟတ္တမဂ် စိတ်၌ ယှဉ်သော ပညာစေတသိက်။

| | | |
|---|---|---|
| ✔ | သဗ္ဗညုတဉာဏ်စိတ်ကား | လောကီ |
| ✔ | အရဟတ္တမဂ်ဉာဏ်စိတ်ကား | လောကုတ္တရာ။ |

စိတ်ပိုင်းပြီး၏။

http://www.dhammadownload.com



# ၂။ စေတသိက်ပိုင်း

➢ ဧကုပ္ပါဒနိရောဓာ စ၊ ဧကာလမ္ဗဏဝတ္ထုကာ။
စေတောယုတ္တာ ဒွိပညာသ၊ ဓမ္မာ စေတသိကာ မတာ။ (သင်္ဂဟ)

စိတ်၌မှီ၍ စိတ်ကို ခြယ်လှယ်တတ်သော, စိတ်နှင့်အမြဲယှဉ်သော (စေတောယုတ္တလက္ခဏာ လေးပါးနှင့်ညီညွတ်သော) ၅၂-ပါးသော သဘောတရားများကို **"စေတသိက်"**ဟုခေါ်သည်။

ဆောင်။ ။ စိတ်၌ မှီတွယ်၊ စိတ်ကိုခြယ်၊ ငါးဆယ့်နှင့်ဒွိတ်၊ စေတသိက်။ (လယ်တီ)

စေတသိက်လက္ခဏာ ၄-ပါး (ဝါ) စေတောယုတ္တလက္ခဏာ ၄-ပါး

၁။ **ဧကုပ္ပါဒ** = စိတ်နှင့် အတူဖြစ်ခြင်း။ (စိတ်ဖြစ်သည်နှင့် တပြိုင်နက် အတူတကွဖြစ်ခြင်း)။

၂။ **ဧကနိရောဓ** = စိတ်နှင့် အတူချုပ်ခြင်း။ (စိတ်ချုပ်သည်နှင့်တပြိုင်နက် အတူတကွ ချုပ်ခြင်း။)

၃။ **ဧကာလမ္ဗဏ** = စိတ်နှင့်အာရုံတူခြင်း။ (စိတ်ယူအပ်သော အာရုံကိုသာ ယူခြင်း။ စိတ်က ရူပါရုံကို အာရုံပြုလျှင် စေတသိက်ကလည်း ထိုရူပါရုံကိုပင် အာရုံပြုရသည်။)

၄။ **ဧကဝတ္ထုက** = စိတ်နှင့် မှီရာဝတ္ထုတူခြင်း။ (စိတ်က စက္ခုဝတ္ထုကိုမှီလျှင် စေတသိက်ကလည်း ထိုစက္ခုဝတ္ထုကိုပင် မှီရသည်-စသည်။)

ဆောင်။ ။ ဖြစ်, ချုပ်, မှီ,အာ၊ ဤလေးဖြာ၊ အင်္ဂါ ယှဉ်နိမိတ်။

http://www.dhammadownload.com



## စေတသိက် (၅၂)ပါးသရုပ်

| | | |
|---|---|---|
| အညသမာန်းစေတသိက်စု (၁၃)ပါး | (က)သဗ္ဗစိတ္တသာဓာရဏ ၇ | ဖဿ, ဝေဒနာ, သညာ, စေတနာ ဧကဂ္ဂတာ,ဇီဝိတိန္ဒြိယ, မနသိကာရ |
| | (ခ) ပကိဏ်ဏ ၆ | ဝိတက်, ဝိစာရ, အဓိမောက္ခ, ဝီရိယ, ပီတိ, ဆန္ဒ |
| အကုသိုလ်စေတသိက်စု (၁၄)ပါး | မောစတုက် ၄ | မောဟ, အဟိရိက, အနောတ္တပ္ပ ဥဒ္ဓစ္စ |
| | လောတြိ ၄ | လောဘ, ဒိဋ္ဌိ, မာန |
| | ဒေါစတုက် ၄ | ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ |
| | ဆုံးတြိ ၃ | ထိန, မိဒ္ဓ, ဝိစိကိစ္ဆာ |
| သောဘနစေတသိက်စု (၂၅)ပါး | (က)သောဘနသာဓာရဏ ၁၉ | သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, အလောဘ, အဒေါသ, အမောဟ တတြမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ,စိတ္တကမ္မညတာ, ကာယပါဂုညတာ,စိတ္တပါဂုညတာ, ကာယုဇုကတာ, စိတ္တုဇုကတာ။ |
| | (ခ) ဝိရတီ ၃ | သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ |
| | (ဂ)အပ္ပမညာ ၂ | ကရုဏာ, မုဒိတာ |
| | (ဃ)ပညိန္ဒြေ ၁ | ပညာ (အမောဟ) |

## စေတသိက် (၅၂)ပါး အမျိုးအစား

၁။ အညသမာန်းစေတသိက် ၁၃-ပါး

၂။ အကုသိုလ်စေတသိက် ၁၄-ပါး

၃။ သောဘနစေတသိက် ၂၅-ပါး

http://www.dhammadownload.com



## ၁။ အညသမာန်းစေတသိက် ၁၃-ပါး

(က) သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး
(ခ) ပကိဏ်းစေတသိက် ၆-ပါး

(က) **သဗ္ဗစိတ္တသာဓာရဏစေတသိက်** ။ ။ အလုံးစုံသော စိတ်တို့နှင့် ဆက်ဆံသော စေတသိက် စိတ်အားလုံးနှင့် ယှဉ်နိုင်သော, စိတ်ဖြစ်တိုင်းပါကြရသောစေတသိက် ၇-ပါး။

### သဗ္ဗစိတ္တသာဓာရဏစေတသိက်တို့၏ သဘောလက္ခဏာ

၁။ **ဖဿ** ။ ။ အာရုံကို တွေ့ထိခြင်းသဘော။

**ဥပမာ** ။ ။ ချဉ်သီးစားနေသူကို မြင်၍ သွားရည်ယိုခြင်း, သွားကျင်ခြင်းမျိုး၊ သစ်ပင်ဖျားတက်နေသူကိုမြင်၍ ကြောက်ဒူးတုန်ခြင်းမျိုးနှင့် တူ၏။

၂။ **ဝေဒနာ** ။ ။ အာရုံ၏ အရသာကို ခံစားခြင်းသဘော

**ဥပမာ** ။ ။ ရှင်ဘုရင်၏ ကောင်းမြတ်သော ဘောဇဉ်အရသာကို ပိုင်စိုး ပိုင်နင်း ခံစားခြင်းနှင့်တူ၏။

၃။ **သညာ** ။ ။ အာရုံကို မှတ်သားခြင်းသဘော။

**ဥပမာ** ။ ။ လက်သမားဆရာတို့၏ (နောင်အခါဖြတ်တောက် ထွင်းဖောက်နိုင်ဖို့အတွက်) သစ်သားပေါ်၌ ခဲအမှတ်အသားပြုခြင်းနှင့်တူ၏။

၄။ **စေတနာ** ။ ။ အာရုံ၌ ယှဉ်ဘက်တရားတို့ကို ဆိုင်ရာကိစ္စဆောင်ရွက်ရန် စေ့ဆော် တိုက်တွန်းနှိုးဆော်ခြင်းသဘော။

**ဥပမာ** ။ ။ ကိုယ်တိုင် မိမိကိစ္စကို ဆောင်ရွက်ရုံမက၊ အောက်လက်ငယ်သားတို့ကိုလည်း ဆိုင်ရာကိစ္စတို့၌ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်တတ်သော တပည့်ကြီး, လက်သမားကြီး, စစ်သူကြီးတို့နှင့်တူ၏။

http://www.dhammadownload.com



၅။ **ဧကဂ္ဂတာ။** ။အာရုံတစ်ခုထည်း၌ တည်ကြည်ခြင်း (မပျံ့လွင့်ခြင်း)သဘော။

**ဥပမာ** ။ ။ လေငြိမ်ရာ၌ ထွန်းထားသော ဆီမီးလျှံ၏ (လှုပ်ရှားခြင်းမရှိဘဲ) တည်ငြိမ်နေခြင်းနှင့်တူ၏။

၆။ **ဇီဝိတိန္ဒြေ** ။ ။ယှဉ်ဘက်တရားတို့ကို စဉ်ဆက်မပြတ်ဖြစ်စေရန် စောင့်ရှောက်ခြင်း, အစိုးရခြင်းသဘော။

**ဥပမာ** ။ ။ ကြာရိုးထဲတွင် တည်ရှိနေသော ရေသည် ကြာပင်ကို ဆက်လက်ရှင်သန်စေရန် စောင့်ရှောက်ခြင်းနှင့် တူ၏။

၇။ **မနသိကာရ** ။ ။ စိတ်ထဲ၌ အာရုံပေါ်လာအောင်နှလုံးသွင်းခြင်းသဘော (အာရုံထဲ၌ စိတ်ကိုထည့်ထားခြင်းသဘော။)

**ဥပမာ** ။ ။ အာဇာနည်မြင်းကို အလိုရှိရာအရပ်သို့ ကောင်းစွာမောင်းနှင်နိုင်သော ရထားထိန်းနှင့်တူ၏။

================================

(ခ) **ပကိဏ်းစေတသိက်။** ။စိတ်အားလုံးနှင့် မယှဉ်နိုင်ပဲ အချို့သောစိတ်တို့၌ ဟိုတစ်ချို့, သည်တစ်ချို့ ရောရောပြွမ်းပြွမ်းယှဉ်တတ်သော စေတသိက် ၆-ပါး။

## ပကိဏ်းစေတသိက်တို့၏ သဘောလက္ခဏာ

၁။ **ဝိတက်။** ။ယှဉ်ဘက်တရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးခြင်း(ကြံစည်ခြင်း) သဘော။

**ဥပမာ** ။ ။ ခေါင်းလောင်းထိုးသောအခါ ရှေးဦးစွာ ထွက်ပေါ်လာသော အသံနှင့် တူ၏။

၂။ **ဝိစာရ။** ။ အာရုံကို သုံးသပ်ခြင်း (ထပ်၍ထပ်၍ ယူခြင်း)သဘော။

**ဥပမာ** ။ ။ ခေါင်းလောင်းထိုးသောအခါ နောက်ထပ်ဆက်၍ ဆက်၍ထွက်ပေါ်လာသော ကြေးညီးသံနှင့်တူ၏။

http://www.dhammadownload.com



၃။ **အဓိမောက္ခ။** ။ အာရုံကို ဆုံးဖြတ်ခြင်းသဘော (ကောင်းသည့်ဘက်၌ ဖြစ်စေ၊ မကောင်းသည့်ဘက်၌ ဖြစ်စေ အမှုကိစ္စဆောင် ရွက်ရန် အခိုင်အမာဆုံးဖြတ်ချက်ချခြင်းသဘော။

**ဥပမာ** ။ ။ တရားသူကြီးနှင့် တူ၏။

၄။ **ဝီရိယ။** ။ သမ္ပယုတ်တရားတို့ကို ထောက်ပံ့ခိုင်စေခြင်း (အားထုတ်ခြင်း, အားတက်သရော်ရှိခြင်း)သဘော။

**ဥပမာ** ။ ။ ယိုယွင်းယိုင်နေသော အဆောက်အအုံများကို ပြိုလဲမသွားအောင် ကျားကန်ထောက်ကူပေးထားသော ထောက်တိုင်နှင့်တူ၏။

၅။ **ပီတိ။** ။အာရုံကို နှစ်သက်ခြင်းသဘော။

**ဥပမာ** ။ ။ ကန္တာရခရီးကြမ်းကို ဖြတ်သန်းခဲ့ရသော သူ၏ တောအုပ်တစ်ခု၌ ကြည်လင်သောရေအိုင်ကြီးကို မြင်ရသည့်အခါ နှစ်သက်ခြင်းနှင့်တူ၏။ (ပီတိဖြစ်လာသည့်အခါ စိတ်, စေတသိက်တို့ ရွှင်လန်းကြ၏-ဟူလို)

၆။ **ဆန္ဒ ။** ။ အာရုံကို လိုလားတောင့်တခြင်း (ပြုလိုကာမတ္တ)သဘော။

**ဥပမာ** ။ ။ ပစ်လွှတ်ရန် မြှားတောင့်မှ မြှားကိုလှမ်းယူနေသော လေးသမားနှင့် တူ၏။

**အညသမာန်း ။** ။ ဤဆိုခဲ့ပြီးသော စေတသိက် ၁၃-ပါးသည် သောဘနစိတ်, အသောဘနစိတ် ၂-မျိုးလုံး၌ ယှဉ်နိုင်သောကြောင့် (ဝါ) ကုသိုလ်, အကုသိုလ် (ကောင်း + ဆိုးနှစ်တန်) ဆက်ဆံသောကြောင့် အညသမာန်းစေတသိက်မည်၏။

- ✔ **သောဘနစိတ်တို့၌ ယှဉ်ခိုက် ကုသိုလ်စေတသိက်များဖြစ်ကြသည်။**
- ✔ **အသောဘနစိတ်တို့၌ယှဉ်ခိုက် အကုသိုလ်စေတသိက်များ ဖြစ်ကြသည်။**

ဆောင်။ ။ ကောင်း/ဆိုးနှစ်တန်၊ ခပ်တိုင်း ငန်၊ သမာန် အည၊ တေရသ။

http://www.dhammadownload.com



## ၂။ အကုသိုလ်စေတသိက် ၁၄-ပါး

**အကုသိုလ်စေတသိက်** = စိတ်ကို မကောင်းအောင်အပြစ်ရှိအောင် ခြယ်လှယ်သည့်စေတသိက်(ဝါ) အပြစ်နှင့်တကွ မကောင်းသော အကျိုးကို ပေးသော စေတသိက် (ဝါ) အကုသိုလ်နှင့်သာသက်ဆိုင်သော စေတသိက်။

၁။ **မောဟ၊** ။ အာရုံ၏ သဘောအမှန်ကို ဖုံးကွယ်ခြင်း, အာရုံ၌ တွေဝေခြင်းသဘော။ (ရှိပြီးသော ပညာစက္ခုကို ကန်းအောင်ပြုတတ်သော တရား)

**ဉပမာ** ။ ။ လကွယ်, သန်းခေါင်, မိုးမှောင်, တောအုပ်ဟူသော အင်္ဂါလေးပါးရှိသည့် အမိုက်မှောင်နှင့်တူ၏။ (တစ်နည်း) မြက်ခြောက်ကို မြက်စိမ်းထင်အောင် ဖုံးကွယ်ထားသော မျက်မှန်စိမ်းနှင့်တူ၏။

➢ မုယှတီတိ မောဟော နာမ၊ ဧသော အညာဏလက္ခဏော၊

ဆောင်။ ။ သဘောမှန်ရာ၊ ဖုံးကွယ်ကာ၍၊ ပညာစက္ခု၊ ကန်းအောင်ပြုလျှင်း၊ မိုက်မဲခြင်း၊ မယွင်းမောဟသဘောတည်း။

၂။ **အဟိရိက** ။ ။ မကောင်းမှုဒုစရိုက်မှ မရှက်ခြင်းသဘော။

**ဉပမာ** ။ ။ မစင်ကို စားရမှာ မရှက်သော ရွာဝက်နှင့်တူ၏။

၃။ **အနောတ္တပ္ပ** ။ ။ မကောင်းမှုဒုစရိုက်မှ မကြောက်လန့်ခြင်းသဘော။

**ဉပမာ** ။ ။ မီးကို မကြောက်ရွံ့ဘဲ ဖွတ်ဝင်တိုးသော ပိုးဖလံကောင်နှင့်တူ၏။

၄။ **ဉဒ္ဓစ္စ** ။ ။ စိတ်၏ မငြိမ်မသက် ပျံ့လွင့်ခြင်းသဘော။

**ဉပမာ** ။ ။ ပြာပုံကို ခဲဖြင့် ပစ်သည့်အခါ ပြာမှုန့်များပျံ့လွင့်သွားခြင်းနှင့်တူ၏။ (တစ်နည်း) လေအရှိန်ကြောင့် ရေမငြိမ်ခြင်းနှင့်တူ၏။

မောဟခေါင်းဆောင်သော ဤစေတသိက်လေးပါးသည် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ ယှဉ်သောကြောင့် **“သဗ္ဗာကုသလသာဓာရဏ”**အမည်ရသည်။

http://www.dhammadownload.com



မောဟအုပ်စုတွင်ပါဝင်သောကြောင့် မောစတုက် ၄-ပါးဟုလည်း ခေါ်ကြသည်။

ဆောင်။ ။ မော, ဟိ, နော, ဥဒ်၊ မောစတုက်။

၅။ **လောဘ**။ ။ လောကီအာရုံကာမဂုဏ်တို့၌ လိုချင်ခြင်း, ငြိကပ်ခြင်း, တပ်မက်ခြင်းသဘော။
(ကုသိုလ်အရာ၌ လိုချင်ခြင်းကား။ ကုသိုလ်ဆန္ဒသာတည်း။)

## လောဘနှင့် ဆန္ဒအထူး

✔ မျောက်နဲ့စေးဖြင့် ကပ်သကဲ့သို့ ကာမဂုဏ်အာရုံ၌ ငြိကပ်တွယ်တာခြင်း သဘောပါသော လိုချင်မှုသည် **လောဘ**။

✔ ငြိကပ်တွယ်တာခြင်းမရှိပဲ အာရုံတစ်ခုကို ရလိုရုံမျှသည် **ဆန္ဒ**။

## လောဘ၏ အမည်ကွဲများ

ဤလောဘစေတသိက်ကိုပင် အကုသိုလ်အရာ၌ စွမ်းဆောင်နိုင်သည့် သဘောသတ္တိကို လိုက်၍ **တဏှာ, ရာဂ, ကာမ, အာသဝ, အဘိဇ္ဈာ, နိကန္တိ, အာလယ, အာသင်္ဂ, အနုသယ, ကိလေသာ, သမုဒယသစ္စာ**-ဟူသော အမည်နာမ အမျိုးမျိုးဖြင့် ဆိုကြသေးသည်။

၆။ **ဒိဋ္ဌိ** ။ ။ မှားမှားယွင်းယွင်း သိမြင်ခြင်း။ (အယူမှားခြင်း)သဘော။
**ဥပမာ** ။ ။ မျက်စိလည်လမ်းမှားနေသူနှင့်တူ၏။

## ဉာဏ်နှင့် ဒိဋ္ဌိအထူး

✔ **ဉာဏ်**-သည် အာရုံကို ဟုတ်သောအားဖြင့် သိ၏။ သဘာဝအမှန်ကို သိခြင်းပင် ဖြစ်၏။

✔ **ဒိဋ္ဌိ**-ကား သဘာဝအမှန်တရားကိုစွန့်၍ အမှားကို သိခြင်းသာတည်း။

http://www.dhammadownload.com



၇။ **မာန** ။ ။ လောကမှာ ငါသာလျှင် အမြတ်ဆုံးဟု ထောင်လွှားတက်ကြွခြင်း
သဘော။

**ဥပမာ** ။ ။ အလံတံခွန်, မှန်ကင်းတို့နှင့်တူ၏။

ဆောင်။ ။ အများထက်ချွန်၊ စိတ်နေလွန်၍၊ တံခွန်အလား၊ ငါတကားဟု၊ ထောင်လွှားပြုလျက်၊ ကြွကြွတက်လျင်း၊ မှတ်ထင်ခြင်း၊ မယွင်းမာနသဘောတည်း။

ဤဆိုခဲ့ပြီးသော လောဘ, ဒိဋ္ဌိ, မာနစေတသိက် ၃-ပါးသည် လောဘအုပ်စုတွင် ပါဝင်သောကြောင့် **"လောတြိ"**စေတသိက်ဟူ၍ အတိုကောက် ခေါ်ကြသည်။ ယင်းလောဘ, ဒိဋ္ဌိ, မာန ၃-ပါးသည် သတ္တဝါတို့ကို သံသရာ၌ ကြာမြင့်စေတတ်ခဲ့ထွင်တတ်သောတရားဆိုးများဖြစ်၍ "ပပဉ္စ"ဟူ၍လည်းဆိုကြသည်။

၈။ **ဒေါသ** ။ ။ ခက်ထန်ကြမ်းတမ်းခြင်းသဘော။

**ဥပမာ** ။ ။ တုတ်, လှံတံဖြင့် ရိုက်ခတ်ခံရသော မြွေဟောက်နှင့်တူ၏။

ဤဒေါသစေတသိက်ကိုပင်အကုသိုလ်အရာ၌ စွမ်းဆောင်နိုင်သည့်သဘောသတ္တိကိုလိုက်၍ **အာဃာတ, ပဋိဃ, ဗျာပါဒ, ကောပ**-အမည်တို့ဖြင့်လည်း ခေါ်ဝေါ်ကြသည်။

၉။ **ဣဿာ** ။ ။ သူတစ်ပါးတို့၏ ဂုဏ်သိရ်စည်းစိမ်ချမ်းသာကို ငြူစူစောင်းမြောင်းခြင်း၊ မနာလိုခြင်းသဘော။

၁၀။ **မစ္ဆရိယ** ။ ။ မိမိစည်းစိမ်, ဂုဏ်သိရ်ချမ်းသာတို့ကို ဝန်တိုခြင်းသဘော၊ သူတစ်ပါးတို့နှင့် မဆက်ဆံစေလိုခြင်း၊ နှမြောခြင်းသဘော။

မစ္ဆရိယ ၅-မျိုး

၁။ **အာဝါသမစ္ဆရိယ** = ကျောင်းကန်တိုက်တာနေရာထိုင်ခင်းတို့၌ ဝန်တိုမှု။
၂။ **ကုလမစ္ဆရိယ** = ဆွေမျိုးဉာတိတပည့်ဒကာဒကာမတို့၌ ဝန်တိုမှု။
၃။ **လာဘမစ္ဆရိယ** = ပစ္စည်းလာဘ်လာဘတို့၌ ဝန်တိုမှု။
၄။ **ဝဏ္ဏမစ္ဆရိယ** = ရုပ်ရည်အဆင်းဂုဏ်သတင်းတို့၌ ဝန်တိုမှု။
၅။ **ဓမ္မမစ္ဆရိယ** = မိမိတတ်သိထားသော အတတ်ပညာ၌ ဝန်တိုမှု။

၁၁။ **ကုက္ကုစ္စ** ။ ။ ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ အဖန်တလဲလဲစိုးရိမ်ခြင်း, နောင်တဖန်ပူပန်ခြင်း သဘော။

ဤဆိုခဲ့ပြီးသော ဒေါသ, ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စစေတသိက် ၄-ပါးသည် ဒေါသအုပ်စုဝင်စေတသိက်များဖြစ်ကြသောကြောင့် **"ဒေါစတုက် ၄-ပါး"** ဟုလည်း ခေါ်ကြသည်။

ဆောင်။ ။ ဒေါ, ဣဿ်, မစ်, ကုက်၊ ဒေါစတုတ်။

၁၂။ **ထိန** ။ ။ စိတ်၏ ထိုင်းမှိုင်းခြင်း၊ စိတ်မလန်းပဲ ခပ်ထိုင်းထိုင်းဖြစ်နေခြင်း သဘော။

**ဥပမာ** ။ ။ ဝီရိယကင်းမဲ့သော ပျင်းရိနေသူနှင့်တူ၏။

၁၃။ **မိဒ္ဓ** ။ ။ စေတသိက်တို့၏ ထိုင်းမှိုင်းခြင်းသဘော။

ယှဉ်ဘက်စိတ်,စေတသိက်များမလန်းပဲ ထိုင်းထိုင်းမှိုင်းမှိုင်းဖြစ်နေခြင်းသဘော။

**ဥပမာ** ။ ။ နာလန်ထ လူမမာနှင့်တူ၏။

(အိပ်ချင်မူးတူးဖြစ်နေသည့်အခါ ဤထိန, မိဒ္ဓစေတသိက် ၂-ပါးထင်ရှား၏။)

၁၄။ **ဝိစိကိစ္ဆာ** ။ ။ အာရုံကို မဆုံးဖြတ်နိုင်ခြင်းသဘော။ ရတနာ ၃-ပါးအပေါ်၌ ယုံမှားသံသယရှိခြင်း "ဘုရားဆိုတာ ရှိမှ ရှိရဲ့လား" စသည်ဖြင့် စိတ်ဒွိဟဖြစ်ခြင်းစသည်။

**ဥပမာ** ။ ။ လမ်း ၂-ခွ၌ ရောက်နေသူနှင့်တူ၏။

===========================

## (၃) သောဘနစေတသိက် ၂၅-ပါး

| | | |
|---|---|---|
| (က) | သောဘနသာဓာရဏစေတသိက် | ၁၉-ပါး |
| (ခ) | ဝိရတီစေတသိက် | ၃-ပါး |
| (ဂ) | အပ္ပမညာစေတသိက် | ၂-ပါး |
| (ဃ) | ပညိန္ဒြေစေတသိက် | ၁-ပါး |
| | ပေါင်း | ၂၅-ပါး |

http://www.dhammadownload.com



လောဘ, ဒေါသစသော အပြစ်မရှိသဖြင့် တင့်တယ်သော (ဝါ) အပြစ်ကင်းစင်၍ ကောင်းကျိုးချမ်းသာကို ပေးသော စေတသိက် ၂၅-ပါးကို **"သောဘနစေတသိက်"**ဟု ခေါ်သည်။ ယင်းစေတသိက် ၂၅-ပါးသည် အသောဘနစိတ်တို့၌ မယှဉ်ကြ။ သောဘနစိတ်များ၌သာ (ထိုက်သင့်သလို) ယှဉ်ကြသည်။

**သောဘနသာဓာရဏ စေတသိက် ၁၉-ပါး**

**<u>သောဘနသာဓာရဏ</u>။** ။သောဘနစိတ်အားလုံးနှင့်ဆက်ဆံသော (ယှဉ်နိုင်သော) စေတသိက်များ။

၁။ **<u>သဒ္ဓါ</u>။** ။မှန်ကန်သော ဘုရား, တရား, သံဃာနှင့် ကံ, ကံ၏အကျိုးစသည်တို့ကို ယုံကြည်ခြင်း, ကြည်ညိုခြင်းသဘော, ယှဉ်ဘက်တရားတို့ကို ကြည်လင်စေခြင်းသဘော။

**ဥပမာ** ။ ။ နောက်ကျုနေသော ရေကို ကြည်လင်စေတတ်သော စကြာဝတေးမင်း၏ ပတ္တမြားရတနာနှင့်တူ၏။

၂။ **<u>သတိ</u>။** ။ ဘုရား, တရား-အစရှိသော ကုသိုလ်ကောင်းမှုအာရုံတို့ကို အောက်မေ့ခြင်း, အမှတ်ရခြင်း, မမေ့မလျော့ခြင်းသဘော။

**ဥပမာ** ။ ။ ရတနာဘဏ္ဍာကို လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက်ရသော ဘဏ္ဍာထိန်းနှင့်တူ၏။ ရန်သူများ မဝင်နိုင်ရန် စောင့်ထိန်းသော တံခါးမှူးနှင့်လည်း တူ၏။

✔ သမ္မာသတိ, မိစ္ဆာသတိ ၂-မျိုးတွင် ဤ၌ သမ္မာသတိကို ယူရမည်။

➢ သမ္မာသတိ = ကုသိုလ်ဆိုင်ရာ ကောင်းမှုအာရုံတို့ကို အမှတ်ရမှု။
➢ မိစ္ဆာသတိ = အကုသိုလ်ဆိုင်ရာတို့၌ အမှတ်ရမှု။ (သတိအတု။)

၃။ **<u>ဟိရီ</u>** ။ ။ မကောင်းမှုဒုစရိုက်မှုပြုရမည်ကို ရှက်ခြင်းသဘော။

**ဥပမာ** ။ ။ အမျိုးသမီးကောင်း သမီးပျိုနှင့်တူ၏။

http://www.dhammadownload.com



၄။ **ဩတ္တပ္ပ** ။ မကောင်းမှုဒုစရိုက်မှု ပြုရမည်ကို ကြောက်လန့်ခြင်းသဘော။

**ဥပမာ** ။ ။ ပင့်သန္ဓေကိုယ်ဝန်ရှိမည်ကို ကြောက်လန့်သော ပြည့်တန်ဆာမနှင့်တူ၏။

ဆောင်။ ။ ဒုစရိုက်ဆိုး၊ အမိုက်မျိုးမှ၊ ရှက်စနိုးမှု၊ ဟိရီယူ၊ ကြောက်မှု ဩတ္တပ္ပ။

**လောကပါလ တရား ၂-ပါး**

ဤဟိရီ, ဩတ္တပ္ပ (အရှက်, အကြောက်)တရား ၂-ပါးသည် လောကကြီးကို (မပျက်စီးအောင်, မနိမ့်ကျအောင်, သာယာလှပအောင်, လူနှင့် တိရစ္ဆာန်ကွဲပြားအောင်) ထိန်းသိမ်းစောင့်ရှောက်တတ်သောကြောင့် **"လောကပါလ"**တရားမည်၏။ ဤတရား ၂-ပါးကသာ မစောင့်ရှောက်မူကား လူနှင့်တိရစ္ဆာန်ခြားနားကြမည် မဟုတ်ပေ။

၅။ **အလောဘ** ။ လောကီအာရုံကာမဂုဏ်ကို မလိုချင်, မတပ်မက်ခြင်းသဘော၊ စွန့်လွှတ်နိုင်ခြင်းသဘော။ (သုတ္တန်နည်းအရ ဒါနအမည်ရသော စေတသိက်။)

**ဥပမာ** ။ ။ ကိလေသာအားလုံးကုန်ပြီးသော ရဟန္တာတူ၏။

၆။ **အဒေါသ** ။(ဆန့်ကျင်ဘက်အာရုံတို့နှင့်တွေ့ကြုံရသော်လည်း) မခက်ထန်၊ မကြမ်းတမ်းခြင်းသဘော။

**ဥပမာ** ။ ။ အရာရာတွင်လိုက်လျောတတ်သော မိတ်ဆွေကောင်းနှင့်တူ၏။

၇။ **တတြမဇ္ဈတ္တတာ** ။ စိတ်, စေတသိက်တို့ကို မိမိတို့၏ ကိစ္စ၌ အပိုအလွန်မရှိစေရအောင် (မယုတ်မလွန် မျှတစေရန်) အလယ်အလတ်၌ တည့်မတ်ပေးခြင်း, လျစ်လျူရှုခြင်းသဘော။ (ဥပေက္ခာ)

ဥပမာ။ ။ မြင်းနှစ်ကောင်ကသော ရထားကို မောင်းနှင်သော ရထားထိန်းနှင့်တူ၏။

ဤစေတသိက်သည် သတ္တဝါတို့အပေါ်၌ ချစ်ခြင်း, မုန်းခြင်းဟူသော အစွန်း ၂-ဘက်လွတ်အောင် မျှမျှတတထိန်းပေး၏။ ဘက်လိုက်ခြင်းမရှိ။

၈။ **ကာယပဿဒ္ဓိ** ။ စေတသိက်အပေါင်း၏ ငြိမ်းအေးခြင်းသဘော။ (စေတသိက်တို့၏ ပူပန်ခြင်းကို ငြိမ်းအေးစေခြင်း။)

၉။ **<u>စိတ္တပဿဒ္ဓိ</u>** ။ စိတ်၏ ငြိမ်းအေးခြင်းသဘော။
(စိတ်၏ ပူပန်ခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

**ဥပမာ** ။ ။ ဤစေတသိက် ၂-ပါးသည် အေးမြသောရေ၌ ပစ်ချအပ်သော ငါးနှင့်တူ၏။ (ဤပဿဒ္ဓိစေတသိက် ၂-ပါးသည် ဥဒ္ဓစ္စ၏ဆန့်ကျင်ဘက်တည်း။)

၁၀။ **<u>ကာယလဟုတာ</u>** ။ စေတသိက်အပေါင်း၏ လျင်မြန်ပေါ့ပါးခြင်းသဘော။
(စေတသိက်အပေါင်း၏ လေးလံထိုင်းမှိုင်းခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

၁၁။ **<u>စိတ္တလဟုတာ</u>** ။ စိတ်၏ လျင်မြန်ပေါ့ပါးခြင်းသဘော။
(စိတ်၏ လေးလံထိုင်းမှိုင်းခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

**ဥပမာ** ။ ။ ဤလဟုတာစေတသိက် ၂-ပါးသည် အေးမြသောရေ၌ ပစ်ချအပ်သော ပဒုမ္မာကြာပန်းနှင့်တူ၏။ (ထိနမိဒ္ဓ၏ ဆန့်ကျင်ဘက်စေတသိက်။)

၁၂။ **<u>ကာယမုဒုတာ</u>** ။ စေတသိက်အပေါင်း၏ နူးညံ့ခြင်းသဘော။
(စေတသိက်အပေါင်း၏ ကြမ်းတမ်းခက်ထန်ခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

၁၃။ **<u>စိတ္တမုဒုတာ</u>** ။ စိတ်၏ နူးညံ့ခြင်းသဘော။
(စိတ်၏ ကြမ်းတမ်းခက်ထန်ခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

**ဥပမာ** ။ ။ ဤမုဒုတာစေတသိက် ၂-ပါးသည် ချစ်ခင်လှစွာသော ဆွေမျိုးတို့၏ အလယ်သို့ရောက်သည့် စစ်သူကြီးနှင့်တူ၏။ (ဒိဋ္ဌိမာနပြဋ္ဌာန်းသော ကိလေသာစု၏ ဆန့်ကျင်ဘက်စေတသိက်။)

၁၄။ **<u>ကာယကမ္မညတာ</u>** ။ စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ခံငြားခြင်းသဘော။
(စေတသိက်အပေါင်း၏ ကုသိုလ်အမှု၌ မခံငြားခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

http://www.dhammadownload.com



၁၅။ **စိတ္တကမ္မညတာ ။** ။ စိတ်၏ ကုသိုလ်ကောင်းမှု၌ ခံပြားခြင်းသဘော။ (စိတ်၏ ကုသိုလ်အမှု၌ မခန့်ပြားခြင်းကို ငြိမ်းအေးစေခြင်းသဘော။)

**ဥပမာ** ။ ။ ဤကမ္မညတာစေတသိက် ၂-ပါးသည် နယ်အပ်ပြီးသော သားရေနှင့်ငင်း၊ စင်ကြယ်သော ရွှေစင်, ရွှေသားနှင့်ငင်း တူ၏။ (ကာမစ္ဆန္ဒ၏ ဆန့်ကျင်ဘက်တည်း။)

၁၆။ **ကာယပါဂုညတာ။** ။ စေတသိက်အပေါင်း၏ ကုသိုလ်ကောင်းမှု၌ ပြွမ်းတီးလေ့လာနိုင်ခြင်းသဘော။ (ကုသိုလ်ကောင်းမှု၌ ပျော်ပိုက်နှစ်ခြိုက်ခြင်း၊ ပျော်ရွှင်ကျေနပ်ခြင်း။)

၁၇။ **စိတ္တပါဂုညတာ။** ။ စိတ်၏ ကုသိုလ်ကောင်းမှု၌ ပြွမ်းတီးလေ့လာနိုင်ခြင်း (ကျန်းမာခြင်း)သဘော။(ကုသိုလ်ကောင်းမှု၌ ပျော်ပိုက်နှစ်ခြိုက်ခြင်း၊ ပျော်ရွှင်ကျေနပ်ခြင်း။)

ဥပမာ ။ ။ ဤပါဂုညတာစေတသိက် ၂-ပါးသည် နက်လှစွာသော ရေ၌ပစ်ချထားအပ်သော မီးကျောင်းနှင့်တူ၏။ (အသဒ္ဓိယ၏ ဆန့်ကျင်ဘက်စေတသိက်တည်း။)

၁၈။ **ကာယုဇုကတာ။** ။စေတသိက်အပေါင်း၏ ဖြောင့်မတ်ခြင်းသဘော။

၁၉။ **စိတ္တုဇုကတာ။** ။ စိတ်၏ ဖြောင့်မတ်ခြင်းသဘော။

**ဥပမာ** ။ ။ ဤဥဇုကတာ ၂-ပါးသည် အရက်မူးပြေသောအခါ လမ်းသွားသူနှင့်တူ၏။ (မာယာ, သာဌေယျ၏ ဆန့်ကျင်ဘက်စေတသိက်ပင်တည်း။)

**မာယာ** = မိမိ၌ ထင်ရှားရှိသော အပြစ်ကို ဖုံးလွှမ်းခြင်း။ (အပြစ်ရှိပါလျက် အပြစ်မဲ့ဟန်ဆောင်ခြင်း။)

**သာဌေယျ** = မိမိ၌ မရှိသော ကျေးဇူးဂုဏ်ကို ချီးမွမ်းပြောဆိုခြင်း။ (ဂုဏ်မရှိပါပဲလျက် ဂုဏ်ရှိဟန်ဆောင်ခြင်း။)

http://www.dhammadownload.com



## (ခ) ဝိရတီစေတသိက် ၃-ပါး

**ဝိရတီ** ။ ။ မကောင်းမှုဒုစရိုက် ဒုရာဇီဝတို့ကို ပြုခွင့်ကြုံပါလျက် မပြုကျင့်ပဲ ရှောင်ကြဉ်ခြင်း။

၁။ **သမ္မာဝါစာ** ။ ။ အာဇီဝဟေတုကို မငဲ့မူ၍ (အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော) ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်ခြင်း သဘော။

**ဥပမာ** ။ ။ ရဲရဲတောက်နေသော သံတွေခဲကို မကိုင်ဝံ့သူနှင့်တူ၏။

၂။ **သမ္မာကမ္မန္တ** ။ ။ အာဇီဝဟေတုကို မငဲ့မူ၍ (အသက်မွေးဝမ်းကြောင်းနှင့် မစပ်ဆိုင်သော) ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်း သဘော။

**ဥပမာ** ။ ။ မစင်ကပ်နေသော သံတွေခဲကို မကိုင်ဝံ့သူနှင့်တူ၏။

၃။ **သမ္မာအာဇီဝ** ။ ။ အာဇီဝဟေတုကို ငဲ့သည်ဖြစ်၍ (အသက်မွေးဝမ်းကြောင်း နှင့်စပ်ဆိုင်သော)ဝစီဒုစရိုက် ၄-ပါး, ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်ခြင်းသဘော။

**ဥပမာ** ။ ။ အဆိပ်သီးကို မစားဝံ့သူနှင့်တူ၏။

### ဒုစရိုက်နှင့် ဒုရာဇီဝ

- ✔ အသက်မွေးဝမ်းကြောင်းမဟုတ်သော ပါဏာတိပါတစသည်တို့သည် **ဒုစရိုက်**။
- ✔ အသက်မွေးဝမ်းကြောင်းဖြစ်သော ပါဏာတိပါတစသည်တို့သည် **ဒုရာဇီဝ**။

## (ဂ) အပ္ပမညာ စေတသိက် ၂-ပါး

**အပ္ပမညာ** ။ ဤ၍ဤမျှဟု အတိုင်းအရှည်ပမာဏမထားပဲ သတ္တဝါပညတ်၌ ဖြစ်သော (အာရုံပြုသော) တရား။

(ပုဂ္ဂိုလ်သတ္တဝါဟူသည် ပရမတ္ထတရားမဟုတ်၊ ပညတ်တရားတည်း။ ထိုကြောင့် သတ္တဝါပညတ်ဟု ခေါ်သည်။)

http://www.dhammadownload.com



ဆောင်။ ။ ဤ၍ဤမျှ၊ ပမာဏတိုင်း၊ ပိုင်းခြားကန့်သတ်၊ မထားအပ်သည့်၊
သတ္တဝါခေါ်၊ ပညတ်ပေါ်တွင်၊ အာရုံထင်၊ အပ္ပမညာဆို။

၁။ **ကရုဏာ။** ။ ဒုက္ခိတသတ္တဝါပညတ်ကို အာရုံပြု၍ သနားခြင်းသဘော။
(ဆင်းရဲဒုက္ခရောက်နေသူတို့ကို ကြား, မြင်သည့်အခါ ထိုဆင်းရဲ
ဒုက္ခကို ဖယ်ရှားလိုခြင်း၊ ဒုက္ခတွင်းမှ ကယ်တင်လိုခြင်းသဘော။)

**ဥပမာ** ။ ။ အနာရောဂါကပ်ရောက်နေသော သားကို မြင်ရသော မိဘနှင့်တူ၏။

၂။ **မုဒိတာ ။** ။ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်ခြင်းသဘော။

**ဥပမာ** ။ ။ အရွယ်အဆင်းနှင့်ပြည့်စုံသော သား, သမီးကို မြင်ရသော မိဘနှင့်တူ၏။

## (ဃ) ပညိန္ဒြေစေတသိက် ၁-ပါး

၁။ **ပညိန္ဒြေ ။** ။ အာရုံ၏ သဘောမှန်ကို ထိုးထွင်း၍ သိခြင်း၌ အစိုးရခြင်း
သဘော။ အထူးထူးအပြားပြားသိခြင်း၌ အစိုးရခြင်းသဘော။
သိမှုကိစ္စဟူသမျှ၌ အစိုးရခြင်းသဘော။
(မောဟ၏ ဆန့်ကျင်ဘက် = အမောဟပင်တည်း။)

**ဥပမာ** ။ ။ အမိုက်မှောင်ကို ပယ်ခွါနိုင်သည့် ဆီးမီးတန်ဆောင်နှင့်တူ၏။

## ပညာ၏ အမည်ထူးများ

ဤပညိန္ဒြေစေတသိက်ကိုပင် စွမ်းဆောင်နိုင်သည့် သဘောသတ္တိကိုလိုက်၍ ဉာဏ်, အမောဟ, ဝိဇ္ဇာ, သမ္မာဒိဋ္ဌိ, ပညိန္ဒြေ, ပညာဗိုလ်, ဓမ္မဝိစယ၊ ဝီမံသအမည်တို့ဖြင့်လည်း ခေါ်ဝေါ်ကြသည်။

## သညာသိ, ဝိညာဏ်သိ, ပညာသိ ၃-ပါးအထူး

၁။ သညာသိပုံမှာ ရွှေကို ကလေးသူငယ် သိသကဲ့သို့တည်း။
၂။ ဝိညာဏ်သိပုံမှာ ရွှေကို လူကြီးများသိသကဲ့သို့တည်း။
၃။ ပညာသိပုံမှာ ရွှေကို ပန်းထိမ်သည်တို့ သိသကဲ့သို့တည်း။

http://www.dhammadownload.com



ဆောင်။ ။ သူငယ်အများ၊ မှတ်မိလားသို့၊ အမှားလည်းရှိ၊ အမှန်ရှိ၍၊ မှတ်မိရုံသာ၊ သိသည်မှာလျှင် သညာတွင်၏။
ဝိညာဏတုံ၊ စိတ်သိပုံကား၊ အာရုံယူမှု၊ ရအောင်ပြုသည်၊ သောတုမှတ်ဖွယ်၊ အချုပ်တည်း။
အစဉ်ပိုင်နင်း၊ ထိုးထိုးထွင်းလျက်၊ ရှင်းလင်းသေချာ၊ သိပညာတည်း။

## သမ္ပယောဂနည်း ၁၆–ပါး

စိတ်နှင့် စေတသိက်ယှဉ်ပုံကို ပြဆိုသောနည်းသည် -

၁။ သမ္ပယောဂနည်း

၂။ သင်္ဂဟနည်း-ဟု ၂-မျိုးရှိသည်။

ထိုတွင် -

၁။ စေတသိက်တို့က စိတ်တို့၌ ယှဉ်ပုံကို ပြဆိုသောနည်းကို (ဝါ) စေတသိက်ကို မူတည်၍ ယင်းစေတသိက်တို့က စိတ်ပေါင်းမည်မျှယှဉ်သည်ကို ပြဆိုသောနည်းကို **"<u>သမ္ပယောဂနည်း</u>"**ဟု ခေါ်သည်။

| | | | |
|---|---|---|---|
| ၁။ | သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါး သမ္ပယောဂနည်း | | ၁-နည်း |
| ၂။ | ပကိဏ်းစေတသိက် ၆-ပါး | ။ | ၆-နည်း |
| ၃။ | အကုသိုလ်စေတသိက် ၁၄-ပါး | ။ | ၅-နည်း |
| ၄။ | သောဘနစေတသိက် ၂၅-ပါး | ။ | ၄-နည်း |
| | ပေါင်း စေတသိက် ၅၂-ပါးအတွက် | ။ | ၁၆-နည်း။ |

http://www.dhammadownload.com



# အညသမာန်းစေတသိက် သမ္ပယောဂနည်း ၇-ပါး ဆိုရိုးဇယား

| စဉ် | အမည် | ယှဉ်သောစိတ် | မယှဉ်သောစိတ် |
|---|---|---|---|
| ၁။ | သဗ္ဗစိတ္တ-စေ-၇ | စိတ် ၈၉ | မရှိ |
| ၂။ | ဝိတက် | (ဒွိပဉ္စဝိညာဏ်၁၀-ကြဉ်)ကာမ-၄၄ ပ-စျာန် ၁၁ (ပေါင်း-၅၅ပါး) | ဒွိပဉ္စဝိညာဏ် ၁၀၊ ဒု-စျာန် ၁၁၊ တ-စျာန် ၁၁၊ စ-စျာန် ၁၁၊ ပဉ္စမစျာန် ၂၃ (ပေါင်း ၆၆-ပါး) |
| ၃။ | ဝိစာရ | (ဒွိပဉ္စဝိညာဏ်၁၀-ကြဉ်)ကာမ-၄၄ ပ-စျာန်၁၁၊ဒု-စျာန်၁၁(ပေါင်း-၆၆) | ဒွိပဉ္စဝိညာဏ် ၁၀၊တ-စျာန် ၁၁၊ စ-စျာန် ၁၁၊ ပဉ္စမစျာန် ၂၃ (ပေါင်း ၅၅-ပါး) |
| ၄။ | အဓိမောက္ခ | (ဒွိပဉ္စဝိညာဏ်၁၀,ဝိစိကိစ္ဆာ-ကြဉ်) ကာမ-၄၃၊ မဟဂ္ဂုတ် ၂၇၊ လောကုတ် ၈ (ပေါင်း၇၈-ပါး) | ဒွိပဉ္စဝိညာဏ် ၁၀၊ ဝိစိကိစ္ဆာသဟဂုတ် ၁၊ (ပေါင်း ၁၁-ပါး) |
| ၅။ | ဝီရိယ | အကုသိုလ် ၁၂၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ကာမသောဘန၂၄၊ မဟဂ္ဂုတ်၂၇၊လောကုတ်၈ (၇၃) | ဒွိပဉ္စ ၁၀၊သမ္ပဋိစ္ဆိုန်း၂၊သန္တီရဏ၃ ပဉ္စဒွါရာဝဇ္ဇန်း ၁၊(ပေါင်း ၁၆) |
| ၆။ | ပီတိ | ကာမသောမနဿ၁၈၊ပစျာန်၁၁၊ ဒုစျာန်၁၁၊ တစျာန် ၁၁ (၅၁) | ကာယဝိညာဉ်ဒွေ၊စစျာန် ၁၁၊ ဒေါသမူ၂ဥပေက္ခာ ၅၅(၇၀) |
| ၇။ | ဆန္ဒ | လောဘမူ၈၊ဒေါသမူ၂၊ကာမသောဘန ၂၄၊မဟဂ္ဂုတ်၂၇၊ လောကုတ် ၈၊ (ပေါင်း ၆၉) | မောဟမူ ၂၊ အဟိတ်စိတ်၁၈ (ပေါင်း ၂၀) |

ဆိုရိုး။ ။ ၁။ သဗ္ဗစိတ္တသာဓာရဏစေတသိက် ၇-ပါးတို့သည် အလုံးစုံသောစိတ် ၈၉-ပါး၌ ယှဉ်၏။

၂။ ဝိတက်သည် ဒွိပဉ္စဝိညာဏ် ၁၀-ကြည်သော ကာမစိတ် ၄၄၊ ပထမစျာန်စိတ် ၁၁-ပါး၊ ပေါင်း ၅၅-ပါးသော စိတ်တို့၌ ယှဉ်၏- စသည်ဖြင့် ဇယားကွက်ကိုကြည့်၍ ဆိုရိုးကျေပွန်အောင် ကျက်မှတ်ထားရမည်။

http://www.dhammadownload.com



## အကုသိုလ်စေတသိက်သမ္ပယောဂနည်း ၅-ပါးဆိုင်ရာဇယား

| စဉ် | အမည် | ယှဉ်သောစိတ် |
|---|---|---|
| ၁။ | မောဟ, အဟိရိက,အနောတ္တပ္ပ, ဥဒ္ဓစ္စ (မောစတုက် ၄-ပါး) | အကုသိုလ်စိတ် ၁၂-ပါး |
| ၂။ | လောဘ<br>ဒိဋ္ဌိ<br>*မာန | လောဘမူစိတ် ၈-ပါး<br>ဒိဋ္ဌိဂတသမ္ပယုတ် ၄-ပါး<br>ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါး |
| ၃။ | ဒေါသ, *ဣဿာ,*မစ္ဆရိယ,*ကုက္ကုစ္စ (ဒေါစတုက် ၄-ပါး) | ဒေါသမူစိတ် ၂-ပါး |
| ၄။ | *ထိန, *မိဒ္ဓ | လောဘမူသသင်္ခါရိက ၄<br>ဒေါသမူသသင်္ခါရိက ၁ (၅) |
| ၅။ | ဝိစိကိစ္ဆာ | ဝိစိကိစ္ဆာသဟဂုတ်စိတ် ၁ |

**အဓိပ္ပါယ်။ ။**

(က) မောစတုက် ၄-ပါးတို့ကို အကုသိုလ်စိတ် ၁၂-ပါးလုံးနှင့် ဆက်ဆံသောကြောင့်(ယှဉ်သောကြောင့်) **“သဗ္ဗာကုသလသာဓာရဏ”** ဟုလည်းခေါ်သည်။

(ခ) လောဘ, ဒိဋ္ဌိ, မာနတို့သည် ယှဉ်ပုံမတူသော်လည်း ယှဉ်ရာစိတ်မှာ လောဘမူစိတ်ချည်းဖြစ်၍ “သမ္ပယောဂနည်း”တစ်နည်းသာ ရေတွက်ရသည်။

**အမှာ။ ။** ဇယားကွက်၌ *ခရေပွင့်ပြစေတသိက်များမှာ အနိယတယောဂီ(ယှဉ်ရာစိတ်၌ အမြဲမယှဉ်သော)စေတသိက်များဖြစ်ကြသည်။

နိယတယောဂီ + အနိယတယောဂီအဓိပ္ပာယ်နှင့် အနိယတယောဂီ စေတသိက် ၁၁-ပါးတို့၏ နာနာ/ကဒါစိ/သဟ (အသီးသီး/ရံခါ/ အတူတကွ) ယှဉ်ကြပုံကို သင်္ဂဟနည်း (၃၃)နည်းနောက်ပိုင်း၌ ဖော်ပြပါမည်။

http://www.dhammadownload.com



# သောဘနစေတသိက်သမ္ပယောဂနည်း ၄–ပါးဆိုရိုးဇယား

| စဉ် | အမည် | ယှဉ်သောစိတ် |
|---|---|---|
| ၁။ | သောဘနသာဓာရဏစေတသိက် ၁၉ | သောဘနစိတ် ၅၉-ပါး |
| ၂။ | *ဝိရတီစေတသိက် ၃ | မဟာကုသိုလ်စိတ် ၈ (ရံခါ/အသီးသီး) လောကုတ္တရာစိတ် ၈(အမြဲတပြိုင်နက်) ပေါင်း ၁၆ |
| ၃။ | *ကရုဏာ,*မုဒိတာ (အပ္ပမညာ ၂) | မဟာကု ၈, မဟာကြိ ၈, ရူပ ပထမစျာန် ၃, ဒု-စျာန် ၃, တ-စျာန် ၃, စ-စျာန် ၃(ပေါင်း၂၈) |
| ၄။ | ပညာ (အမောဟ) | ကာမာဝစရဉာဏသမ္ပယုတ် ၁၂ မဟဂ္ဂုတ် ၂၇, လောကုတ် ၈ (ပေါင်း ၄၇) |

✔ ဝိရတီစေတသိက်တို့သည် မဟာကုသိုလ်စိတ်၌ယှဉ်ခိုက် ရံခါ, အသီးသီး ယှဉ်၏။ (ကဒါစိ, နာနာ။) လောကုတ္တရာစိတ်၌ ယှဉ်ခိုက် အမြဲ, တပြိုင်နက် ယှဉ်၏။ (နိယတ ဧကတော)

✔ ကရုဏာ, မုဒိတာတို့သည် ၂၈-ပါးသောစိတ်တို့၌ ယှဉ်သောအခါ ရံခါ, အသီးသီးယှဉ်ကြသည်။ (ကဒါစိ, နာနာ။)



http://www.dhammadownload.com



## သင်္ဂဟနည်း ၃၃–နည်း

စိတ်ကိုမူတည်၍ စေတသိက်ပေါင်း မည်မျှယှဉ်နိုင်သည်ကို ပြဆိုသော နည်းကို **"သင်္ဂဟနည်း"**ဟု ခေါ်သည်။

| | | |
|---|---|---|
| သင်္ဂဟနည်းသည် | အကျဉ်းအားဖြင့် | ၅-နည်း |
| | အကျယ်အားဖြင့် | ၃၃-နည်း |

| | | | |
|---|---|---|---|
| ၁။ | အကုသိုလ်စိတ် ၁၂-ပါး | သင်္ဂဟနည်း | ၇-နည်း |
| ၂။ | အဟိတ်စိတ် ၁၈-ပါး | ။ | ၄-နည်း |
| ၃။ | ကာမသောဘနစိတ် ၂၄-ပါး | ။ | ၁၂-နည်း |
| ၄။ | မဟဂ္ဂုတ်စိတ် ၂၇-ပါး | ။ | ၅-နည်း |
| ၅။ | လောကုတ္တရာစိတ် ၈/၄၀-ပါး | ။ | ၅-နည်း |
| | ပေါင်း စိတ် ၈၉/၁၂၁-ပါးအတွက် သင်္ဂဟနည်း | | ၃၃-နည်း |

### အကုသိုလ်စိတ် သင်္ဂဟနည်း ၇–နည်း

| | | | အကုသိုလ်စေတသိက် ၁၄ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စိတ်အမျိုးအစား | အညၨ ၁၃ | မောစတုက် | လောတြိ | ဒေါစတုက် | ထိန မိဒ္ဓ | ဝိစိကစ္ဆာ | ပေါင်း | နည်း |
| လောဘမူ | ပ-အသင်္ခါရိက | ၁၃ | ၄ | လော,ဒိဋ္ဌိ | | | | ၁၉ | ၁ |
| | ဒု-အသင်္ခါရိက | ၁၃ | ၄ | လော,မာန | | | | ၁၉ | |
| | တတိယ ။ | ပီတိကြဉ် ၁၂ | ၄ | လော,ဒိဋ္ဌိ | | | | ၁၈ | ၁ |
| | စတုတ္ထ ။ | ။ | ၄ | လော,မာန | | | | ၁၈ | |
| | ပ-သသင်္ခါရိက | ၁၃ | ၄ | လော,ဒိဋ္ဌိ | | ၂ | | ၂၁ | ၁ |
| | ဒုတိယ ။ | ၁၃ | ၄ | လော,မာန | | ၂ | | ၂၁ | |
| | တတိယ ။ | ပီတိကြဉ် ၁၂ | ၄ | လော,ဒိဋ္ဌိ | | ၂ | | ၂၀ | ၁ |
| | စတုတ္ထ ။ | ။ | ၄ | လော,မာန | | ၂ | | ၂၀ | |
| ဒေါသမူ | ပဌမ အသင်္ခါရိက | ။ | ၄ | | ၄ | × | | ၂၀ | ၁ |
| | ။ သသင်္ခါရိက | ။ | ၄ | | ၄ | ၂ | | ၂၂ | ၁ |
| မောဟမူ | ဝိစိကိစ္ဆာသဟဂုတ် | ဆန္ဒ,ပီတိ,မိ ကြဉ် ၁၀ | ၄ | | | | ၁ | ၁၅ | ၁ |
| | ဥဒ္ဓစ္စသဟဂုတ် | ဆန္ဒ, ပီတိ ကြဉ် ၁၁ | ၄ | | | | | ၁၅ | |

http://www.dhammadownload.com



ဆိုရိုး ။ ။ လောဘမူ, ပထမအသင်္ခါရိကစိတ်၌ အညသမာန်းစေတသိက် ၁၃-ပါး, မောစတုက် ၄-ပါး, လောဘ, ဒိဋ္ဌိ-ပေါင်း ၁၉-ပါးသော စေတသိက်တို့ယှဉ်ကြသည်-စသည်ဖြင့် ဇယားကွက်ကိုကြည့်၍ ဆိုရိုးရအောင် ကျက်မှတ်ပါလေ။

| | | | |
|---|---|---|---|
| ၁။ | လောဘမူစိတ် ၈-ပါး | သင်္ဂဟနည်း | ၄-ပါး |
| ၂။ | ဒေါသမူစိတ် ၂-ပါး | သင်္ဂဟနည်း | ၂-ပါး |
| ၃။ | မောဟမူစိတ် ၂-ပါး | သင်္ဂဟနည်း | ၁-ပါး |
| ပေါင်း | အကုသိုလ်စိတ် ၁၂-ပါး | သင်္ဂဟနည်း | ၇-ပါး |

ပဉ္စမအသင်္ခါရိကစိတ်၌ ၂၀-ကား အများဆုံးယှဉ်ခြင်းဖြစ်သည်။ ယင်း ၂၀-တွင် ထိနမိဒ္ဓ, ကုက္ကုစ္စတို့သည် (အနိယတယောဂီ)ရံခါအသီးသီးယှဉ်ခြင်းကြောင့် -

(က) **အမြဲတမ်းဆိုလျှင်** ယင်း ၃-ပါးနှုတ် ၁၇-ပါး

(ခ) **တပြိုင်နက်ဆိုလျှင်** ယင်း ၃-ပါးတို့တွင် တစ်ပါးပါးထည့် ၁၈-ပါးယှဉ်သည်။

➢ ဣဿာမစ္ဆရိယကုက္ကုစ္စာနိ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာနိ။ (သင်္ဂဟ)

## သဗ္ဗာကုသလယောဂီ စေတသိက် ၁၄-ပါး

မောစတုက် ၄-ပါး (ဆန္ဒ, ပီတိ, အဓိမောက္ခမှ တပါး) အညသမာန်းစေတသိက် ၁၀-ပါး။ ဤ ၁၄-ပါးတို့သည် အကုသိုလ်စိတ်အားလုံး၌ (စိတ်ဖြစ်တိုင်း) ယှဉ်နိုင်, ပါဝင်နိုင်သောကြောင့် "သဗ္ဗာကုသလယောဂီ"အမည်ရကြသည်။

➢ သာဓာရဏာ စ စတ္တာရော၊ သမာနာ စ ဒသာပရေ။
စုဒ္ဒသေတေ ပဝုစ္စန္တိ၊ သဗ္ဗာကုသလယောဂိနော။ (သင်္ဂဟ)

http://www.dhammadownload.com



## ၂။ အဟိတ်စိတ်သင်္ဂဟနည်း ၄–နည်း

| | စိတ်အမည် | အညသမာန်း ၁၃ | သင်္ဂဟနည်း |
|---|---|---|---|
| အဟိတ်စိတ် ၁၈–ပါး | ဟသိတုပ္ပါဒ်စိတ် ၁ | ဆန္ဒကြဉ် ၁၂ | ၁ |
| | မနောဒွါရာဝဇ္ဇန်း ၁ | ဆန္ဒ,ပီတိကြဉ် ၁၁ | ၁ |
| | သောမနဿသန္တီရဏ ၁ | ဆန္ဒ,ဝီရိယကြဉ် ၁၁ | ၁ |
| | ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်း ၂ ဥ-သန္တီရဏ ၂ ပေါင်း ၅ | ဆန္ဒ, ပီတိ, ဝီရိယကြဉ် ၁၀ | ၁ |
| | ဒွေပဉ္စဝိညာဏ် ၁၀ | သဗ္ဗစိတ္တသာဓာရဏ ၇ | ၁ |

**ဆိုရိုး ။ ။** ဟသိတုပ္ပါဒ်စိတ်၌ ဆန္ဒကြဉ်သော အညသမာန်းစေတသိက် ၁၂-ပါး ယှဉ်၏-ဤသို့ စသည်ဖြင့် ဆိုရိုးရအောင် ကျက်မှတ်ထားရမည်။

### (၃) ကာမာဝစရသောဘနစိတ် သင်္ဂဟနည်း ၁၂–ပါး

| စိတ်အမျိုးအစား | | | အညသမာန်း ၁၃ | သောဘန ၂၅ | ပေါင်း |
|---|---|---|---|---|---|
| ကာမာဝစရသောဘနစိတ် ၂၄ | မဟာကုသိုလ် | ပထမဒွေ ၂ | ၁၃ | ၂၅ | ၃၈ |
| | | ဒုတိယဒွေ ၂ | ၁၃ | ဉာဏ်ကြဉ် ၂၄ | ၃၇ |
| | | တတိယဒွေ ၂ | ပီတိကြဉ် ၁၂ | ၂၅ | ၃၇ |
| | | စတုတ္ထဒွေ ၂ | ။ ၁၂ | ဉာဏ်ကြဉ် ၂၄ | ၃၆ |
| | မဟာကြိယာ | ပထမဒွေ ၂ | ၁၃ | ဝိရတီကြဉ် ၂၂ | ၃၅ |
| | | ဒုတိယဒွေ ၂ | ၁၃ | ဝိရတီ, ဉာဏ်ကြဉ် ၂၁ | ၃၄ |
| | | တတိယဒွေ ၂ | ပီတိကြဉ် ၁၂ | ဝိရတီကြဉ် ၂၂ | ၃၄ |
| | | စတုတ္ထဒွေ ၂ | ။ ၁၂ | ဝိရတီ, ဉာဏ်ကြဉ် ၂၁ | ၃၃ |
| | မဟာဝိပါက် | ပထမဒွေ ၂ | ၁၃ | ဝိရတီ,အပ္ပမညာကြဉ်၂၀ | ၃၃ |
| | | ဒုတိယဒွေ ၂ | ၁၃ | သောဘနသာဓာရဏ ၁၉ | ၃၂ |
| | | တတိယဒွေ ၂ | ပီတိကြဉ် ၁၂ | ဝိရတီ,အပ္ပမညာကြဉ် ၂၀ | ၃၂ |
| | | စတုတ္ထဒွေ ၂ | ။ ၁၂ | သောဘနသာဓာရဏ ၁၉ | ၃၁ |

http://www.dhammadownload.com



**ဆိုရိုး** ॥ ॥ မဟာကုသိုလ် ပထမဒွေ၌ အညသမာန်းစေတသိက် ၁၃-ပါး၊ သောဘန စေတသိက် ၂၅-ပါး၊ ပေါင်း စေတသိက် ၃၈-ပါး ယှဉ်၏-စသည်ဖြင့် ဆိုလေ။

ဝိရတီ ၃, အပ္ပမညာ ၂-ပါးတို့မှာ အနိယတယောဂီစေတသိက်များဖြစ်ကြ၍ ရံခါ, အသီးသီးယှဉ်သင့်သလို ယှဉ်ကြသည်။ ထိုကြောင့် -

## (က) မဟာကုသိုလ်စိတ် ၈-ပါး၌

၁။ ယှဉ်နိုင်သမျှ အများဆုံးစေတသိက် ၃၈-ပါး

၂။ အမြဲတန်း (ဝိရတီ, အပ္ပမညာကြဉ်) ၃၃-ပါး

၃။ တစ်ပြိုင်နက်ဆိုလျှင်(ယင်းငါးပါးတပါးပါးထည့်) ၃၄-ပါးစီယှဉ်၏။

➢ အပ္ပမညာဝိရတိယော ပနေတ္ထ ပဉ္စပိ ပစ္စေကမေဝ ယောဇေတဗ္ဗာ။ (သင်္ဂဟ)

## (ခ) မဟာကြိယာစိတ် ၈-ပါး၌

၁။ ယှဉ်နိုင်သမျှ အများဆုံးစေတသိက် ၃၅-ပါး

၂။ အမြဲတန်း ၃၃-ပါး

၃။ တစ်ပြိုင်နက်ဆိုလျှင် ၃၄-ပါးစီယှဉ်၏။

**မှတ်ချက်** ॥ ॥ မဟာဝိပါက်စိတ် ၈-ပါး၌ အနိယတယောဂီစေတသိက် လုံး၀ မယှဉ်ကြ။ ထို့ကြောင့် ၁။ ယှဉ်နိုင်သမျှ၊ ၂။ အမြဲတန်း၊ ၃။ တပြိုင်နက်ယှဉ်သော စေတသိက်တို့မှာ အတူတူပင်ဖြစ်ကြသည်။

## (၄) မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ၅-နည်း

| | စိတ်အမျိုးအစား | အညသမာန်း ၁၃ | သောဘန ၂၅ | ပေါင်း |
|---|---|---|---|---|
| စေတသိက် ၃၅ | ပထမဈာန် ၃ | ၁၃ | ဝိရတီကြဉ် ၂၂ | ၃၅ |
| | ဒုတိယဈာန် ၃ | ဝိတက်ကြဉ် ၁၂ | ॥ ၂၂ | ၃၄ |
| | တတိယဈာန်၃ | ဝိတက်,ဝိစာရကြဉ် ၁၁ | ॥ ၂၂ | ၃၃ |
| | စတုတ္ထဈာန် ၃ | တက်,စာ,ပီတိကြဉ် ၁၀ | ॥ ၂၂ | ၃၂ |
| | ပဉ္စမဈာန် ၁၅ | တက်,စာ,ပီတိကြဉ် ၁၀ | ဝိရတီ,အပ္ပမညာ ကြဉ် ၂၀ | ၃၀ |

http://www.dhammadownload.com



**ဆိုရိုး** ။ ။ မဟဂ္ဂုတ်ပထမဈာန်စိတ် ၃-ခု၌ အညသမာန်းစေတသိက် ၁၃-ပါး၊ ဝိရတီကြဉ် သောဘနစေတသိက် ၂၂-ပါး၊ ပေါင်း စေတသိက် ၃၅-ပါးယှဉ်၏-စသည်ဖြင့် ဆိုရိုးပြုလေ။

**မဟဂ္ဂုတ်စိတ်၌ -**

၁။ ယှဉ်နိုင်သမျှ အများဆုံးစေတသိက် ၃၅-ပါး
၂။ အမြဲတန်း ၃၃-ပါး
၃။ တစ်ပြိုင်နက်ဆိုလျှင် ၃၄-ပါးစီယှဉ်၏။

➢ ကရုဏာမုဒိတာ ပနေတ္ထ ပစ္စေကမေဝ ယောဇေတဗ္ဗာ။ (သင်္ဂဟ)

## (၅) လောကုတ္တရာစိတ် သင်္ဂဟနည်း ၅–နည်း

| | စိတ်အမျိုးအစား | အညသမာန်း ၁၃ | သောဘန ၂၅ | ပေါင်း |
|---|---|---|---|---|
| လောကုတ္တရာစိတ်(အကျဉ်း)၅ခု | ပထမဈာန် ၈ | ၁၃ | အပ္ပမညာကြဉ် ၂၃ | ၃၆ |
| | ဒုတိယဈာန် ၈ | ဝိတက်ကြဉ် ၁၂ | ။ ၂၃ | ၃၅ |
| | တတိယဈာန်၈ | ဝိတက်,ဝိစာရကြဉ် ၁၁ | ။ ၂၃ | ၃၄ |
| | စတုတ္ထဈာန် ၈ | တက်,စာ,ပီတိကြဉ် ၁၀ | ။ ၂၃ | ၃၃ |
| | ပဥ္စမဈာန် ၈ | ။ ၁၀ | ။ ၂၃ | ၃၃ |

**ဆိုရိုး** ။ ။ လောကုတ္တရာပထမဈာန်စိတ် ၈-ပါး၌ အညသမာန်းစေတသိက် ၁၃-ပါး၊ အပ္ပမညာကြဉ် သောဘနစေတသိက် ၂၃-ပါး။ ပေါင်း စေတသိက် ၃၆-ပါးယှဉ်၏ စသည်ဖြင့် ဆိုရိုးပြုလေ။

### နိယတယောဂီ / အနိယတယောဂီ

(က) မိမိတို့ယှဉ်ရာစိတ်တို့၌ ယှဉ်ဘက်စိတ်ဖြစ်တိုင်း အမြဲယှဉ်လျက်ပါရှိသော စေတသိက်တို့ကို **"နိယတယောဂီ"**စေတသိက်ဟု ခေါ်သည်။

(ခ) မိမိယှဉ်ရာစိတ်တို့၌ အမြဲမယှဉ်ပဲ ရံခါ (တစ်ခါတစ်ရံ) ယှဉ်နိုင်သော စေတသိက်တို့ကို **"အနိယတယောဂီ"**စေတသိက်ဟု ခေါ်သည်။

http://www.dhammadownload.com



စေတသိက် ၅၂-ပါးတွင် -

အနိယတယောဂီစေတသိက် ၁၁-ပါး

နိယတယောဂီစေတသိက် ၄၁-ပါးရှိသည်။

## “အနိယတယောဂီစေတသိက် ၁၁-ပါး”

| စေတသိက်အမည် | ယှဉ်ပုံ | |
|---|---|---|
| ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ ၃ | ကဒါစိ = ရံခါ | နာနာ = အသီးသီး |
| ဝိရတီ ၃ | ။ | ။ |
| အပ္ပမညာ ၂ | ။ | ။ |
| မာန ၁ | ။ | |
| ထိန, မိဒ္ဓ | ။ | သဟ = အတူတကွ |

ဇယားကွက်ပါရှိသည့်အတိုင်း -

၁။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိရတီ, အပ္ပမညာတို့သည် ရံခါ, အသီးသီးယှဉ်ကြ၏။ ထိုကြောင့် “နာနာ ကဒါစိ”အမည်ရသော စေတသိက်များဟု မှတ်။

၂။ မာနသည် ရံခါယှဉ်၏။ ထိုကြောင့် “ကဒါစိ”စေတသိက်ဟု မှတ်။

၃။ ထိန, မိဒ္ဓသည် ရံခါ,အတူတကွယှဉ်၏။ ထိုကြောင့် “သဟကဒါစိ”-ဟု မှတ်။

➢ ဣဿာ မစ္ဆေရ ကုက္ကုစ္စ၊ ဝိရတိကရုဏာဒယော။
နာနာ ကဒါစိ မာနော စ၊ ထိနမိဒ္ဓံ တထာ သဟ။
ယထာဝုတ္တာနုသာရေန၊ သေသာ နိယတယောဂိနော။ (သင်္ဂဟ)

အမှာ။ ။ အနိယတယောဂီစေတသိက်တို့၏ ရံခါ (ကဒါစိ)ယှဉ်ပုံ, အသီးသီး(နာနာ) ယှဉ်ပုံ, အတူတကွ ရံခါ (သဟ-ကဒါစိ)ယှဉ်ပုံကို အောက်ပါအတိုင်း ကျက်မှတ်ထားရမည်။

http://www.dhammadownload.com



## (က) ၁။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ ရံခါ (ကဒါစိ)ယှဉ်ပုံ

✔ **ဣဿာ**သည် သူတစ်ပါးစည်းစိမ်ချမ်းသာကို ငြူစူသော အခါ၌သာ ယှဉ်၏။ မငြူ စူသောအခါ၌ မယှဉ်။

✔ **မစ္ဆရိယ**သည် မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ၌သာ ယှဉ်၏။ မလျှို့ဝှက်သောအခါ၌ မယှဉ်။

✔ **ကုက္ကုစ္စ**သည် ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ အဖန်တလဲလဲစိုးရိမ်သော(နောင်တတတဖန်ပူပန်သော)အခါ၌သာ ယှဉ်၏။ မစိုးရိမ် မပူပန်သောအခါ၌ မယှဉ်။

(ဤသို့ ဆိုင်ရာ အကြောင်းညီညွတ်ပါမှ ယှဉ်ခြင်းကို ရံခါ (ကဒါစိ) ယှဉ်သည်ဟု ခေါ်သည်။)

## (က) ၂။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စတို့ အသီးသီး (နာနာ)ယှဉ်ပုံ

✔ သူတစ်ပါးစည်းစိမ်ချမ်းသာကို ငြူစူသောအခါ ဣဿာယှဉ်၏။ မစ္ဆရိယ, ကုက္ကုစ္စတို့မယှဉ်။

✔ မိမိစည်းစိမ်ကို လျှို့ဝှက်သောအခါ မစ္ဆရိယယှဉ်၏။ ဣဿာ, ကုက္ကုစ္စတို့ မယှဉ်။

✔ ပြုအပ်ပြီးသော ဒုစရိုက်, မပြုလိုက်မိသော သုစရိုက်တို့ကို အာရုံပြု၍ အဖန်တလဲလဲစိုးရိမ်သော (နောင်တတတဖန်ပူပန်သော)အခါ ကုက္ကုစ္စယှဉ်၏။ ဣဿာ, မစ္ဆရိယတို့ မယှဉ်။

## (ခ) ၁။ ဝိရတီစေတသိက်တို့ ရံခါ (ကဒါစိ)ယှဉ်ပုံ

✔ **သမ္မာဝါစာ**သည် အာဇီဝဟေတုကို မငဲ့မူ၍ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်သော အခါ၌သာ ယှဉ်၏။ မရှောင်ကြဉ်သောအခါ မယှဉ်။

✔ **သမ္မာကမ္မန္တ**သည် အာဇီဝဟေတုကို မငဲ့မူ၍ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်သောအခါ၌သာ ယှဉ်၏။ မရှောင်ကြဉ်သောအခါ မယှဉ်။

http://www.dhammadownload.com



✔ **သမ္မာအာဇီဝ**သည် အာဇီဝဟေတုကို ငဲ့သည်ဖြစ်၍ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်သောအခါ၌သာ ယှဉ်၏။ မရှောင်ကြဉ်သော အခါ၌ မယှဉ်။

## (ခ) ၂။ ဝိရတီစေတသိက်တို့ အသီးသီး (နာနာ)ယှဉ်ပုံ

✔ အာဇီဝဟေတုကို မငဲ့မူ၍ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်သော အခါ၌ သမ္မာဝါစာယှဉ်၏။ သမ္မာကမ္မန္တ, သမ္မာအာဇီဝတို့ မယှဉ်။

✔ အာဇီဝဟေတုကို မငဲ့မူ၍ ကာယဒုစရိုက် ၃-ပါးမှ ရှောင်ကြဉ်သောအခါ၌ သမ္မာကမ္မန္တယှဉ်၏။ သမ္မာဝါစာ, သမ္မာအာဇီဝတို့ မယှဉ်။

✔ အာဇီဝဟေတုကို ငဲ့သည်ဖြစ်၍ ကာယဒုစရိုက် ၃-ပါး၊ ဝစီဒုစရိုက် ၄-ပါးမှ ရှောင်ကြဉ်သောအခါ၌သမ္မာအာဇီဝ ယှဉ်၏။ သမ္မာဝါစာ, သမ္မာကမ္မန္တတို့ မယှဉ်။

## (ဂ) ၁။ အပ္ပမညာစေတသိက်တို့ ရံခါ (ကဒါစိ) ယှဉ်ပုံ

✔ **ကရုဏာ**သည် ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍ သနားကြင်နာသည့်အခါ၌သာ ယှဉ်၏။ မသနားမကြင်နာသည့်အခါ မယှဉ်။

✔ **မုဒိတာ**သည် သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ၌ သာယှဉ်၏။ ဝမ်းမမြောက်နိုင်သောအခါ မယှဉ်။

## (ဂ) ၂။ အပ္ပမညာစေတသိက်တို့ အသီးသီး (နာနာ) ယှဉ်ပုံ

✔ ဒုက္ခိတသတ္တဝါပညတ်ကိုအာရုံပြု၍ သနားကြင်နာသည့်အခါ ကရုဏာ ယှဉ်၏။ မုဒိတာ မယှဉ်။

✔ သုခိတသတ္တဝါပညတ်ကို အာရုံပြု၍ ဝမ်းမြောက်သောအခါ မုဒိတာ ယှဉ်၏။ ကရုဏာ မယှဉ်။

http://www.dhammadownload.com



## (ဃ) မာနစေတသိက် ရံခါ (ကဒါစိ)ယှဉ်ပုံ

✔ **မာန**သည် ငါသာတော်၏-စသည်ဖြင့် မိမိကိုယ်ကို မှန်ကင်းကဲ့သို့ ထောင်လွှားသည့်အခါ၌သာ ယှဉ်၏။ မထောင်လွှားသည့်အခါ မယှဉ်။

## (င) ထိန, မိဒ္ဓ-၏ အတူတကွ ရံခါ (သဟ-ကဒါစိ)ယှဉ်ပုံ

✔ ထိန, မိဒ္ဓသည် စိတ်, စေတသိက်တို့ လေးလံထိုင်းမှိုင်းပျင်းရိသည့်အခါ၌သာ (အတူတကွ-တပေါင်းတည်း)ယှဉ်ကြ၏။ စိတ်, စေတသိက်တို့ ခံ့ကျန်း၍ လန်းဆန်းနေသည့် အခါ မယှဉ်ကြ။

### စိတ်ချင်းထူးအောင်ပြုသော ဝိသေသကစေတသိက် ၁၀-ပါး

| စိတ်၌ | တို့အထူးပြုကုန်၏။ | | | | ပေါင်း |
|---|---|---|---|---|---|
| | ဝိတက်, ဝိစာရ, ပီတိ, သုခ (ဈာန်လေးပါး) | အပ္ပမညာ ၂ | ဝိရတီ ၃ | ဉာဏ်၁ | ၁၀ |
| လောကုတ္တရာ | ॥ | | | | ၄ |
| မဟဂ္ဂုတ် | ॥ | ॥ | | | ၆ |
| ကာမသောဘန | ပီတိ | ॥ | ॥ | ॥ | ၇ |

ဆောင်။ ॥ တက်, စာ, ပီ, သု၊ ဈာနင်စု၊ ၂-ခု ပ္ပမညာ။
ဝိရတီ, ဉာဏ၊ ပေါင်းဆယ်ဝ၊ မှတ်ကြဝိသေသာ။

(က) **လောကုတ္တရာစိတ်**၌ ဝိတက်, ဝိစာရ, ပီတိ, သုခဈာန်တရားတို့ အထူးပြုကုန်၏။

(ခ) **မဟဂ္ဂုတ်စိတ်**၌ ဈာန်တရားနှင့် အပ္ပမညာတို့ အထူးပြုကြကုန်၏။

(ဂ) **ကာမာဝစရသောဘနစိတ်**၌ အပ္ပမညာ, ဝိရတီ, ဉာဏ်, ပီတိတို့ အထူးပြုကြ၏။

➢ အနုတ္တရေ ဈာနဓမ္မာ၊ အပ္ပမညာ စ မဇ္ဈိမေ။
ဝိရတီဉာဏပီတိစ၊ ပရိတ္တေသု ဝိသေသကာ။

http://www.dhammadownload.com



## အထူးပြုပုံ

(က) စျာန်တရားတို့တွင် -

၁။ **ဝိတက်**သည် ပထမစျာန်၌ ယှဉ်၍ ဒုစျာန်စသည်၌ မယှဉ်။

၂။ **ဝိစာရ**သည် ပ, ဒု,စျာန်တို့၌သာယှဉ်၍ တ-စျာန်စသည်၌ မယှဉ်။

၃။ **ပီတိ**သည် ပ,ဒု,တစျာန်တို့၌သာ ယှဉ်၍ စတုတ္ထ, ပဉ္စမစျာန်တို့၌ မယှဉ်။

၄။ သုခသည် ပ,ဒု,တ,စစျာန်တို့၌သာ ယှဉ်၍ ပဉ္စမစျာန်၌ မယှဉ်။

ဤသို့ ယှဉ်/မယှဉ်အားဖြင့် အထူးပြုသည်။

(ခ) **အပ္ပမညာ**တို့သည် -

၁။ ကာမသောဘနတို့တွင် မဟာကုသိုလ်, မဟာကြိယာတို့၌သာ ယှဉ်၏။ မဟာဝိပါက်၌ မယှဉ်။

၂။ မဟဂ္ဂုတ်တို့တွင် ပထမ, ဒုတိယ, တတိယ, စတုတ္ထစျာန်တို့၌သာ ယှဉ်၏။ ပဉ္စမစျာန်၌ မယှဉ်။ ဤသို့ ယှဉ်/မယှဉ်အားဖြင့် အထူးပြုသည်။

(ဂ) **ဝိရတီ**တို့သည် မဟာကုသိုလ်၌သာ ယှဉ်၍ မဟာဝိပါက်, မဟာကြိယာတို့၌ မယှဉ်၊ ဤသို့ ယှဉ်/မယှဉ်အားဖြင့် အထူးပြုသည်။

(ဃ) **ဉာဏ်**သည် ဉာဏသမ္ပယုတ်စိတ်၌သာ ယှဉ်၍ ဉာဏဝိပ္ပယုတ်စိတ်၌ မယှဉ်။ ဤသို့ ယှဉ်/မယှဉ်အားဖြင့် အထူးပြုသည်။

### ဝိရတီ, အပ္ပမညာ မယှဉ်သော သောဘနစိတ်

၁။ **ဝိရတီ**သည် မဟာဝိပါက်, မဟာကြိယာ, မဟဂ္ဂုတ်စိတ်တို့၌ မယှဉ်။

၂။ **အပ္ပမညာ**သည် မဟာဝိပါက်, မဟဂ္ဂုတ်ပဉ္စမစျာန်, လောကုတ္တရာစိတ်တို့၌ မယှဉ်။

➤ န ဝိဇ္ဇန္တေတ္ထ ဝိရတီ၊ ကြိယေသု စ မဟဂ္ဂတေ။
အနုတ္တရေ အပ္ပမညာ၊ ကာမပါကေ ဒွယံ တထာ။

### "စိတ္တေန သမ္ပယုဇ္ဇနံ = စိတ်နှင့်အမျှ ပြုပုံ"

✔ ဖဿသည် စိတ် ၈၉-ပါးလုံး၌ယှဉ်သောကြောင့် ဖဿစေတသိက်လည်း ၈၉-ပါးဖြစ်သည်။ ဤသို့ စသည်ဖြင့် ယှဉ်ရာစိတ်နှင့် ညီမျှသော စေတသိက် အရေအတွက်ကို သိလေ။

==================

စေတသိက်ပိုင်းပြီး၏။

http://www.dhammadownload.com



# ၃။ ပကိဏ်းပိုင်း

စိတ်, စေတသိက်ဟူသော ၅၃-ပါးသော နာမ်တို့ကို ဝေဒနာသင်္ဂဟ-စသော သင်္ဂဟ ၆-မျိုးတို့ဖြင့် ရောပြွမ်း၍ ပြဆိုရာအပိုင်းကို "ပကိဏ်းပိုင်း"ဟု ခေါ်သည်။

## နာမ်တေပညာသ

✔ စိတ်သည် အာရမ္မဏဝိဇာနနလက္ခဏာအားဖြင့် ၁-ပါးတည်းသာ ရှိသောကြောင့် စိတ်အားလုံးကို ၁-ပါးတည်းသာ ရေတွက်ရသည်။

✔ စေတသိက် ၅၂-ပါးကား မိမိတို့ဆိုင်ရာလက္ခဏာအားဖြင့်တစ်မျိုးစီ ဖြစ်သောကြောင့် ၅၂-ပါး ရေတွက်ရသည်။

ဤသို့ မိမိတို့ သဘောလက္ခဏာအားဖြင့် စိတ် ၁-ပါး၊ စေတသိက် ၅၂-ပါး ပေါင်း ၅၃-ပါးသော စိတ်, စေတသိက်တို့ကိုပင် အာရုံသို့ ညွတ်တတ်သောကြောင့် **"နာမ်တေပညာသ"**ဟု ခေါ်သည်။

## ပကိဏ္ဏက သင်္ဂဟ ၆–ပါး

၁။ ဝေဒနာသင်္ဂဟ

၂။ ဟေတုသင်္ဂဟ

၃။ ကိစ္စသင်္ဂဟ

၄။ ဒွါရသင်္ဂဟ

၅။ အာရမ္မဏသင်္ဂဟ

၆။ ဝတ္ထုသင်္ဂဟ

http://www.dhammadownload.com



## ၁။ ဝေဒနာသင်္ဂဟ

**ဝေဒနာသင်္ဂဟ** ။ ။ ဝေဒနာအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာ ဖြစ်သော စကားရပ်ကို "ဝေဒနာသင်္ဂဟ"ဟု ခေါ်သည်။

**ဝေဒနာ-သည်** ၁။ အာရမ္မဏာနုဘဝနလက္ခဏာနည်းဖြင့် သုခ, ဒုက္ခ, ဥပေက္ခာ-ဟု ၃-ပါးရှိ၏။

၂။ ဣန္ဒြိယဘေဒနည်းဖြင့် သုခ, သောမနဿ, ဒုက္ခ, ဒေါမနဿ, ဥပေက္ခာ-ဟု ၅-ပါးရှိ၏။

### ဣန္ဒြိယဘေဒနည်း ၅–ပါး

| စဉ် | ဣန္ဒြေအပြား | ဝေဒနာအပြား | ယှဉ်ရာစိတ်ပေါင်း |
|---|---|---|---|
| ၁။ | သုခိန္ဒြေ | သုခဝေဒနာ | သုခသဟဂုတ်ကာယဝိညာဏ်စိတ် ၁ |
| ၂။ | သောမနဿိန္ဒြေ | သောမနဿဝေဒနာ | သောမနဿသဟဂုတ် ၆၂ |
| ၃။ | ဒုက္ခိန္ဒြေ | ဒုက္ခဝေဒနာ | ဒုက္ခသဟဂုတ်ကာယဝိညာဏ်စိတ် ၁ |
| ၄။ | ဒေါမနဿိန္ဒြေ | ဒေါမနဿဝေဒနာ | ဒေါသမူဒွေ |
| ၅။ | ဥပေက္ခိန္ဒြေ | ဥပေက္ခာဝေဒနာ | ဥပက္ခောသဟဂုတ်စိတ် ၅၅ |

### အာရမ္မဏာနုဘဝနလက္ခဏာနည်းဖြင့် (၃)ပါး

| စဉ် | ဝေဒနာအပြား | ယှဉ်ရာစိတ်ပေါင်း |
|---|---|---|
| ၁။ | သုခဝေဒနာ | သုခသဟဂုတ်ကာယဝိညာဏ် ၁+သောမနဿသဟဂုတ် ၆၂ ပေါင်း ၆၃။ |
| ၂။ | ဒုက္ခဝေဒနာ | ဒုက္ခသဟဂုတ်ကာယဝိညာဏ် ၁+ဒေါသမူဒွေ ပေါင်း ၃။ |
| ၄။ | ဥပေက္ခာဝေဒနာ | ဥပက္ခာသဟဂုတ်စိတ် ၅၅ |

၁။ **သုခသဟဂုတ်စိတ်။** ။ သုခသဟဂုတ်ကုသလဝိပါက်ကာယဝိညာဏ် ၁

၂။ **သောမနဿသဟဂုတ်စိတ်။** ။ ကာမသောမနဿ ၁၈၊ ပ-စျာန် ၁၁၊ ဒု-စျာန် ၁၁၊ တ-စျာန် ၁၁၊ စ-စျာန် ၁၁၊ ပေါင်း ၆၂။

၃။ **ဒုက္ခသဟဂုတ်စိတ်။** ။ဒုက္ခသဟဂုတ်အကုသလဝိပါက်ကာယဝိညာဏ်စိတ် ၁။

http://www.dhammadownload.com



၄။ **ဒေါမနဿသဟဂုတ်စိတ်** = ဒေါသမူဒွေ။

၅။ **ဥပေက္ခာသဟဂုတ်စိတ်** = အကုသိုလ်ဥပေက္ခာ ၆၊ အဟိတ်ဥပေက္ခာ ၂၊ ကာမာဝစရသောဘနဥပေက္ခာ ၁၂၊ ပဥ္စမဈာန် ၂၃၊ ပေါင်း ၅၅။

ဝေဒနာ ၅–ပါးသဘောလက္ခဏာ

| | | |
|---|---|---|
| ၁။ | သုခဝေဒနာ | ကိုယ်၌ဖြစ်သော ချမ်းသာသည့် ခံစားမှုသဘော။ |
| ၂။ | သောမနဿဝေဒနာ | စိတ်၌ဖြစ်သော ချမ်းသာသည့် ခံစားမှုသဘော။ |
| ၃။ | ဒုက္ခဝေဒနာ | ကိုယ်၌ဖြစ်သော ဆင်းရဲသည့် ခံစားမှုသဘော။ |
| ၄။ | ဒေါမနဿဝေဒနာ | စိတ်၌ဖြစ်သော ဆင်းရဲသည့် ခံစားမှုသဘော။ |
| ၅။ | ဥပေက္ခာဝေဒနာ | ချမ်းသာသည်လည်းမဟုတ်, ဆင်းရဲသည်လည်း မဟုတ်၊ အလယ်အလတ်ခံစားမှုသဘော (ဝါ) မသိမသာမထင်မရှားအသင့်အတင့်ခံစားမှုသဘော |

## ၂။ ဟေတုသင်္ဂဟ

**ဟေတုသင်္ဂဟ** ။ ။ ဟိတ်အပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟ။

**ဟိတ် ၆-ပါး** ။ ။ လောဘဟိတ်, ဒေါသဟိတ်, မောဟဟိတ်, အလောဘဟိတ်, အဒေါသဟိတ်, အမောဟဟိတ်။

➤ ဟေတု = ဟိနောတိ ပဝတ္တတိ ဖလံ ဧတေနာတိ ဟေတု။

✔ ရေသောက်မြစ်ပမာဆိုင်ရာအကျိုးများကို ဖြစ်စေတတ်သောကြောင့် (ဝါ) ဆိုင်ရာအကျိုးတို့၏ ဖြစ်ကြောင်းဖြစ်သောကြောင့် **"ဟေတု-ဟိတ်"**မည်၏။

✔ သစ်ပင်၏ အမြစ်သည် သစ်ပင်ကို မြေပေါ်၌ ခိုင်မြဲစွာတည်နေစေသကဲ့သို့ ဟိတ် ၆-ပါးတို့သည် ယှဉ်ဘက်ဖြစ်သော စိတ်, စေတသိက်တို့ကို အာရုံပေါ်၌ တည်မြဲစေကြကုန်၏။ ခိုင်မြဲစေကြကုန်၏။

http://www.dhammadownload.com



**ဆိုရိုးကျက်မှတ်ရန် ။ ။**

၁။ (ပဥ္စဒွါရာဝဇ္ဇန်း, ဒွေပဥ္စဝိညာဏ် ၁၀၊ သမ္ပဋိစ္ဆိုန်းဒွေ၊ သန္တီရဏ ၃-ခု၊ ဝုဋ္ဌော၊ ဟသိတုပ္ပါဒ်အားဖြင့်) ၁၈-ပါးသောစိတ်တို့သည် ယှဉ်ဖော်ယှဉ်ဘက် သမ္ပယုတ်ဟိတ် မရှိသောကြောင့် **“အဟိတ်စိတ်”**မည်ကုန်၏။

၂။ အဟိတ်စိတ်မှ တပါး ကျန် ၇၁-ပါးသောစိတ်တို့သည် ယှဉ်ဘက်သမ္ပယုတ် ဟိတ်ရှိသောကြောင့် **“သဟိတ်စိတ်”**မည်ကုန်၏။

၃။ မောဟမူဒွေသည် မောဟဟိတ် ၁-ပါးသာရှိသောကြောင့်**“ဧကဟိတ်စိတ်”** မည်၏။

၄။ လောဘမူစိတ် ၈-ပါး၊ ဒေါသမူစိတ် ၂-ပါး၊ ဉာဏဝိပ္ပယုတ်(ကာမာဝစရ သောဘန)စိတ် ၁၂-ပါး-အားဖြင့် ၂၂-ပါးသော စိတ်တို့သည် ယှဉ်ဘက် သမ္ပယုတ် ဟိတ် ၂-ပါးစီရှိသောကြောင့် **“ဒွိဟိတ်စိတ်”**မည်ကုန်၏။

ထို ၂၂-ပါးတို့တွင် -

(က) လောဘမူစိတ် ၈-ပါးသည် လောဘ, မောဟ ဟိတ် ၂-ပါးရှိသော ကြောင့် **“ဒွိဟိတ်စိတ်”**မည်၏။

(ခ) ဒေါသမူစိတ် ၂-ပါးသည် ဒေါသ, မောဟ ဟိတ် ၂-ပါးရှိသော ကြောင့် **“ဒွိဟိတ်စိတ်”**မည်၏။

(ဂ) ဉာဏဝိပ္ပယုတ်စိတ် ၁၂-ပါးသည် အလောဘ, အဒေါသဟိတ် ၂-ပါးရှိ သောကြောင့် **“ဒွိဟိတ်စိတ်”**မည်၏။

၅။ ကာမာဝစရသောဘနဉာဏသမ္ပယုတ်စိတ် ၁၂-ခု၊ မဟဂ္ဂုတ်, လောကုတ္တရာ ၃၅-ခုအားဖြင့် ၄၇-ပါးသောစိတ်တို့သည် အလောဘ, အဒေါသ, အမောဟ- ဟူသော ယှဉ်ဘက်ဟိတ် ၃-ပါးရှိသောကြောင့် “တိဟိတ်စိတ်” မည်ကုန်၏။

http://www.dhammadownload.com



## ဟိတ်ဖြင့် စိတ်ကို ဝေဘန်ပုံ ဇယား

| စဉ် | စိတ် ၈၉/၁၂၁ | ယှဉ်ဘက်ဟိတ် | ဟိတ်အမည် |
|---|---|---|---|
| ၁။ | အဟိတ် ၁၈ | မရှိ | အဟိတ်စိတ် |
| ၂။ | မောဟမူ ၂ | လောဘ, မောဟ | ဒွိဟိတ်စိတ် |
| ၃။ | လောဘမူ ၈ | လောဘ, မောဟ | ။ |
| | ဒေါသမူ ၂ | ဒေါသ, မောဟ | ။ |
| | ဉာဏဝိပ္ပယုတ် ၁၂ | အလောဘ,အဒေါသ | ။ |
| ၄။ | ဉာဏသမ္ပယုတ်စိတ် ၁၂ | အလော, အဒေါ, အမော | တိဟိတ်စိတ် |
| | မဟဂ္ဂုတ်စိတ် ၂၇ | ။ | ။ |
| | လောကုတ္တရာစိတ် ၈ | ။ | ။ |

| | | |
|---|---|---|
| အကုသိုလ်ဟိတ် | ၃-ပါး | လောဘ, ဒေါသ, မောဟ |
| ကုသိုလ်ဟိတ် | ၃-ပါး | အလောဘ, အဒေါသ, အမောဟ |
| အဗျာကတဟိတ် | ၃-ပါး | အလောဘ, အဒေါသ, အမောဟ |

၁။ အကုသိုလ်စိတ်၌ ယှဉ်သောဟိတ်ကို **“အကုသိုလ်ဟိတ်”**ဟုခေါ်သည်။

၂။ ကုသိုလ်စိတ်၌ ယှဉ်သောဟိတ်ကို **“ကုသိုလ်ဟိတ်”**ဟုခေါ်သည်။

၃။ အဗျာကတ(ဝိပါက်, ကြိယာ)စိတ်နှင့် ယှဉ်သောဟိတ်ကို **“အဗျာကတဟိတ်”** ဟုခေါ်သည်။

http://www.dhammadownload.com



## ၃။ ကိစ္စသင်္ဂဟ

**ကိစ္စသင်္ဂဟ ။ ။** ကိစ္စအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟ။ (စိတ်တို့၏ ဆောင်ရွက်ကြသော အမှုလုပ်ငန်းကိစ္စတို့ကို အခြေခံ၍ စိတ်, စေတသိက်တို့ကို ရေတွက်ပြခြင်းကို **"ကိစ္စသင်္ဂဟ"**ဟု ခေါ်သည်။

### စိတ်တို့ ဆောင်ရွက်ကြသော လုပ်ငန်းကိစ္စ ၁၄-ပါး

၁။ **ပဋိသန္ဓေကိစ္စ ။** ။ဘဝဟောင်းနှင့် ဘဝသစ်ကို ဆက်စပ်ပေးခြင်းကိစ္စ။

၂။ **ဘဝင်ကိစ္စ ။** ။ကံအရှိန်ရှိသမျှ တစ်ဘဝလုံး နာမ်ခန္ဓာအစဉ်မပြတ်ရအောင် ရရှိထားသောဘဝကို စောင့်ရှောက်ပေးခြင်းကိစ္စ။ (စီစဉ်ပေးခြင်းကိစ္စ) ပဋိသန္ဓေစိတ်၏ အခြားမဲ့၌ စိတ်အစဉ်ပြတ်လျှင် တစ်ဘဝအဆုံးသတ်ရဖွယ်ရှိရကား ဘဝင်စိတ်ဆက်လက်ဖြစ်ရ၏။ ပဝတ္တိအခါ၌လည်း ဆိုင်ရာအာရုံသစ်များအတွက် ဝီထိစိတ်များဖြစ်ပြီးချုပ်ပျောက်သောအခါ ဘဝင်စိတ် မပေါ်လာပါက ဘဝနိဂုံးအဆုံးသတ်ရဖွယ်ရှိ၏။ကံအရှိန်ရှိသမျှ တစ်ဘဝလုံး နာမ်ခန္ဓာအစဉ်မပြတ်ရအောင် ဘဝင်စိတ်က ဆက်စပ်ပေးရ၏။

၃။ **အာဝဇ္ဇန်းကိစ္စ ။** ။ဒွါရ၌ ထင်လာသောအာရုံ(အသစ်)ကို ဆင်ခြင်ခြင်းကိစ္စ။

၄။ **ဒဿနကိစ္စ ။** ။ အဆင်းကို မြင်ခြင်းကိစ္စ။

၅။ **သဝနကိစ္စ ။** ။ အသံကို ကြားခြင်းကိစ္စ။

၆။ **ဃာယနကိစ္စ ။** ။ အနံ့ကို နံခြင်းကိစ္စ။

၇။ **သာယနကိစ္စ ။** ။ ရသာရုံလျက်မှု, စားမှု, သာယာမှုကိစ္စ။

၈။ **ဖုသနကိစ္စ ။** ။ အတွေ့အထိကို တွေ့ထိခြင်းကိစ္စ။

၉။ **သမ္ပဋိစ္ဆန်းကိစ္စ ။** ။ ပဉ္စဒွါရ၌ ထင်လာသောအာရုံကို လက်ခံခြင်းကိစ္စ။ (အာဝဇ္ဇန်းစိတ်က ဆင်ခြင်၍ ပဉ္စဝိညာဏ်က ယူပြီးသော အာရုံကို လက်ခံခြင်းအလုပ်သည် သမ္ပဋိစ္ဆန်းစိတ်၏ ကိစ္စဖြစ်သည်။)

http://www.dhammadownload.com



၁၀။ **သန္တီရဏကိစ္စ။** ။ပဥ္စဒွါရ၌ ထင်လာသောအာရုံကို စုံစမ်းခြင်းကိစ္စ။ (သမ္ပဋိစ္ဆိုန်း စိတ်ကလက်ခံထားသောအာရုံကို ကောင်း/မကောင်းစုံစမ်း ခြင်းကိစ္စကို သန္တီရဏစိတ်က ဆောင်ရွက်သည်။)

၁၁။ **ဝုဋ္ဌောကိစ္စ။** ။ ပဥ္စဒွါရ၌ ထင်လာသောအာရုံကို သာယာဖွယ်/မသာယာဖွယ် ဟု-ပိုင်းခြားမှတ်သား ဆုံးဖြတ်ခြင်းကိစ္စ။

၁၂။ **ဇောကိစ္စ။** ။ အာရုံ၏ အရသာကို အရှိန်အဟုန်ဖြင့် ခံစားခြင်းကိစ္စ။

၁၃။ **တဒါရုံကိစ္စ။** ။ (ဇော၏နောက်သို့ အစဉ်လိုက်ပြီး)ဇောခံစားပြီးသော အာရုံကို ထပ်မံ၍ ဆက်လက်ခံယူခြင်းကိစ္စ။

၁၄။ **စုတိကိစ္စ။** ။ လက်ရှိဖြစ်ဆဲဘဝမှ ရွေ့လျောခြင်း, သေဆုံးခြင်းကိစ္စ။

ဆောင်။ ။ ဆက်စပ်, စီစဉ်၊ ဆင်ခြင်, မြင်ရှု၊ ကြားနာမှုနှင့်၊ နံမှု, လျက်မှု၊ တွေ့ထိမှုမှန်၊ လက်ခံ, စစ်ဆေး၊ ပိုင်းခြားရေးတည့်၊ သိရေးတွင်ကျယ်၊ တာတွယ်လိုက်စား၊ ရွေ့ရှားပြောင်းစွာ၊ ဆယ့်လေးဖြာ၊ ပြရာကိစ္စတည်း။

ဤကိစ္စ ၁၄-ပါးအစဉ်ကား ဘဝတစ်ခု၌ ပုဂ္ဂိုလ်, သတ္တဝါတို့၏ စိတ်ဆောင်ရွက်သော လုပ်ငန်းအစဉ်အတိုင်းပေတည်း။ စိတ်, စေတသိက်တို့သည် ဤကိစ္စ ၁၄-ပါးထက်ပိုလွန်၍လည်း မဖြစ်။ ယုတ်လျော့၍လည်း မဖြစ်။ ဤကိစ္စ ၁၄-ပါးတို့သာ ဖြစ်ကြသည်။

ဘဝတစ်ခု၌ ပဋိသန္ဓေနှင့်စ၍ စုတိဖြင့် အဆုံးသတ်ရသည်။ စုတိမရောက်မချင်း ဘဝင်-ဝီထိတို့အကြောင်းအားလျော်စွာ တစ်လှည့်စီဖြစ်နေသည်။ “ဘဝအစ ပဋိသန္ဓေ, ဘဝင်နှင့် အဆုံးသတ်စုတိ”ဤ ၃-ကိစ္စသည် ဝီထိမှ အလွတ်ဖြစ်သည်။ ဝီထိစိတ်များ၏ ကိစ္စများမှာ အာဝဇ္ဇန်းကိစ္စမှ စ၍ တဒါရုံတိုင်အောင် ၁၁-ကိစ္စရှိသည်။

### စိတ်အစဉ်ဖြစ်ပုံ (ဝီထိစဉ်)

ဝီထိ

[ပဋိ, ဘွင်ဘွင်ဘွင်ဘွင်ဘွင် အာ (ဒ,သ,ဃာ,သာ,ဖု)သံ, တီ, ဝုဋ္ဌော,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ဇ,ရုံရုံ ဘွင်ဘွင်ဘွင် စုတိ။]

http://www.dhammadownload.com



# ကိစ္စဆောင်ရွက်ရာ ဌာန ၁၀–ပါးနှင့် ထိုဌာနများ၌ ဆိုင်ရာကိစ္စတပ်သော (ဆိုင်ရာ ကိစ္စကိုဆောင်ရွက်သော ) စိတ်သရုပ်များ

| စဉ် | ဌာန ၁၀-ပါး | ဆိုင်ရာကိစ္စတပ်သော (ကိစ္စကိုဆောင်ရွက်သော) စိတ်များ | ပေါင်း |
|---|---|---|---|
| ၁။ | ပဋိသန္ဓေဌာန<br>(ပဋိသန္ဓေစိတ်ဖြစ်ပေါ်ရာစုတိနှင့်ဘွင်ကြားကာလ | ပဋိသန္ဓေကိစ္စကိုဆောင်ရွက်သည့်စိတ် =<br>(က) ဥပေက္ခာသန္တီရဏ ၂<br>(ခ) မဟာဝိပါက်စိတ် ၈<br>(ဂ) မဟဂ္ဂုတ်ဝိပါက်စိတ် ၉ | ၁၉ |
| ၂။ | ဘဝင်ဌာန<br>(ပဋိသန္ဓေနှင့်<br>အာဝဇ္ဇန်းကြား) | ဘဝင်ကိစ္စကိုဆောင်ရွက်သည့်စိတ် =<br>။ | ၁၉ |
| ၃။ | အာဝဇ္ဇန်းဌာန | အာဝဇ္ဇန်းကိစ္စကိုဆောင်ရွက်သည့်စိတ် =<br>(က) ပဉ္စဒွါရာဝဇ္ဇန်းစိတ် ၁<br>(ခ) မနောဒွါရာဝဇ္ဇန်းစိတ် ၁ | ၂ |
| ၄။ | ပဉ္စဝိညာဏ်ဌာန | ပဉ္စဝိညာဏ်ကိစ္စကိုဆောင်ရွက်သည့်စိတ် = ဒွိပဉ္စဝိညာဏ် ၁၀<br>(က) စက္ခုဝိညာဏ်သည် ဒဿနကိစ္စတပ်၏။ (ပ)<br>(င) ကာယဝိညာဏ်သည် ဖုသနကိစ္စတပ်၏။ | ၁၀ |
| ၅။ | သမ္ပဋိစ္ဆိုန်းဌာန | သမ္ပဋိစ္ဆိုန်းကိစ္စကိုဆောင်ရွက်သည့်စိတ် = သမ္ပဋိစ္ဆိုန်းစိတ် ၂ | ၂ |
| ၆။ | သန္တီရဏဌာန | သန္တီရဏကိစ္စကို ဆောင်ရွက်သည့်စိတ် = သန္တီရဏစိတ် ၃ | ၃ |
| ၇။ | ဝုဋ္ဌောဌာန | ဝုဋ္ဌောကိစ္စကို ဆောင်ရွက်သည့်စိတ် = မနောဒွါရာဝဇ္ဇန်း ၁ | ၁ |
| ၈။ | ဇောဌာန | ဇောကိစ္စကို ဆောင်ရွက်သည့်စိတ် =(က) အကုသိုလ် ၁၂<br>(ခ) ကုသိုလ် ၂၁<br>(ဂ) အာဝဇ္ဇန်းဒွေကြဉ် ကြိယာ ၁၈-<br>(ဃ) ဖိုလ်စိတ် ၄-ပါး<br>(ကာမဇော ၂၉ + အပ္ပနာဇော ၂၆) | ၅၅ |
| ၉။ | တဒါရုံဌာန | တဒါရုံကိစ္စကိုဆောင်ရွက်သည့်စိတ် (က) သန္တီရဏ ၃<br>(ခ) မဟာဝိပါက် ၈ | ၁၁ |
| ၁၀။ | စုတိဌာန | စုတိကိစ္စကို ဆောင်ရွက်သည့်စိတ်<br>(က) ဥပေက္ခာသန္တီရဏ ၂<br>(ခ) မဟာဝိပါက် ၈<br>(ဂ) မဟဂ္ဂုတ်ဝိပါက် ၉ | ၁၉ |

http://www.dhammadownload.com



## ဆိုရိုးကျက်မှတ်ရန် ။ ။

၁။ ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်သောစိတ်ကား ဥပေက္ခာသန္တီရဏစိတ် ၂-ပါး၊ မဟာဝိပါက်စိတ် ၈-ပါး, မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး။ ပေါင်း ၁၉-ပါးဖြစ်ပါသည်-စသည်ဖြင့် ဇယားကြည့်၍ဆိုလေ။

(ဒဿနစသော ကိစ္စငါးပါးကို ပဉ္စဝိညာဏဌာန ၁-ခုတည်းသာ ယူထားသဖြင့် ဌာန ၁၀-ပါးသာရှိသည်။)

### ကိစ္စနှင့် ဌာနအထူး

ယခုမျက်မြင်အားဖြင့် လူတို့၏ အမှုလုပ်ငန်းကို **"ကိစ္စ"**ဟု ခေါ်၍၊ ထိုလုပ်ငန်းများ ပြုလုပ်ရာ အလုပ်ရုံကို **"ဌာန"**ဟု ခေါ်သကဲ့သို့ (ဥပမာ)

(က) ထိုထိုစိတ်တည်းဟူသော ပရမတ္ထတရားတို့၏ ပဋိသန္ဓိ (ဘဝဟောင်းနှင့်ဘဝသစ်ကို ဆက်စပ်ပေးခြင်း)စသော အခြင်းအရာ (အမှုလုပ်ငန်း)ကို **"ကိစ္စ"**ဟု ခေါ်သည်။

(ခ) ထိုကိစ္စကို ပြုလုပ်ရာ ရှေ့စိတ် + နောက်စိတ် ၂-ခုတို့၏ အကြားစိတ်တစ်ခုဖြစ်လောက်ရာ အခါကာလကို **"ဌာန"**ဟု ခေါ်၏။ (ထိုအကြားဖြစ်သော ကာလဟူသည် ပရမတ်မဟုတ်၊ ပညတ်သာတည်း။)

ဆောင်။ ။ (က) ထိုထိုစိတ်ဓာတ်၊ ပရမတ်၏ စပ်ဟပ်ပေးခြင်း၊ အခြင်းအရာ၊ စသည်မှာ၊ များစွာ "ကိစ္စ"ဆို။

(ခ) စိတ်တစ်မျိုး၏ ရှေ့+နောက်ရှိသည့်၊ စုတိ, ဘဝင်၊ စတွင်အများ၊ စိတ်နှစ်ပါး၏၊ အကြားကာလ၊ အန္တရခေါ်အပ်၊ ယင်းပညတ်၊ မှတ်လေ "ဌာန"ကို။ (အခြေပြု။၁၃၉။)

### "ကာမဇော ၂၉ နှင့် အပ္ပနာဇော ၂၆"

## ဇောစိတ် ၅၅-ပါးတွင် -

(က) အကုသိုလ်စိတ် ၁၂၊ မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာ ၈၊ ဟသိတုပ္ပါဒ် ၁၊ ပေါင်း ၂၉ပါး (ကာမစိတ်များဖြစ်၍) ကာမဇော ၂၉-ပါးဟု ခေါ်သည်။

http://www.dhammadownload.com



(ခ) မဟဂ္ဂုတ်ကုသိုလ် ၉-ပါး၊ မဟဂ္ဂုတ်ကြိယာ ၉-ပါး၊ လောကုတ္တရာ ၈-ပါး ပေါင်း ၂၆-ပါးကို (အပ္ပနာစိတ်များဖြစ်၍) အပ္ပနာဇော ၂၆-ပါးဟု ခေါ်သည်။

## ကိစ္စနှင့် ဌာန တပ်သောစိတ်များ

| စဉ် | ကိစ္စ, ဌာနပေါင်း | စိတ်သရုပ် | ကိစ္စ, ဌာနအမည် |
|---|---|---|---|
| ၁။ | ၁-ကိစ္စ,၁-ဌာနစီသာ တပ်သောစိတ် ၆၈ | (က)ဒွေပဥ္စဝိညာဏ် ၁၀<br>(ခ)မနောဓာတ် ၃<br>(ဂ)ဇော ၅၅ | ဒဿန (ပ) ဖုသန<br>အာဝဇ္ဇန်း/သမ္ပဋိစ္ဆိုန်း<br>ဇောကိစ္စ |
| ၂။ | ၂-ကိစ္စ,၂-ဌာနတပ် သောစိတ် ၂-ပါး | (က)မနောဒွါရာဝဇ္ဇန်း၁<br>(ခ)သောမနဿသန္တီရဏ၁ | အာဝဇ္ဇန်း၊ ဝုဋ္ဌော<br>သန္တီရဏ၊ တဒါရုံ |
| ၃။ | ၃-ကိစ္စ,၃-ဌာနတပ် သောစိတ် ၉-ပါး | မဟာဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး | ပဋိသန္ဓေ၊ ဘဝင်၊ စုတိ |
| ၄။ | ၄-ကိစ္စ,၄-ဌာနတပ် သောစိတ် ၈-ပါး | မဟာဝိပါက်စိတ် ၈-ပါး | ပဋိသန္ဓေ၊ ဘဝင်၊<br>စုတိ၊ တဒါရုံ |
| ၅။ | ၅-ကိစ္စ,၅-ဌာနတပ် သောစိတ် ၂-ပါး | ဥပေက္ခာသန္တီရဏ ၂-ပါး | ပဋိသန္ဓေ၊ ဘဝင်၊ စုတိ၊<br>တဒါရုံ၊ သန္တီရဏ |

**ဆိုရိုးကျက်ရန်။ ။**

တစ်ကိစ္စ, တစ်ဌာနစီတပ်သော စိတ် ၆၈-ပါးဟူသည်ကား ဒွေပဥ္စဝိညာဏ် ၁၀-ပါး၊ မနောဓာတ် ၃-ပါး၊ ဇော ၅၅-ပါးဖြစ်ပါသည်-စသည်ဖြင့် ဇယားကို မှီ၍ဆိုလေ။

**(မနောဓာတ် ၃-ပါး = ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သမ္ပဋိစ္ဆိုန်း ၂-ပါး။)**

http://www.dhammadownload.com



## ၄။ ဒွါရသင်္ဂဟ

**ဒွါရသင်္ဂဟ။** ။ ဒွါရအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟ။

**ဒွါရ။** ။ ပကတိတံခါးပေါက်သည် လူတို့၏ ဝင်ရောက်ကြောင်းဖြစ်သကဲ့သို့ စက္ခုပသာဒစသော တံခါးပေါက်များလည်း စက္ခုဒွါရိကဝီထိစိတ်စသည်တို့၏ ဖြစ်ပေါ်လာကြောင်းဖြစ်သောကြောင့် **"ဒွါရ"**အမည်ရသည်။

### ဒွါရ ၆–ပါးနှင့် တရားကိုယ်

| | | |
|---|---|---|
| ရုပ်ဒွါရ ၅-ပါး | စက္ခုဒွါရ=စက္ခုပသာဒရုပ် | အဆင်းအာရုံဝင်ရောက်ရာမျက်စိတံခါး |
| | သောတဒွါရ=သောတပသာဒရုပ် | အသံအာရုံဝင်ရောက်ရာနားတံခါး |
| | ဃာနဒွါရ=ဃာနပသာဒရုပ် | အနံ့အာရုံဝင်ရောက်ရာနှာတံခါး |
| | ဇိဝှါဒွါရ=ဇိဝှါပသာဒရုပ် | အရသာအာရုံဝင်ရောက်ရာလျှာတံခါး |
| | ကာယဒွါရ=ကာယပသာဒရုပ် | အတွေ့အထိအာရုံဝင်ရောက်ရာကိုယ်တံခါး |
| နာမ်ဒွါရ ၁ | မနောဒွါရ = ဘဝင်စိတ် ၁၉ | စိတ်ကူးအာရုံစသည် အာရုံ ၆-ပါးဝင်ရောက်ရာ စိတ်တံခါး။ |

ဆောင်။ ။ စက်, သော, ဃာ, ဇိ, ကာ, မနီ၊ ၆–လီ ဒွါရမှတ်။

**ဆိုရိုး ။ ။** ✔ စက္ခုဒွါရဟူသည် စက္ခုပသာဒရုပ်တည်း။ (ပ)

✔ မနောဒွါရဟူသည် ဘဝင်္ဂပစ္စဒ ၁၉-ခုတည်း။

✔ စက္ခုဒွါရစသော ဒွါရ ၅-ပါးသည် **ရုပ်ဒွါရ**။

✔ မနောဒွါရသည် **နာမ်ဒွါရ**။

http://www.dhammadownload.com



## ဆိုရိုး

### ၁။ စက္ခုဒွါရ၌ ဖြစ်နိုင်သော စိတ် ၄၆-ပါး -

| | |
|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | ၁ |
| စက္ခုဝိညာဏ် | ၂ |
| သမ္ပဋိစ္ဆိုန်း | ၂ |
| သန္တီရဏ | ၃ |
| ဝုဋ္ဌော | ၁ |
| ကာမဇော | ၂၉ |
| တဒါရုံ(မဟာဝိပါက်) | ၈ |
| ပေါင်း | ၄၆-ပါး |

[သောတဒွါရ၌ ဖြစ်သောစိတ် ၄၆-ပါး (ပ) ကာယဒွါရ၌ဖြစ်သောစိတ် ၄၆-ပါး- တို့ကိုလည်း နည်းတူဆိုလေ။]

### "ပဉ္စ, စက်, သံ, န္တီ, ဝုဋ္ဌော, ဇဇဇဇဇဇဇ, ရုံရုံ"

### ၂။ မနောဒွါရ၌ဖြစ်နိုင်သော စိတ် ၆၇-ပါး -

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်း | ၁-ပါး |
| ဇော | ၅၅-ပါး |
| တဒါရုံ | ၁၁-ပါး |
| ပေါင်း | ၆၇-ပါး |

### ၃။ ဒွါရဝိမုတ် (၆-ဒွါရမှ လွတ်နိုင်သမျှ)စိတ်ပေါင်း ၁၉-ပါး

ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်ခိုက်ဖြစ်သော

| | |
|---|---|
| ဥပေက္ခာသဟဂုတ်သန္တီရဏ | ၂-ပါး |
| မဟာဝိပါက်စိတ် | ၈-ပါး |
| မဟဂ္ဂုတ်ဝိပါက် | ၉-ပါး |
| ပေါင်း | ၁၉-ပါး |

http://www.dhammadownload.com



ဤ ၁၉-ပါးသောစိတ်တို့သည် (အတိတ်ကံအဟုန်သက်သက်ကြောင့်သာဖြစ်၍) ပဋိသန္ဓေကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စတပ်ခိုက် မည်သည့်ဒွါရ၌မျှ မဖြစ်နိုင်သောကြောင့် (ဒွါရ ၆-ပါးလုံးမှလွတ်သောကြောင့်) **“ဒွါရဝိမုတ်စိတ်”**များ ဖြစ်ကြကုန်၏။

ဆောင် ။ ။ ဆယ်ကိုး ပဋိသန်၊ စိတ်အမှန်၊ ၆–တန်ဒွါရလွတ်။

## (က) ဧကဒွါရိက - ၁-ဒွါရစ၌သာဖြစ်နိုင်သော စိတ်ပေါင်း ၃၆-ပါး

| | | | |
|---|---|---|---|
| (၁) | စက္ခုဒွါရ၌သာ ဖြစ်သောစိတ် | = စက္ခုဝိညာဏ်စိတ် | ၂ |
| (၂) | သောတဒွါရ၌သာ ဖြစ်သောစိတ် | = သောတဝိညာဏ်စိတ် | ၂ |
| (၃) | ဃာနဒွါရ၌သာ ဖြစ်သောစိတ် | = ဃာနဝိညာဏ်စိတ် | ၂ |
| (၄) | ဇိဝှါဒွါရ၌သာ ဖြစ်သောစိတ် | = ဇိဝှါဝိညာဏ်စိတ် | ၂ |
| (၅) | ကာယဒွါရ၌သာ ဖြစ်သောစိတ် | = ကာယဝိညာဏ်စိတ် | ၂ |
| (၆) | မနောဒွါရ၌သာ ဖြစ်သောစိတ် | အပ္ပနာဇော | ၂၆-ပါး |
| | | ပေါင်း | ၃၆-ပါး |

## (ခ) ပဉ္စဒွါရိက - ၅-ဒွါရလုံးဖြစ်နိုင်သောစိတ် ၃-ပါး

| | |
|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | ၁-ပါး |
| သမ္ပဋိစ္ဆိုန်း | ၂-ပါး |
| ပေါင်း | ၃-ပါး |

## (ဂ) ဆဒွါရိက - ၆-ဒွါရလုံး အမြဲဖြစ်နိုင်သောစိတ် ၃၁-ပါး

| | |
|---|---|
| သောနမသသန္တီရဏ | ၁ |
| မနောဒွါရာဝဇ္ဇန်း | ၁ |
| ကာမဇော | ၂၉ |
| ပေါင်း | ၃၁-ပါး |

http://www.dhammadownload.com



## (ဃ) ၆-ဒွါရ၌ ရံခါဖြစ်၍ ရံခါလွတ်သောစိတ် ၁၀-ပါး

ဥပေက္ခာသန္တီရဏ ၂-ပါး
မဟာဝိပါက် ၈-ပါး
ပေါင်း ၁၀-ပါး

(သန္တီရဏ, တဒါရုံကိစ္စတပ်ခိုက် ၆-ဒွါရ၌ဖြစ်၏။ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်ခိုက် ၆-ဒွါရမှ လွတ်၏။)

## (င) ဒွါရ ၆-ပါးမှအမြဲလွတ်သော စိတ် ၉-ပါး

မဟဂ္ဂုတ်ဝိပါက်စိတ် ၉-ပါး

(မဟဂ္ဂုတ်ဝိပါက်စိတ်တို့သည် ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စမှ တပါး အခြားကိစ္စမတပ်သောကြောင့် အခါခပ်သိမ်း ၆-ဒွါရမှ လွတ်ကုန်၏။)

### ၅။ အာရမ္မဏသင်္ဂဟ

**အာရမ္မဏသင်္ဂဟ**။ ။အာရုံအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာဖြစ်သော သင်္ဂဟ။

**အာရမ္မဏ**။ ။ဥယျာဉ်, ပန်းမာလ်တို့သည် လူတို့မွေ့လျော်ရာဖြစ်သကဲ့သို့ ရူပါရုံ-စသည်တို့သည်လည်း စိတ်, စေတသိက်တို့၏ မွေ့လျော်ရာဖြစ်သောကြောင့် **"အာရမ္မဏ-အာရုံ"**မည်၏။ (အာရမ္မဏ = မွေ့လျော်ရာ။)

**အာလမ္ဗန**။ ။ တောင်ဝှေး, ကြိုးတန်းတို့သည် မသန်မစွမ်းသူတို့အား စွဲကိုင်မှီတွယ်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ရူပါရုံစသည်တို့သည်လည်း စိတ်, စေတသိက်တို့အား ဆွဲကိုင်မှီတွယ်ရာအဖြစ်ဖြင့် ကျေးဇူးပြုသောကြောင့် **"အာလမ္ဗန-အာရုံ"**မည်၏။ (အာလမ္ဗန = ဆွဲကိုင်မှီတွယ်ရာ။)

ဆောင်။ ။✱ ဥယျာဉ်ကြီးနယ်၊ သီးပွင့်ကြွယ်၍၊ ပျော်ဖွယ်သတ္တဝါ၊ ကောင်းစွာရှိဖို့၊ မိမိအထံ၊ နာမက္ခန်တို့၊ ဖန်ဖန်စုပုံ၊ ပျော်ရန်ဂုဏ်၊ အာရုံသတ္တိခေါ်။
✱ ဆွဲကိုင်မှီတွယ်၊ ကျေးဇူးကြွယ်၊ ခြောက်သွယ်ခေါ်အာရုံ။

http://www.dhammadownload.com



## အာရုံ ၆–ပါးနှင့် တရားကိုယ်အရကောက်

| အာရုံ ၆ | အဓိပ္ပါယ် | တရားကိုယ် |
|---|---|---|
| ရူပါရုံ | စက္ခုဝိညာဏ်ဖြင့်မြင်ရသောအဆင်းအမျိုးမျိုး | (ဝဏ္ဏ)ရူပရုပ် |
| သဒ္ဒါရုံ | သောတဝိညာဏ်ဖြင့်ကြားရသောအသံအမျိုးမျိုး | သဒ္ဒရုပ် |
| ဂန္ဓာရုံ | ဃာနဝိညာဏ်ဖြင့်နမ်းရှုရသောအနံ့အမျိုးစုံ | ဂန္ဓရုပ် |
| ရသာရုံ | ဇိဝှါဝိညာဏ်ဖြင့်လျှက်ရသောအရသာမျိုးစုံ | ရသရုပ် |
| ဖောဋ္ဌဗ္ဗာရုံ | ကာယဝိညာဏ်ဖြင့်တွေ့ထိရသော အကြမ်း အနုစသော အတွေ့မျိုးစုံ | ပထဝီ,တေဇော, ဝါယော=ဖောဋ္ဌဗ္ဗရုပ် |
| ဓမ္မာရုံ | မနောဝိညာဏ်ဖြင့်သာသိရသော သိဖွယ်မျိုးစုံ | ပသာဒ၅၊ သုခုမ၁၆၊ စိတ်၈၉၊စေ၅၂၊နိဗ္ဗာန် ပညတ်ဟူသောတရားစု ၆ |

ဆောင်။ ။ ရူပ, သဒ္ဒ၊ ဂန်, ရသ၊ ဖောဋ္ဌ ဓမ်–ရုံခြောက်။
ပသာ, သုခု၊ စိတ်, စေစုနှင့်၊ မှတ်ရှုနိဗ္ဗာန်၊ ပညတ်တွဲ၊
ခြောက်တန် ဓမ္မာရုံ။

http://www.dhammadownload.com



## ဆန္ဒါရိုကစိတ်တို့နှင့် ဒွါရဝိမုတ်စိတ်တို့၏ အာရုံပြပုံဇယား

| စဉ် | အာရမ္မဏိကစိတ်များ | အာရုံများ | တရားကိုယ် |
|---|---|---|---|
| ၁။ | စက္ခုဒွါရိကစိတ် ၄၆-ပါး | ပစ္စုပ္ပန်ရူပါရုံ | ဝဏ္ဏ=အဆင်းရုပ်ဟူသမျှ |
| ၂။ | သောတဒွါရိကစိတ် ၄၆-ပါး | ပစ္စုပ္ပန်သဒ္ဒါရုံ | သဒ္ဒ=အသံရုပ်ဟူသမျှ |
| ၃။ | ဃာနဒွါရိကစိတ် ၄၆-ပါး | ပစ္စုပ္ပန်ဂန္ဓာရုံ | ဂန္ဓ=အနံ့ရုပ်ဟူသမျှ |
| ၄။ | ဇိဝှါဒွါရိကစိတ် ၄၆-ပါး | ပစ္စုပ္ပန်ရသာရုံ | ရသ=အရသာရုပ်ဟူသမျှ |
| ၅။ | ကာယဒွါရိကစိတ် ၄၆-ပါး | ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံ | ဖောဋ္ဌဗ္ဗ=ပထဝီ,တေဇော,<br>ဝါယောရုပ်များ |
| ၆။ | မနောဒွါရိကစိတ် ၆၇-ပါး | ပစ္စုပ္ပန်,အတိတ်,<br>အနာဂါတ်ကာလ<br>ဝိမုတ် အာရုံ ၆<br>(ယထာရဟ) | ဂေါစရရုပ် ၇-ပါး<br>(တေကာလိကပဉ္စာရုံ)<br>ပသာဒရုပ်၅ ┐<br>သုခုမရုပ်၁၆ │ ပစ္စုပ္ပန်ဓမ္မာရုံ<br>စိတ်၈၉ │<br>စေ ၅၂ ┘<br>နိဗ္ဗာန် ၁ ┐ ကာလဝိမုတ်ဓမ္မာရုံ<br>ပညတ် ၁ ┘ |
| ၇။ | (ပဋိသန္ဓေ,ဘဝင်,စုတိ-ဟုဆိုအပ်<br>သော)ဒွါရဝိမုတ်စိတ် ၁၉-ပါး | (များသောအားဖြင့် အခြားမဲ့ဘဝဟောင်း၌ ဆန္ဒါ<br>ရိကမရဏာသန္နဇောသည်ယူပေးအပ်သော)<br>ပစ္စုပ္ပန်,အတိတ်,ပညတ်ဖြစ်သော ကံ,ကမ္မနိမိတ်,<br>ဂတိနိမိတ်ဟုသမုတ်အပ်သော အာရုံ ၆-ပါး | |

ဤဇယားကိုကြည့်၍ ဆိုရိုးရအောင် ကျက်မှတ်ထားရမည်။

### ကျက်မှတ်ရန် ဆိုရိုး

၁။ စက္ခုဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြု၏။

၂။ သောတဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်သဒ္ဒါရုံကိုသာ အာရုံပြု၏။

၃။ ဃာနဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်ဂန္ဓာရုံကိုသာ အာရုံပြု၏။

http://www.dhammadownload.com



၄။ ဇိဝှါဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်ရသာရုံကိုသာ အာရုံပြု၏။

၅။ ကာယဒွါရ၌ဖြစ်သော စိတ် ၄၆-ပါးတို့သည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြု၏။

၆။ မနောဒွါရ၌ဖြစ်သော ၆၇-ပါးသည် ပစ္စုပ္ပန်, အတိတ်, အနာဂါတ်, ကာလဝိမုတ်ဖြစ်သော အာရုံ ၆-ပါးကို ထိုက်သင့်သလို အာရုံပြု၏။

(ပစ္စုပ္ပန်, အတိတ်, အနာဂါတ်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈နှင့် ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်, ပညတ် ဤအာရုံ ၆-ပါးတို့တွင် ၁-ပါးပါးကို ထိုက်သည့်အားလျော်စွာ အာရုံပြု၏-ဟူလို။)

၇။ ပဋိသန္ဓေ, ဘဝင်, စုတိကိစ္စတပ်သော ဒွါရဝိမုတ်စိတ် ၁၉-ပါးသည် များသောအားဖြင့် အခြားမဲ့လွန်ခဲ့ပြီးစ ဘဝဟောင်း၌ ဆဒွါရိကမရဏာသန္နဇောသည် ယူပေးအပ်သော ပစ္စုပ္ပန်, အတိတ်, ပညတ်ဖြစ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟု သမုတ်အပ်သော အာရုံ ၆-ပါးကို ထိုက်သင့်သလို အာရုံပြုသည်။

## အခ်ိပ္ပါယ်

- ✔ ပဥ္စဒွါရိကစိတ်တို့၌ စိတ်ဓာတ်သတ္တိသည် များစွာ မရှိကြ၊ ထိုကြောင့် တိုက်ရိုက်ထင်လာသော ဆိုင်ရာပစ္စုပ္ပန်အာရုံတစ်မျိုးကိုသာ အာရုံပြုကြသည်။
- ✔ မနောဒွါရိကဝီထိစိတ်များကား အလွန်အစွမ်းသတ္တိရှိ၏။ အာရုံ ၆-ပါးကို ထိုက်သလို အာရုံပြုနိုင်၏။ ဈာနဝီထိ, မဂ္ဂဝီထိ, ဖလသမာပတ္တိဝီထိစသည် တို့သည်လည်း မနောဒွါရဝီထိပင်တည်း။ ထို့ကြောင့် မနောဒွါရဝီထိစိတ်တို့သည် အတိတ်, အနာဂါတ်, ပစ္စုပ္ပန်, ကာလဝိမုတ်အာရုံဟူသမျှကို အာရုံပြုနိုင်သည်သာတည်း။ **(ဘာသာဋီကာ။ ၁၉၂။)**

## ဓမ္မာရုံတရားစု ၆-မျိုးတွင် နိဗ္ဗာန်နှင့် ပညတ် ကာလဝိမုတ်ဖြစ်ရခြင်း

(က) နိဗ္ဗာန်သည် မပျက်မစဲ အမြဲတည်၏။ ထိုကြောင့် အတိတ်က ဖြစ်ခဲ့ပြီ, ပစ္စုပ္ပန်၌ ဖြစ်ဆဲ, အနာဂါတ်၌ ဖြစ်လတ္တံ့-ဟု မဆိုထိုက်။

(ခ) ပညတ်ဟူသည်လည်း ဥပါဒ်, ဌီ, ဘင်အားဖြင့် အထင်အရှားမရှိ ထိုကြောင့်

ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့ဟု မဆိုနိုင်။ ထို့ကြောင့် နိဗ္ဗာန်နှင့် ပညတ်တို့သည် ကာလဝိမုတ် ဖြစ်ကြသည်။ **(အခြေပြုသင်္ဂြိုဟ်)**

**မရဏာသန္နဇော** ။ ။ သတ္တဝါတို့ စုတေခါနီး၌ စုတိရှေ့ ကပ်လျက် တစ်ဆက်တည်း နေသော ဇောဝီထိကို **"မရဏာသန္နဇော"**ဟု ခေါ်သည်။

**ထိုမရဏာသန္နဇော၏ အာရုံများသည်** ရူပါရုံစသော အာရုံ ၆-ပါးတွင် တပါးပါးပင် ဖြစ်သောကြောင့် ဒွါရ ၆-ပါးတို့ဖြင့် သင့်သလိုယူရသည်။ ထိုအာရုံများ တွင် အချို့မှာ ပစ္စုပ္ပန်, အချို့မှာ အတိတ်, အချို့ကား ကာလဝိမုတ်ပညတ်တရား များတည်း။

ထိုအာရုံများကို ရူပါရုံ, သဒ္ဒါရုံ-စသည်ဖြင့် ပင်ကိုယ်နာမည်ကို အသုံးမပြုပဲ အဘိဓမ္မာထုံးစံအရ **"ကံ, ကမ္မနိမိတ်, ဂတိနိမိတ်"**ဟု သမုတ်ထားသည်။

**နောက်ဘဝသစ်၌ ဖြစ်လတ္တံ့သော ပဋိသန္ဓေ, ဘဝင်, စုတိစိတ်တို့သည်** အခြားမဲ့ လွန်ခဲ့ပြီးစ ဘဝဟောင်းက ဆဒ္ဒါရိက မရဏာသန္နဇောသည် ယူပေးအပ် သော "ကံ, ကမ္မနိမိတ်, ဂတိနိမိတ်" ၃-ပါးတွင် တစ်ပါးပါးကို အာရုံပြုကြရိုးတည်း။ **(အခြေပြုသင်္ဂြိုဟ်)**

**ကံ, ကမ္မနိမိတ်, ကတိနိမိတ်**

**ကံ** ။ ။ စုတေခါနီးဝယ် အခြားမဲ့ဘဝ၌ ပဋိသန္ဓေအကျိုးပေးဖို့ရန် မိမိပြုလုပ်ခဲ့သော ကုသိုလ်ကံ/အကုသိုလ်ကံ တစ်မျိုးမျိုး ရှေးရှုထင်ပေါ်လာခြင်းသည် **"ကံအာရုံ"** ဖြစ်၏။

**ကမ္မနိမိတ်** ။ ။ ကံပြုစဉ်တုန်းက တွေ့ကြုံရသမျှ အာရုံများပင်ဖြစ်၏။

**ကုသိုလ်ကမ္မနိမိတ်ဖြစ်လျှင်** = ကုသိုလ်ကောင်းမှုပြုစဉ်က တွေ့ကြုံရ သမျှသော ကျောင်း, ကန်, ဘုရား, ဆွမ်း, သင်္ကန်းစသော အာရုံများထင်လာ၏။

**အကုသိုလ်ကမ္မနိမိတ်ဖြစ်ပါက** = အကုသိုလ်ပြုစဉ်က တွေ့ကြုံရ သမျှသော သား, ငါး, ပိုက်ကွန်, လက်နက်စသည်ဖြင့် ကျူးလွန်ခဲ့စဉ်က ပြုခဲ့သမျှ အာရုံနိမိတ်များ ထင်လာတတ်၏။

http://www.dhammadownload.com

**ဂတိနိမိတ်** ॥ ॥ စုတေခါနီးဝယ် စုတေပြီးနောက် လားရောက်ရမည့်ဘဝ၌ တွေ့ကြုံ ခံစားရမည့်အာရုံနိမိတ်ဟူသမျှ။

ဥပမာ ॥ ॥ **သုဂတိဘုံဘဝသို့ ရောက်မည် ဆိုလျှင်** နတ်ဘုံ, နတ်နန်း, ဥယျာဉ်, ပဒေသာပင်-စသည်များ ထင်လာ၏။

**ဒုဂ္ဂတိဘုံဘဝသို့ လာရောက်ရမည်ဆိုပါက** - ငရဲဘုံ, ငရဲမီး, ငရဲထိန်း, ငရဲခွေး စသည်တို့ ထင်လာတတ်၏။ ယင်းသို့ ထင်လာသောအာရုံနိမိတ်ဟူသမျှကို "**ဂတိနိမိတ်**"ဟု ခေါ်သည်။

| ဇကန်/အနေကန် အာရုံအခွဲ | စိတ်သရုပ် | | အာရုံ ၆-ပါး | | | | |
|---|---|---|---|---|---|---|---|
| | | | စိတ် | စေ | ရုပ် | နိဗ္ဗာန် | ပညတ် |
| ကာမဇကန်အာ ရုံပြုစိတ် ၂၅-ပါး | စက္ခုဝိညာဏ်၂(ပ) ကာယဝိညာဏ်၂ | ၁၀ | × | × | ပွန်ရူပါရုံ(ပ) ပွန်ဖောဋ္ဌဗ္ဗာရုံ | × | × |
| | မနောဓာတ် | ၃ | × | × | ပွန်ပဥ္စာရုံ | × | × |
| | သန္တီ ၃၊ မဟာဝိ ၈ ဟသိတုပ္ပါဒ် ၁ | ၁၂ | ကာမ ၅၄ | ၅၂ | ၂၈ | × | × |
| လောကုတ်ကြဉ် အလုံးစုံအာရုံပြု ၂၀ | အကု ၁၂၊မဟာကု, ကြိညာဏဝိပ္ပယုတ်၈ | ၂၀ | လောကီ ၈၁ | ၅၂ | ၂၈ | × | ပညတ် |
| အရဟတ္တမဂ်,ဖိုလ် ကြဉ်အလုံးစုံအာ ရုံပြုစိတ် ၅-ပါး | မဟာကုညသံ၄ ကုသိုလ်အဘိညာဉ်၁ | ၅ | အရဟာ-မဂ် ဖိုလ်ကြဉ် ၈၇ | ၅၂ | ၂၈ | နိဗ္ဗာန် | ပညတ် |
| အလုံးစုံအာရုံပြု စိတ် ၆ | မနောဒွါရာဝဇ္ဇန်း၁ မဟာကြိညာဏသံ ၄ ကြိယာအဘိညာဏ်၁ | ၆ | စိတ်၈၉ | ၅၂ | ၂၈ | ॥ | ॥ |
| ပညတ်ဇကန်အာ ရုံပြု ၂၁ | အဘိညာဉ်ဒွေကြဉ် ရူပ၁၅၊အာကာ၃၊ အာကိံ ၃ | ၂၁ | × | × | × | × | ॥ |
| မဟဂ္ဂုတ်ဇကန် အာရုံပြု ၆ | ဝိညာဏဥ္စ ၃ နေဝသညာ ၃ | ၆ | အာကာ ကု,ကြိ အာကိံ ကု, ကြိ | × | × | × | × |
| နိဗ္ဗာန်ဇကန် အာရုံပြု ၈ | လောကုတ္တရာ၈ | ၈ | × | × | × | နိဗ္ဗာန် | × |

http://www.dhammadownload.com



## ဆိုရိုး

၁။ စက္ခုဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ရူပါရုံကိုသာ အာရုံပြုသည်။ (ပ) ကာယဝိညာဏ်ဒွေသည် ပစ္စုပ္ပန်ဖောဋ္ဌဗ္ဗာရုံကိုသာ အာရုံပြုသည်။

၂။ မနောဓာတ်သုံးခုသည် ပစ္စုပ္ပန်ပဉ္စာရုံကိုသာအာရုံပြု၏။

၃။ သန္တီရဏ ၃-ခု၊ မဟာဝိပါက် ၈၊ ဟသိတုပ္ပါဒ် ၁၊ ဤ ၁၂-ပါးသော စိတ်တို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂါတ်ဖြစ်သော ကာမစိတ် ၅၄-ပါး၊ စေတသိက် ၅၂-ပါး၊ ရုပ် ၂၈-ပါး ဤကာမအာရုံ ၆-ပါးတွင် တစ်ပါးပါးကို အာရုံပြု၏။

### ကာမအာရုံကိုသာ အာရုံပြုသော စိတ် ၂၅-ပါး

| | |
|---|---|
| ဒွေပဉ္စဝိညာဏ် | ၁၀-ပါး |
| မနောဓာတ် | ၃-ပါး |
| သန္တီရဏ | ၃-ပါး |
| မဟာဝိပါက် | ၈-ပါး |
| ဟသိတုပ္ပါဒ် | ၁-ပါး |
| ပေါင်း | ၂၅-ပါး |

၄။ အကုသိုလ်စိတ် ၁၂-ပါး၊ မဟာကုသိုလ်စိတ် ဉာဏဝိပ္ပယုတ် ၄-ပါး၊ မဟာကြိယာဉာဏဝိပ္ပယုတ် ၄-ပါး၊ ဤ ၂၀-သောစိတ်တို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂါတ်ဖြစ်သော လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ကာလဝိမုတ်ဖြစ်သော ပညတ်၊ ဤအာရုံ ၆-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။

၅။ မဟာကုသိုလ်ဉာဏသမ္ပယုတ် ၄၊ ကုသိုလ်အဘိညာဉ် ၁၊ ဤငါးပါးသော စိတ်တို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂါတ်ဖြစ်သော အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြဉ်သော စိတ် ၈၇၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ် ဤအာရုံ ၆-ပါးတို့တွင်တစ်ပါးပါးကို အာရုံပြုကုန်၏။ (အရဟတ္တမဂ်, အရဟတ္တဖိုလ်ကြည် အလုံးစုံကို အာရုံပြုကုန်၏-ဟူလို။)

http://www.dhammadownload.com



၆။ မနောဒွါရာဝဇ္ဇန်း၊ မဟာကြိယာဉာဏသမ္ပယုတ် ၄၊ ကြိယာအဘိညာဉ် ၁၊ ဤ ၆-ပါးသောစိတ်တို့သည် ပစ္စုပ္ပန်, အတိတ်, အနာဂါတ်ဖြစ်သော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန်၊ ပညတ်၊ ဤအာရုံ ၆-ပါးတို့တွင် တစ်ပါးပါးကို အာရုံပြုကုန်၏။ (အလုံးစုံကို အာရုံပြုကုန်၏ဟူလို)

**မှတ်ချက်** ။ ။ မနောဒွါရာဝဇ္ဇန်းစိတ်က အလုံးစုံကို အာရုံပြုသည်ဆိုရာ၌ ဘုရားရှင်၏ သန္တာန်တော်၌ ဖြစ်ခိုက်သာ အလုံးစုံကိုအာရုံပြု၏။ ကျန်ပုဂ္ဂိုလ်တို့၌ ဖြစ်ခိုက် အလုံးစုံကို အာရုံမပြုနိုင်။

**ကာမ, မဟဂ္ဂုတ်, ပညတ်ကို အနေကန်အာရုံပြုသောစိတ် ၃၁–ပါး**

| | |
|---|---|
| အကုသိုလ်စိတ် | ၁၂-ပါး |
| မနောဒွါရာဝဇ္ဇန်း | ၁-ပါး |
| မဟာကုသိုလ် | ၈-ပါး |
| မဟာကြိယာ | ၈-ပါး |
| အဘိညာဉ်ဒွေ | ၂-ပါး |
| ပေါင်း | ၃၁-ပါး |

၇။ ဝိညာဏဉ္စာယတနစိတ် ၃၊ နေဝသညာနာသညာယတနစိတ် ၃၊ ဤ ၆-ပါးသော စိတ်တို့သည် (အတိတ်အဖြစ္တတ္တဖြစ်သော အာကာသာနဉ္စ, အာကိဉ္စညာယတနစိတ်) မဟဂ္ဂုတ်ကိုသာ အာရုံပြုသည်။

(မဟဂ္ဂုတ်မွှာရုံကိုသာ အာရုံပြုသော စိတ် ၆-ပါးဟူလို။)

(ယင်း ၆-ပါးတို့တွင် **၁။ ဝိညာဏဉ္စာယတန ကုသိုလ်, ဝိပါက်သည်** အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်ကို အာရုံပြု၏။

**ဝိညာဏဉ္စာယတနကြိယာသည်** အတိတ်ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်, ကြိယာ ၂-ပါးတွင် တစ်ပါးပါးကို အာရုံပြု၏။

**နေဝသညာနာသညာယတနကုသိုလ်, ဝိပါက်သည်** အတိတ်ဖြစ်သော

http://www.dhammadownload.com



အာကိဉ္စညာယတနကုသိုလ်ကို အာရုံပြု၏။

**နေဝသညာနာသညာယတနကြိယာသည်** အတိတ်ဖြစ်သော အာကိဉ္စညာယတနကုသိုလ်, ကြိယာ ၂-ပါးတွင် တစ်ပါးပါးကို အာရုံပြု၏။)

၈။ အဘိညာဉ်ဒွေကြဉ်သော ရူပစိတ် ၁၅၊ အာကာသာနဉ္စာယတနစိတ် ၃၊ အာကိဉ္စညာယတနစိတ် ၃၊ ဤ ၂၁-ပါးသော စိတ်တို့သည် ကာလဝိမုတ်ဖြစ်သော ပညတ်ကိုသာ အာရုံပြုသည်။ (ဧကန်)

(ပညတ်ဓမ္မာရုံကိုသာ အာရုံပြုသော စိတ် ၂၁-ပါးဟူလို။)

၉။ လောကုတ္တရာစိတ် ၈-ပါးသည် နိဗ္ဗာန်ကိုသာ အာရုံပြု၏။ (ဧကန်)

(က) နိဗ္ဗာန်ကို ဧကန်အာရုံပြုသောစိတ် ၈-ပါး

လောကုတ္တရာစိတ် ၈-ပါး

(ခ) နိဗ္ဗာန်ကို အနေကန်အာရုံပြုသောစိတ် ၁၁-ပါး

| | |
|---|---|
| မနောဒွါရာဝဇ္ဇန်း | ၁-ပါး |
| မဟာကုသိုလ်, မဟာကြိယာဉာဏသမ္ပယုတ် | ၈-ပါး |
| အဘိညာဉ်ဒွေ | ၂-ပါး |
| ပေါင်း | ၁၁-ပါး |

## ဧကန်/အနေကန်ခွဲပုံ

အာရုံသည် ကာမ, မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်ဟူ၍ အချုပ်အားဖြင့် ၄-မျိုးသာရှိသည်။ တစ်မျိုးမျိုးကိုသာ အာရုံပြုလျှင် **“ဧကန်”**၊ တစ်မျိုးထက်ပိုလျှင် **“အနေကန်”**ဟု မှတ်။

**ဥပမာ** ။ ။ ကာမဧကန် = ကာမအာရုံ ၁-ပါးတည်းသာ။

ကာမအနေကန် = ကာမအာရုံသာမက အခြားအာရုံများဖြစ်သော မဟဂ္ဂုတ်, လောကုတ္တရာ, ပညတ်စသည်တို့ပါဝင်။

http://www.dhammadownload.com



အဘိညာဉ်ဒွေ-ဟူသည်။ ။ အဘိညာဉ်ကိစ္စပြီးစီးအောင် ပွါးများအားထုတ်၍ ထမြောက်သော တန်ခိုးဣဒ္ဓိပါဒ်ကြီးမြတ်သည့် ရူပပဉ္စမျာန်ကုသိုလ်နှင့် ရူပပဉ္စမျာန် ကြိယာစိတ် ၂-ပါးဖြစ်သည်။

(အဘိညာဉ်ကိစ္စတပ်ခိုက်သာ အဘိညာဉ်စိတ်အမည်ရသည်။ အဘိညာ ကိစ္စ မတပ်လျှင် ရိုးရိုးပဉ္စမစျာန်ကုသိုလ်, ကြိယာစိတ်များဖြစ်ကြသည်။)

(က) ကာမ ဧကန်အာရုံပြုသောစိတ် ၂၅-ပါး (ပဉ္စဝီသ ပရိတ္တမှိ)
ကာမ အနေကန်အာရုံပြုသောစိတ် ၃၁-ပါး

(ခ) မဟဂ္ဂုတ်ဧကန်အာရုံပြုသောစိတ် ၆-ပါး (ဆစိတ္တာနိ မဟဂ္ဂတေ)
မဟဂ္ဂုတ်အနေကန်အာရုံပြုသောစိတ် ၃၁-ပါး

(ဂ) ပညတ်ဧကန်အာရုံပြုသောစိတ် ၂၁-ပါး(ဧကဝီသတိ ဝေါဟာရေ)
ပညတ်အနေကန်အာရုံပြုသောစိတ် ၃၁-ပါး

(ဃ) နိဗ္ဗာန်ဧကန်အာရုံပြုသောစိတ် ၈-ပါး(အဋ္ဌ နိဗ္ဗာနဂေါစရေ)
နိဗ္ဗာန်ကို အနေကန်အာရုံပြုသောစိတ် ၁၁-ပါး။

### ၆။ ဝတ္ထုသင်္ဂဟ

**ဝတ္ထုသင်္ဂဟ** ။ ။ ဝတ္ထုအပြားအားဖြင့် စိတ်, စေတသိက်တို့ကို ပေါင်းယူရာ ဖြစ်သောသင်္ဂဟ။

**ဝတ္ထု** ။ ။ ကျောင်း၏ တည်ရာမြေကို "ဝိဟာရဝတ္ထု = ကျောင်းနေရာ"ဟု ခေါ်စမှတ်ပြုသကဲ့သို့ စိတ်, စေတသိက်တို့၏ မှီရာတည်ရာရုပ်ကို **"ဝတ္ထု"** ဟုခေါ်သည်။

ဆောင်။ ။ "စိတ်၏တည်ရာ၊ မြေပမာ၊ လွန်စာ ကျေးဇူးထုတ်"။

မြေကြီးသည် သက်ရှိ, သက်မဲ့တို့၏ တည်ရာ, မှီရာဖြစ်သကဲ့သို့ စက္ခုပသာဒ စသော ရုပ် ၆-ပါးတို့သည်လည်း စိတ်, စေတသိက်တို့၏ တည်ရာ, မှီရာဖြစ်သော ကြောင့် ဝတ္ထု-မည်၏။

http://www.dhammadownload.com



| ဝတ္ထု ၆-ပါးနှင့် | တရားကိုယ် |
|---|---|
| စက္ခုဝတ္ထု | စက္ခုပသာဒရုပ် |
| သောတဝတ္ထု | သောတပသာဒရုပ် |
| ဃာနဝတ္ထု | ဃာနပသာဒရုပ် |
| ဇိဝှါဝတ္ထု | ဇိဝှါပသာဒရုပ် |
| ကာယဝတ္ထု | ကာယပသာဒရုပ် |
| ဟဒယဝတ္ထု | ဟဒယရုပ် |

**ဆိုရိုး ။ ။** စက္ခုပသာဒရုပ်သည် စက္ခုဝတ္ထုမည်၏-စသည်ဆိုပါ။

| ကာမ ၁၁-ဘုံ၌ | ဝတ္ထုရုပ် ၆-ပါးလုံးရသည်။ |
|---|---|
| အသညသတ်ဦ ရူပ ၁၅-ဘုံ | စက္ခု, သောတ, ဟဒယဝတ္ထု ၃-ပါးရသည်။ |
| အရူပ ၄-ဘုံ၌ | ဝတ္ထုရုပ်လုံးဝ မရ။ |

ဆောင်။ ။ ဝတ္ထု ၆-စုံ၊ ကာမဘုံ၊ အကုန်ရသည်သာ။
စက်,သော ၂-တန်၊ ဟဒယံ၊ သုံးတန်ရူပမှာ။
အရူပမူ၊ ဝတ္ထုဟူ၊ မြူမျှ မရှိပါ။

| စဉ် | ဝိညာဏဓာတ် ၇-ပါးနှင့် | တရားကိုယ် |
|---|---|---|
| ၁။ | စက္ခုဝိညာဏဓာတ် | စက္ခုဝိညာဏ်ဒွေ |
| ၂။ | သောတဝိညာဏဓာတ် | သောတဝိညာဏ်ဒွေ |
| ၃။ | ဃာနဝိညာဏဓာတ် | ဃာနဝိညာဏ်ဒွေ |
| ၄။ | ဇိဝှါဝိညာဏဓာတ် | ဇိဝှါဝိညာဏ်ဒွေ |
| ၅။ | ကာယဝိညာဏဓာတ် | ကာယဝိညာဏ်ဒွေ |
| ၆။ | မနောဓာတ် | ပဉ္စဒွါရာဝဇ္ဇန်းနှင့်သမ္ပဋိစ္ဆိုန်းဒွေ |
| ၇။ | မနောဝိညာဏဓာတ် | ဒွိပဉ္စဝိညာဏ်၁၀နှင့် မနောဓာတ် ၃-ပါးမှ ကြွင်းသော စိတ် ၇၆-ပါး |

http://www.dhammadownload.com



**ဆိုရိုး ။ ။** စက္ခုဝိညာဏ်ဓွေသည် စက္ခုဝိညာဏဓာတ်မည်၏-စသည်ဆိုပါ။

ဝတ္ထုရုပ် ၆-ပါးနှင့် ဝိညာဏဓာတ် ၇-ပါးတွဲစပ်ပုံ

| ဝတ္ထုရုပ် ၆-ပါး | ဝိညာဏဓာတ် ၇-ပါး |
|---|---|
| စက္ခုဝတ္ထု | စက္ခုဝိညာဏဓာတ် |
| သောတဝတ္ထု | သောတဝိညာဏဓာတ် |
| ဃာနဝတ္ထု | ဃာနဝိညာဏဓာတ် |
| ဇိဝှါဝတ္ထု | ဇိဝှါဝိညာဏဓာတ် |
| ကာယဝတ္ထု | ကာယဝိညာဏဓာတ် |
| ဟဒယဝတ္ထု | မနောဓာတ်, မနောဝိညာဏဓာတ် |

**ဆိုရိုး ။ ။** ၁။ စက္ခုဝိညာဏဓာတ်သည် စက္ခုဝတ္ထုကိုမှီ၏။

၂။ သောတဝိညာဏဓာတ်သည် သောတဝတ္ထုကိုမှီ၏။

၃။ ဃာနဝိညာဏဓာတ်သည် ဃာနဝတ္ထုကိုမှီ၏။

၄။ ဇိဝှါဝိညာဏဓာတ်သည် ဇိဝှါဝတ္ထုကိုမှီ၏။

၅။ ကာယဝိညာဏဓာတ်သည် ကာယဝတ္ထုကိုမှီ၏။

၆။ မနောဓာတ် ၃-ပါးသည် ဟဒယဝတ္ထုကိုမှီ၏။

✔ အရူပဝိပါက် ၄-ခုကြဉ်သော မနောဝိညာဏဓာတ် ၇၂-ပါးတို့သည်လည်း ဟဒယဝတ္ထုကို မှီကြ၏။

ဝတ္ထုဖြင့် စိတ်ကို ဓောန်ခြင်း သင်္ဂဟာဆိုရိုး

၁။ စက္ခုဝိညာဏ်ဓွေသည် စက္ခုဝတ္ထုကိုသာ အမြဲမှီ၏။

၂။ သောတဝိညာဏ်ဓွေသည် သောတဝတ္ထုကိုသာ အမြဲမှီ၏။

၃။ ဃာနဝိညာဏ်ဓွေသည် ဃာနဝတ္ထုကိုသာ အမြဲမှီ၏။

http://www.dhammadownload.com



၄။ ဇိဝှါဝိညာဏ်ဒွေသည် ဇိဝှါဝတ္ထုကိုသာ အမြဲမှီ၏။

၅။ ကာယဝိညာဏ်ဒွေသည် ကာယဝတ္ထုကိုသာ အမြဲမှီ၏။
(ဤကား ပဉ္စဝတ္ထုအသီးသီး၌ အမြဲမှီသော စိတ် ၁၀-ပါးဖြစ်သည်။)

၆။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေ-ဟု ဆိုအပ်သော မနောဓာတ် ၃-ခုသည် ဟဒယဝတ္ထုကို အမြဲမှီ၏။

၇။ ဒေါသမူဒွေ, သန္တီရဏ ၃-ခု, ဟသိတုပ္ပါဒ် ၁၊ မဟာဝိပါက် ၈-ခု၊ ရူပစိတ် ၁၅-ခု၊ သောတာပတ္တိမဂ် ၁၊ ဤ ၃၀-သော မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို အမြဲမှီ၏။
(ဤကား ဟဒယဝတ္ထုကို အမြဲမှီသောစိတ်ပေါင်း ၃၃-ပါးဖြစ်သည်။)

၈။ လောဘမူ ၈၊ မောဟမူ ၂၊ မနောဒွါရာဝဇ္ဇန်း၊ မဟာကုသိုလ် ၈၊ မဟာကြိယာ ၈၊ အရူပကုသိုလ် ၄၊ အရူပကြိယာ ၄၊ (သောတာပတ္တိမဂ်ကြဉ်သော) လောကုတ္တရာ ၇၊ ဤ ၄၂-ပါးသော မနောဝိညာဏဓာတ်တို့သည် ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါ ဟဒယဝတ္ထုကို မှီ၍ဖြစ်ကုန်၏။ အရူပ(စတုဝေါကာရ)ဘုံ၌ဖြစ်သောအခါ မမှီဘဲ ဖြစ်ကုန်၏။

၉။ အရူပဝိပါက် ၄-ခုသည် အရူပဘုံ၌သာဖြစ်သောကြောင့် မှီရာဝတ္ထုရုပ်လုံးဝ မရှိ။

http://www.dhammadownload.com



**ပဉ္စဝေါကာရ ။** ။ ခန္ဓာ ၅-ပါးရှိသော သတ္တဝါတို့နေထိုင်ရာဘုံ (ကာမ ၁၁-ဘုံ၊ ရူပ ၁၅-ဘုံ ပေါင်း ၂၆-ဘုံ)

**စတုဝေါကာရ ။ ။** နာမ်ခန္ဓာ ၄-ပါးရှိသော အရူပပြဟ္မာများနေထိုင်ရာ အရူပ ၄-ဘုံ။

**ဧကဝေါဟာရ** ။ ။ ရုပ်ခန္ဓာ ၁-မျိုးသာရှိသော အသညသတ်ဘုံ။

| ဝိညာဏဓာတ် ၇ | | | ကာမဘုံ / ရူပဘုံ: စက္ခုဝတ္ထု | ကာမဘုံ / ရူပဘုံ: သောတဝတ္ထု | ကာမဘုံ: ဃာနဝတ္ထု | ကာမဘုံ: ဇိဝှါဝတ္ထု | ကာမဘုံ: ကာယဝတ္ထု | ကာမဘုံ / ရူပဘုံ: ဟဒယဝတ္ထု | |
|---|---|---|---|---|---|---|---|---|---|
| စက္ခုဝိညာဏဓာတ် | | ၂ | ॥ | | | | | | အမြဲမှီ |
| သောတဝိညာဏဓာတ် | | ၂ | | ॥ | | | | | |
| ဃာနဝိညာဏဓာတ် | | ၂ | | | ॥ | | | | |
| ဇိဝှါဝိညာဏဓာတ် | | ၂ | | | | ॥ | | | |
| ကာယဝိညာဏဓာတ် | | ၂ | | | | | ॥ | | |
| ပဉ္စဒွါရာဝဇ္ဇန်း,သမ္ပဋိစ္ဆိုန်းဒွေ- မနောဓာတ် | | ၃ | | | | | | ॥ | |
| မနောဝိညာဏဓာတ် | ဒေါသမူ၂၊သန္တီရဏ၃၊ ဟသိတုပ္ပါဒ်၁ မဟာဝိပါက်၈၊ရူပ၁၅၊သော-မဂ် | ၃၀ | | | | | | ॥ | |
| မနောဝိညာဏဓာတ် | လောဘမူ၈၊ မောဟမူ၂၊မနောဒွါရာ ဝဇ္ဇန်း၁၊မဟာကု၈၊မဟာကြိ၈၊ အရူပ ကု၄၊အရူကြိ၄၊သော-မဂ်ကြဉ် လောကု ၇ | ၄၂ | | | | | | ॥ | ရံခါမှီ |
| မနောဝိညာဏဓာတ် | အရူပဝိပါက် | ၄ | | | | | | | × |

ဆောင်။။ ✔ အမှီမရှိ၊ အရူ–ဝိ၊ ဖြစ်ဘိ အရူသာ။

✔ လေးဆယ့်သုံးမှာ၊ အမြဲသာ၊ ရံခါ လေးနှစ်၊ မမှီလစ်၊ လေးဆစ်အရူပါ။

http://www.dhammadownload.com



| | | |
|---|---|---|
| ၁။ | ဝတ္ထုရုပ်၌ အမြဲမှီသော စိတ်ပေါင်း | ၄၃-ပါး |
| ၂။ | ဝတ္ထုရုပ်၌ ရံခါမှီ-ရံခါမမှီသောစိတ်ပေါင်း | ၄၂-ပါး |
| ၃။ | ဝတ္ထုရုပ်မှ အမြဲလွတ်သောစိတ်ပေါင်း | ၄-ပါး |
| | ပေါင်း | ၈၉-ပါး |

ခာတ် ၃-မျိုးအထူး

**မနောဓာတ်** = သာမန်သိရုံမျှ သိကာမတ္တဖြစ်သောဓာတ်

**ပဉ္စဝိညာဏဓာတ်** = မနောဓာတ်ထက် ထူးကဲစွာ သိတတ်သောဓာတ်။

**မနောဝိညာဏဓာတ်** = မနောဓာတ်, ပဉ္စဝိညာဏဓာတ်တို့ထက် ပိုမိုထူးကဲစွာ သိတတ်သောဓာတ်။

========================

ပကိဏ်းပိုင်းပြီး၏။

http://www.dhammadownload.com

# ဘဒ္ဒန္တသုစိတ္တာဘိဝံသ
# ၏
# အောက်ပါကျမ်းစာအုပ်များ ထွက်ရှိနေပါပြီ။

(၁) ပါရာဇိကဏ်ဝါကျဥယျာဉ် (ပထမတွဲ)

(၂) ပါရာဇိကဏ်ဝါကျဥယျာဉ် (ဒုတိယတွဲ)

(၃) သီလက္ခန်ဝါကျဥယျာဉ် (ပထမတွဲ)

(၄) သီလက္ခန်ဝါကျဥယျာဉ် (ဒုတိယတွဲ)

(၅) အဋ္ဌသာလိနီဝါကျဥယျာဉ် (ပထမတွဲ)

(၆) အဋ္ဌသာလိနီဝါကျဥယျာဉ် (ဒုတိယတွဲ)

(၇) ဝိဂ္ဂဟနှင့် ညသ်ကောက်လမ်းညွှန်

(၈) ဝိဂ္ဂဟနှင့် ညသ်ကောက်ဥယျာဉ်

(၉) အတ္ထယောဇနာနယူပဒေသ

(၁၀) ဝစနာဒိဆက္ကဥယျာဉ်

**စာအုပ်ရရှိနိုင်သောနေရာများ**

၁။ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်။

၂။ မန္တလေးပိဋကစာအုပ်ဆိုင်များ။

၃။ ရွှေတိဂုံစောင်းတန်းရှိ ပိဋကစာအုပ်ဆိုင်များ၊ ရန်ကုန်။